# ဒံယေလထံသို့ ရောက်ရှိသော ဂါဗြေလ၏ ခေါက်လိပ်ထားသည့် ဦးတည်ချက်ခြောက်ချက်

ဂျက်ဖာဆွန်ဘေးလီး၊ အင်ဒီယားနား၊ အမေရိကန်။

၆၁ - ၀၇၃၀ အီး

1 ၁... ဒီမနက်ခင်း ကျွန်ုပ်တို့၏ဆယ်ကျော်သက်များ ရှိနေကြတဲ့အတွက် အံ့သြမိသည်၊ အဲဒီလိုလေးတွေ ...သင်တို့သိပါတယ်၊ 'ဖီဖီလေ' နည်းနည်းလေးတော့ သင်တို့သိပါတယ်၊ ဆယ့်ခြောက်နှစ်လေးတွေလေး... သူတို့တွေ အသင်းတော်သို့ရောက်ရှိ လာကြပါပြီ၊ အဲဒီအကြောင်း ... အဲဒီအသက်အရွယ်ရှိတဲ့ မိန်းမငယ်လေးတွေဟာ သူတို့လုပချင်ကြပါသည်။ သင်သိပါတယ်၊ သူတို့ဟာ... သင်တို့သိပါတယ်၊ သူတို့ရဲ့ခေါင်းပေါ်ကဆံပင်တွေကို ကောက်ကွေ့အောင် လုပ်ထားကြပါသည်။ ကျွန်တော် ဟောပြောခဲ့သလိုပဲ ကျွန်တော် သူတို့ကို သတိထားမိခဲ့ပါသည်။ ညှိုးနွမ်းအားငယ်မှုတွေ ကျရောက်လာပါတော့သည်။ အား ငယ်လာတယ်၊ အဲဒီခဏပိုင်းအတောအတွင်းမှာပဲ သူတို့ရဲ့မျက်နှာမှာ နောက်ကြောင်းပြန်တိုက်ခိုက်မှုတွေ ဖြစ်လာပြန်ပါ သည်။ အကွေ့အကောက်အားလုံး ရောက်လာပြန်ပါသည် ...

2 ၂။ စစ်စတာဒေါင်းနင်း၏သမီးငယ်လေးကို ကျွန်တော် သတိထားမိခဲ့ပါသည်၊ နည်းနည်းလေး ... ဘရာသာကော်လင်း၏ သေးသေးလေးလေ ... သူမနာမည်ကဘာလဲ။ ဘက်တီလေးလေ၊ ကျွန်တော်လေ ကျွန်တော်ဘာသာကျွန်တော် ပြန်ရယ်သ လိုမျိုးဖြစ်ခဲ့ရပါသည်။ ကျွန်တော်အားလုံးကိုလုပသည်ဟုမြင်ရစဉ်အခါ .. သင်သိပါတယ်၊ အားလုံးကွက်တိပါပဲ၊ ပြီးတော့ တိုက်ရိုက် အဲဒီလို ... ကောင်းပြီ၊ သင်တို့နှလုံးသားများကို ကောင်းချီးပေးပါစေ၊ ချစ်သူတို့၊ ဘယ်လိုပဲဖြစ်ဖြစ် သင်တို့၏ လုပ မှုသည် ကျွန်ုပ်ထံသို့ ရောက်လာပါသည်။ အမှန်ပါပဲ၊ လုပမှုဆိုသည် လုပအောင်ဝိညာဉ်တခုရောက်ရှိလာပါသည်။ အစည်းအ ဝေးပွဲ၌ ထိုင်၍ ဇဝ်ဂေလိတရားကို နားဆင်မှုပြုကြပါသည်။ ထိုသို့သောအရာသည် လုပသောမိန်းခလေးတယောက်ကို ဖြစ်ပေါ်စေပါသည်။ ကျွန်တော်စဉ်းစားမိတာကတော့ မည်သို့သောယောကျ်ားစစ်မဆို မပြောင်းမလဲတူညီစွာ ထိုက်တန်သော ဆောင်နှင်း ခြင်းအကြောင်း စဉ်းစားမည်ဆိုသောအရာပင်ဖြစ်သည်။ (တယောက်ယောက်က 'အာမင်'ဟုပြောပါသည်။)ကျေးဇူးပါ၊ ဆရာ -တယောက်ယောက် ကျွန်တော်ကို သဘောတူညီမှုပြုပါသည်။ မှန်ပါသည်။ တကယ်ပါပဲ။ အဲဒါစစ်မှန် သောအရာဖြစ်သည်ကို ကျွန်တော်ယုံကြည်ပါသည်။

3 ၃။ ယခု အဲဒါက အစိမ်းသက်သက်ဖြစ်မနေဘူးမဟုတ်လား။ ကျွန်တော် ဒံယေလအခန်းကြီး၉ တည့်တည့်ကို လှန်ပါ မည်။ ကျွန်တော် သမ္မာကျမ်းစာကိုဖွင့်ပါမည်။ ယခု များသောအားဖြင့် ကျွန်တော်က အယောက်စီတိုင်းကို ပြောခဲ့ပါသည်။ သူတို့၏ကုတ်အင်္ကျီကို မချွတ်စေပါဘူး။ ထိုသို့သောအရာက သူတို့ရဲ့ရှပ်အင်္ကျီအတွင်းမှ အပေါက်တခုကို ပေါ်လာစေသော ကြောင့်ဖြစ်သည်။ ဒါကြောင့် ကျွန်ုပ်တို့မှာ အဲဒီလိုမဖြစ်စေဖို့ မျှော်လင့်မိပါသည်။ သို့သော် ကျွန်တော် ကြုံဆုံခဲ့စဉ် အချိန်က တော့ အဲဒီလိုနေရာမျိုး၌ ကျွန်တော် မချွတ်နိုင်ခဲ့ပါဘူး၊ ရှပ်အင်္ကျီမှာအပေါက်တပေါက် ရှိနေသောကြောင့်ဖြစ်သည်။ အသေအ ချာ လုံလောက်သောအရာဖြစ်ပါသည်။ ကျွန်တော် ယူဆထားသည်မှာ ဒီအရာကတော့ မရှိလောက်ဘူးဆိုသောအရာပင် ဖြစ် သည်။ ယခု အို ကျွန်တော်အတွက် ပရိတ်သတ်များဖြစ်မည်ဟု ကျွန်တော်ယုံကြည်ပါသည်။ ဒီမနက်ခင်း သန့်ရှင်းသော ဝိညာဉ်တော် တည်ရှိတော်မူခြင်းအတွက် ကျွန်တော်တို့ ဝမ်းမြောက်ဂုဏ်ယူမိပါသည်။ မိတ်သဟာယပြုခြင်းနှင့် တယောက် နှင့်တယောက် ရှိနေပေးကြသည့်အတွက် ကျွန်တော်တို့ဝမ်းမြောက်ဂုဏ်ယူမိပါသည်။ မည်မျှလောက်ချိုမြိန်ပါသနည်း။ မည် မျှလောက်ကောင်းမွန်ပါသနည်း။ တလုံးတဝတည်း ကျွန်ုပ်တို့ညီအစ်ကိုများ စုရုံးအခြေချသော ဘယ်လောက်သာယာကြည် နူးဖွယ်ကောင်းလိုက်ပါသနည်း။ အာရုံ၏ မုတ်ဆိတ် အနားဆုံးဒေါက်လျှောက် တန်ဘိုးကြီးသော ဘိသိတ်ဆီ ကျဆင်းသ ကဲ့သို့ ဖြစ်သည်။

4 ၄။ စားသောက်စရာအဖို့ ကျွန်တော် ဘလူးဘိုးသို့ ကျွန်တော် သွားခဲ့ပြီးပါပြီ အဲဒီထဲသို့ရောက်ဖို့ ကျွန်တော်ကို လုပ်ပေး ကြပါသည်။ သို့သော် ဆရာဘာဘေးက ဒီမှာရှိနေပါသည်။ စစ်စတာဒက်ရှ်ကတော့ ကျွန်တော်မြင်ခဲ့ရသမျှ အကောင်းဆုံး တွေ့ရသည့် အချို့ကြက်ကြော်မဟုတ်သောအရာများကို အဲဒီမှာ ထိုင်စားနေခြင်းဖြစ်သည်။ အံ့သြစရာကောင်းတဲ့အချိန်ဖြစ် ခဲ့ပါသည်။ အဲဒီကထွက်လာတော့ အမှန်တကယ် ချွေးထွက်လာပါတော့သည်။ သင်သိပါတယ်။ အပေါ်ထပ်သို့တက်၍ အဲဒီ က အသင်းတော်၏ ကြီးမားသည့်အပိုင်းတခုမှာ ဆုံတွေ့မှုပြုပါသည်။ ကျွန်တော်၏ညစာအတွက် သူတို့အမြဲ ပေးချေလိုပါ သည်။ ယခု အဲဒါကတကယ့်ကောင်းမွန်သောအရာဖြစ်ပါသည်။ အဲဒီအတွက် ကျွန်တော် ဝမ်းမြောက်ဂုဏ်ယူမိပါသည်။

ကျွန်တော်အိမ်ရောက်တဲ့အခါ ဘီလီက ဒီကို ခရမ်းချဉ်သီးတလုံးနှင့်ရောက်ချလာပါသည်။ အေးချမ်းကောင်းမွန်သော ဂျော်ဂျီဟားနားပြည်မှာ မိတ်ဆွေတဦးက ကျွန်တော်ထံ ဖြစ်သည့်နည်းနှင့်ပို့ဆောင်ပေးလိုက်ခြင်းဖြစ်သည်။ အဲဒီနေရာက တ ကယ်ကိုပဲအေးချမ်းတဲ့ပြည်နယ်လေးဖြစ်ပါသည်။ သူတို့က ကျွန်တော်ကိုပြောခဲ့ခြင်းဖြစ်သည်။ ဤအချိန်နာရီအကြောင်းကို ဖြစ်သည်။

5 ၅။ အပြင်မှာ မိတ်ဆွေအချို့နှင့် ကျွန်တော်တွေ့ခဲ့ပါသည်။ ဒီနေ့လည်ခင်း ကျွန်တော်တွေ့ဆုံမေးမြန်းခန်းအတွက် ကျွန်တော်လာရောက်ခြင်းဖြစ်ပါသည်။ အသင်းတော်သို့ လာရောက်မှုပြုပါသည်။ တနာရီနှင့်နာရီဝက်ကြာပါသည်။ အဲဒီလို လေးနှင့် ... ငယ်ရွယ်သူမိတ်ဆွေတယောက်ကအပြင်ဘက်မှာရှိနေခဲ့ပါသည်။သူကပြောပါသည်.. ကျွန်တော်ကပြောပါ သည်။ 'ပူတယ်နော်' ဟူ၍ဖြစ်သည်။

သူကလည်း 'ပူတယ်'ဟုဆိုပါသည်။ သူက ဂျော်ဂျီယားနားမှဖြစ်ကြောင်း ကျွန်တော်သိခဲ့ရပါတယ်။ ဒါကြောင့် သူက 'ဂျော် ဂျီယားနားမှာ အပူချိန်လျော့တယ်။' ဟု ပြောပါသည်။

ကောင်းပြီ၊ ကျွန်တော်တို့ ပူသထက်ပူတဲ့နေရာက လွတ်မြောက်ဖို့ကြိုးစားပါမည်။ သင်တို့အဲဒီလိုမလုပ်ဘူးလား။ အဲဒီလို ဒီနေ ရာမှာ ကျွန်တော်တို့ ရှိနေကြတဲ့အတွက် ဖြစ်ပါသည်။

6 ၆။ သင်တို့ကို အလွန်ကျေးဇူးတင်ပါသည်၊ မိတ်ဆွေတို့၊ သင်တို့အားလုံးအတွက်ကောင်းမြတ်ခြင်းရှိပါသည်။ သင်တို့မ ရှိဘဲ ကျွန်တော်

ဘာလုပ်ဆောင်နိုင်ပါမည်နည်း။ သင်တို့မရှိဘဲ ကျွန်တော် ဘာလုပ်ဆောင်နိုင်ပါမည်နည်း။ ဘယ်သူမျှ ကျွန်တော်ကို မေတ္တာမရှိဘူးဆိုရင် ဘယ်သူမှ ကျွန်တော့်သတင်းစကားကို နားမထောင်ဘူးဆိုလျှင် ကျွန်တော်ရဲ့သတင်းစ ကားအားလုံးလိုလိုဟာဆိုရင်လည်း ကောင်းလာစရာအကြောင်းမရှိပါဘူး။ တယ်လီဖုန်းတိုင်တွေနဲ့သစ်ပင်တွေကို ကျွန်တော် တို့ဟောပြောမှုမပြုနိုင်ပါ။ သူတို့က နားလည်နိုင်ကြမည်မဟုတ်ပါ။ ဒါကြောင့် သတင်းစကားကို ကြားနာဖို့ရန် ရောက်လာကြ သော သင်တို့အားဖြင့်သာဖြစ်နိုင်ပါသည်။ ဒီလိုမျိုး ပူလောင်တဲ့နေရာကို သင်တို့ရောက်လာကြပြီး နားထောင်မှုပြုတဲ့အခါ အဲဒါဟာဆိုရင် ...ဒီမနက် အနောက်ဘက်မှာ ကျွန်တော်ဇနီးပြောခဲ့သလိုလောင်ကျွမ်းစေသလိုမျိုးဖြစ်ပါသည်။ လူတွေကို မြင်ဖို့လို့ တခါတရံ မမာမကျန်းဖြစ်နေသူများ အဲဒီလိုမျိုး သူတို့အစည်းအဝေးမှာ ထိုင်နေကြပါသည် ...

ဘုရားသခင်က သင့်အား အလှအပတခုကို ပေးထားပါတယ်၊ ဘုန်းတော်၌တည်သောချစ်စရာအိမ်ငယ်လေးသည် ကျွန်ုပ်၏ ဆုတောင်းဝတ်ပြုသူများဖြစ်ပါသည်။ ကျွန်တော်မျှော်လင့်ပါသည်၊ ကိုယ်တော်ထိုသို့ အမှုပြုမည်ဟု ကျွန်တော်ယုံကြည်ပါ သည်။

7 ၇။ ယခု၊ ကြည့်ကြရအောင်။ ကျွန်တော်ကုတ်အင်္ကျီလား။ ဒီကနေ တယောက်ယောက် ယူသွားပါသည်။ ဒီနေ့ည အနည်း ငယ်သောအရာတခုကို ကျွန်တော် ဖတ်ကြားသွားစရာရှိနေပါသည်။ ဤပထမဆုံးအပိုင်းက မည်မျှလောက် ဝမ်းမြောက်စရာ ကောင်းလိုက်ပါသနည်း ...အို၊ အကယ်၍ သိပ်မပူဘူးဆိုရင် ကျွန်တော်တို့ အမှန်ဘက်သွားလို့ရပါသည်။ တပတ်လုံးတောက် လျှောက် အမှန်သွားလို့ရပါသည်။ ဗျာဒိတ်ကျမ်းနှင့်အတူဖြစ်သည်။ ကျွန်တော်အဲဒါကို ချစ်မြတ်နိုးပါသည်။ ကျွန်တော် အဲဒီမှာ အသက်ရှင်ပါသည်။ ဒီအပတ် ကျွန်တော်အတွက် သင်ဆုတောင်းပေးသလိုမျိုးဖြစ်သည်။ ဘာဖြစ်လို့လဲဆိုရင် နောက်တပတ် တနင်္ဂနွေနေ့ကတော့ ဘုရားသခင် အလိုတော်အတိုင်းပဲ ဖြစ်သောကြောင့်ပေတည်း။ ကျွန်တော်မှာ တွေ့ဆုံဖို့ရှိပါသည်.. ရက်သတ္တပတ်ထိုအရာအားလုံး အတူတကွ နေရာယူထားပြီးပါပြီ။ တစုံတခုသောအရာမှာ အဲဒီအကြောင်း ဘာတခုမှ မသိရှိ ခြင်းဖြစ်ပါသည်။ ဒါကြောင့် ကျွန်တော်တို့ ဘုရားသခင်ကို ဆက်လက် ယုံကြည်သွားမယ်ဆိုရင် ဘုရားသခင်က ကျွန်တော် တို့ကို အဖြေပေးမည်ဆိုသောအရာပင်ဖြစ်သည်။

မတူညီသော များစွာသော လူပုဂ္ဂိုလ်တို့၏ဟောပြောချက်ကို ကျွန်တော်ဖတ်ခဲ့ဖူးပါသည်။ သူတို့ရေးသားခဲ့ကြပါသည်။ ဒီနေရာ က ဒေါက်တာစကိုးဖီး၏ မှတ်ချက်ကို ကျွန်တော်ဖတ်ခဲ့ပါသည်။ ကြီးမြတ်သောပညာရှင်ကြီးဖြစ်ပါသည်။ သူ၏များစွာသော မှတ်စုများကို ကျွန်တော် အသေအချာ သဘောမတူနိုင်ပါ၊ အဘယ်ကြောင့်ဆိုသော် ဘယ်နေရာလဲဆိုတာ ကျွန်တော်မတွေ့ ရလို့ပဲဖြစ်ပါတယ်....အဲဒါကရုပ်ပုံကားချပ်ကိုအမှန်တကယ်ဖြစ်လာစေရန်ဆောင်ကျဉ်းမှုပြုသောကြောင့်ဖြစ်သည်။

8 ၈။ ယခု ကျွန်တော်တို့ အရုပ်ဆက်ပဟေဠိကစားနည်းကို အတူတကွ ယူထားကြမယ်ဆိုရင် ပထမဆုံးသင်စဉ်းစားမိတဲ့ ရာက ‘အို၊ ဤအရာက ဒီလိုသွားရမှာဖြစ်တယ်။’ လို့ပြောပါမည်။

‘မဟုတ်ဘူး၊ အမှန်တကယ် ကျွန်တော်လည်း ဒီကို ဒီလိုသွားပါမည်။’

ကောင်းပြီ၊ ဒီနေ့ကနေကျော်ပြီး သင်ဘယ်အခြမ်းက သင်လုပ်ဆောင်ရမည့်အရာကို မြင်အောင်ကြည့်တတ်ဖို့လိုပါသည်။ အဲ ဒီနောက် သင်မလုပ်တော့ဘူးဆိုရင် သင့်အာရုံအားလုံးကို ရောနှောမှုပြုပါတော့မည်။

ယခု၊ သင့်မှာ ခမ်းနားတဲ့ရုပ်ပုံကားချပ်တခုရှိမယ်ဆိုရင် လှပသောမြို့အနားသတ်နေရာ၌ သစ်ပင်ထိပ်ဖျားက မြက်နုများကို နွားများကကောက်ယူနေပါမည်လား။ ယခု အဲဒါမမှန်ဘူးလား။ အဲဒါဆို ဘယ်လိုလဲ။ အဘယ်ကြောင့်ဆိုသော် သင်ဟာ သစ် ပင်ထိပ်ဖျားမှာမြက်ကို ဘယ်လိုမှကောက်ယူဖို့ မဖြစ်နိုင်သောကြောင့်ဖြစ်သည်။ အဲဒါကြောင့်က အဲဒါဟာ လမ်းကြောင်းပဲဖြစ် ပါတယ်။

အကယ်၍ သန့်ရှင်းသောဝိညာဉ်တော်က သမ္မာကျမ်းစာထဲမှ အတူတကွ နေရာမယူထားဘူးဆိုရင် ...အဲဒီနောက် တခုလုံး ကို သင်ရလာပါတော့မည်၊ ပြန်လည်ရွေးနုတ်ခြင်း၏ ခမ်းနားသောရုပ်ပုံကားချပ်ကြီးပင်တည်း။ အဲဒါက ကျွန်တော်လိုချင်သော အရာဖြစ်ပါသည်။ သမ္မာတရားဖြစ်ပါသည်။ သမ္မာတရားကို ကျွန်တော်တို့ သိသည့်တိုင် ကျွန်ုပ်တို့ ထိုအရာကို တသီးတခြား ထားရှိခဲ့ကြပါသည်။ ပြီးတော့ ဘုရားသခင် ကျွန်ုပ်တို့အား သမ္မာတရားကို ပေးသနားတော်မူပါသည်။ ကောင်းပြီ အဲဒီနောက် မှာ၊ အဲဒီအကြောင်း ကျွန်တော် ပြောပါတော့မည်။

9 ၉။ သင်သိပါသည်၊ ဘရာသာရိုးစလက်တာဟု ကျွန်တော်ယူဆပါသည်။ ဟိုးတချိန် ဟိုအရပ် တချိန်ဆီကဤနေရာ၌ အစပြုခဲ့သည့် အချို့သောအချိန်နာရီဟောင်းများပင်ဖြစ်သည်... အဲဒီအတွက်ဖြစ်ပါသည်၊ ကျွန်တော်ယူဆပါသည်၊ ဤဗိမာန် တော်အရပ်၌ ကျွန်တော်၏သာသနာပြုလုပ်ငန်းကို ပထမသုံးနှစ်၊ လေးနှစ်က အမှန်တကယ်အစပြုခဲ့ရပါမည်။ ငရဲဆိုသော ခေါင်းစဉ်ကို ကျွန်တော် ဟောပြောနိုင်ခဲ့ခြင်းမရှိပါ။ အဘယ်ကြောင့်ဆိုသော် မည်သို့သော လောင်ကျွမ်းရာနေရာအရပ်ကိုမှ ကျွန်တော်ဆောင်ကျဉ်းနိုင်ခြင်း မရှိခဲ့သောကြောင့်ဖြစ်သည်။ မည်သို့သော သင်္ချိုင်းဒေသကိုမှ ကျွန်တော် လုပ်ဆောင်နိုင်ခြင်း မရှိသောကြောင့်ဖြစ်သည်။.... နှုတ်ကပတ်တော်သည် အချိန်တိုင်း သင်္ချိုင်းအကြောင်းကို မိန့်ဆိုလျက်ရှိသည်။ ကျွန်တော်က တော့ ဘာသာပြန်ဆိုပေးစရာရှိလာပါတော့သည်။ ပြောပါမည်၊ တမလွန်အကြောင်းကိုဖြစ်သည်။ တမလွန်ဟူသည့် သင်္ချိုင်းပင်ဖြစ်သည်။ အချိန်တိုင်း ငရဲအကြောင်း - တမလွန်အကြောင်း သင်္ချိုင်းအကြောင်းကို မိန့်တော်မူလျက် ရှိသည်.. ကျွန်တော် အမှန်တကယ်တွေ့ရှိလာသောအရာကို ပြောကြားခဲ့သည့်တိုင် ထိုအရာကို ကျွန်တော် သီးခြားချန်ထားခဲ့မိပါ သည်။ ထို့နောက် ငရဲအကြောင်းကို ကျွန်တော်ဟောပြောမှုပြုပါသည်။ ဒါကြောင့်လည်း ကျွန်တော်ဟာရုပ်ပုံလွှာတခုလုံးကို အမှန်တကယ် တွေ့ရှိလာရပါတော့သည်။ အဲဒါဘယ်နေရာမှာရှိလဲဆိုတာ တွေ့လာရပါသည်။ အဘယ်ကြောင့်ဆိုသော်... စုရုံးလာသူအပေါင်းတို့အား အကြီးအကဲတယောက် ကြားပြောသောအရာတခုသည်၊ ဘုရားသခင်အား သူအစေခံနေခြင်းဖြစ် သည်ဟု ကျွန်တော်ခံစားရသောကြောင့်ဖြစ်ပါသည်၊ အဘယ်ကြောင့်ဆိုသော် သူတို့သည် ထိုအရာကို အမှန်တကယ် ဆက်

လက်ဆုပ်ကိုင်ထားလို့ပဲဖြစ်ပါသည်။ ဒါကြောင့် အဲဒီနောက်မှာ မှားယွင်းသောနေရာ၌ သူတို့ကို ကျွန်တော်ဆက်လက် ဖမ်းဆုပ်ထားမည်ဆိုပါက အဲဒီနောက်မှာ အဲဒီနေရာကနေ ရပ်တည်မှုမပြုနိုင်ဆိုသောအရာက စွဲကိုင်မှုပြုသော အချိန်နာရီ ပေါ်ထွက်လာမည်ဆိုသောကိစ္စကို သိမြင်ရပါမည်။ လွန်ခဲ့သောအချိန်အချို့က ဘုရားသခင်သည် ကျွန်တော်အား ရူပါရုံအချို့ ဖော်ပြခဲ့ပါသည်။ အဲဒီအချိန်က သန်းနဲ့ချီ၍ရှိပါသည် .. တခုခုက ကျွန်တော်ကို ပြောလိုက်တဲ့အခါ ‘သင်၏ဧဝံဂေလိတရား ဟောပြောခြင်းဖြင့် ပထမဦးဆုံး သင်ဝေဖန်ဆန်းစစ်မှုပြုရမည်။’ ဟု ပြောပါသည်။ ကျွန်တော်က ‘ပေါလုလုပ်သလို တူညီ သောအကြောင်းကို ကျွန်တော် ဟောပြောမှုပြုခဲ့ပါသည်။ သူတို့၏ခိုနားစရာ ဖြစ်ပါသည်။’ ဟု ပြောခဲ့ပါသည်။

သန်းချီသောအသံများက အော်ဟစ်မြည်တမ်းနေပါသည်။ ‘ထိုအရာပေါ်၌ ကျွန်ုပ်တို့ခိုလှုံကြပါ၏။’ အဲဒါကဘာလဲဆိုတာက သိမြင်ရပါမည်၊ မှန်ပါသည်။

10 ၁၀။ ဒါကြောင့် ယခု ဒီနေ့ည ကျွန်တော် ဆက်သွားလိုပါသည်၊ ဒါကြောင့် ကျွန်တော်တို့ ကြာတော့မည်မဟုတ်ပါ၊ အခု မမေ့ကြပါနှင့် ... ဒီမနက် (ဒီနေရာမှာ ကျွန်တော် သတိထားစရာလေးတွေရလာပါသည်၊) ဒီမနက် ဒံယေလ၏ချုပ်နှောင်ခြင်းခံ ရပုံအကြောင်း ကျွန်တော်ပြောသွားပါမည်။ ဂါဗြေလ သူ့ထံသို့ရောက်ရှိလာပါသည်။ အနာဂတ်အတွက် သူတို့ညွှန်ကြားသွား ပါသည်။ အဲဒါဟာ ဒီမနက် ကျွန်တော်တို့ပိုင်ဆိုင်သောအရာပင်ဖြစ်ပါသည်။ အနာဂတ်အတွက် ညွှန်ကြားခြင်းခံရသောအရာ ဖြစ်ပါသည်။

ယခု၊ ဒီနေ့ည ကျွန်တော်တို့ ‘ဒံယေလထံ ရောက်ရှိသော ဂါဗြေလ၏ ခေါက်လိပ်ထားသော ဦးတည်ချက်ခြောက်ချက်’ဆို သောခေါင်းစဉ်ဖြင့် ဟောပြောမှုပြုသွားပါမည်။ နောက်တပတ်တနင်္ဂနွေကတော့ ဘုရားသခင်အလိုတော်အတိုင်းပင်ဖြစ်သည်။ သူတို့ပါဝင်ခဲ့ရသော နေရာသည် ရက်သတ္တသီတင်းခုနှစ်ဆယ်ဆိုသော အချိန်နာရီ၏ပါဝင်ကိန်းတခု၌ဖြစ်သည်။ ကျွန်ုပ်တို့ မည်သို့သောနေရာ၌ ရပ်တည်နေခြင်းဖြစ်ပါလဲ၊ ယခု၊ ကျွန်ုပ်တို့သာ ထိုအရာကို ရှာဖွေတွေ့ရှိနိုင်မည် ဆိုပါက၊ ထိုအရာသည် သေချာအောင် ဆောင်ကျဉ်းပေးပါမည်၊ အပြုသဘောဆောင်ပါသည်။ ထို့နောက် ကျွန်ုပ်တို့ရှင်သန်ရာ အချိန်နာရီကို ကျွန်ုပ် တို့ဆီလာရပါမည်။

ယခု၊ ကိုယ်ေ့ ဘယ်အချိန်ကြွလာတော်မူမည်ကို ကျွန်ုပ်တို့မသိကြပါ။ အဲဒီကိစ္စကို ဘယ်သူမှ သိကြမှာမဟုတ်ပါ။ ယေရှု ခရစ်တော် ကိုယ်တော်တိုင် မသိရှိပါ။ ကိုယ်တော်လုပ်ဆောင်ခဲ့ခြင်းမရှိဟု ကိုယ်တော် မိန့်တော်မူခဲ့ပါသည်။ ကိုယ်တော်က ခမည်းတော်တပါးသာ ထိုအရာကိုသိတော်မူ၏ဟု မိန့်တော်မူခဲ့ပါသည်။ ကောင်းကင်တမန်သည်ပင်လျှင် မသိရှိပါ။ ကိုယ်တော် ကြွလာတော်မူမည်ကို ကျွန်ုပ်တို့မည်သူမျှမသိရှိကြပါ။ သို့သော် ထိုအချိန်နာရီကို ကျွန်ုပ်တို့ခေါ်ဆိုမှုပြုနိုင် ပါသည်... အဲဒီအချိန်ကို ကျွန်ုပ်တို့အသက်ရှင်ရာ အချိန်နာရီဟု ခေါ်ဆိုမှုပြုနိုင်ပါသည်၊ ကျွန်ုပ်နှင့် မည်မျှနီးကပ်နေပြီဆိုသော အရာကို သိရှိရပါမည်။

11 ၁၁။ ယခု၊ အနည်းငယ် ကျော်သွားပါမည်၊ ဘာဖြစ်လို့လဲဆိုရင် ဤတိတ်ခွေကို ကောင်လေးတွေ ယူသွားလို့ဖြစ်ပါတယ်.... အခန်းထဲမှာစက်ကတော့ နောက်ပြန်ပြေးနေပါတော့သည်။ တိတ်ခွေတွေဟာ၊ မှန်ပါတယ်၊ ဘယ်နေရာကိုပဲဖြစ်ဖြစ် သူတို့ ပို့လိုက်ကြပါသည်။

ယခု၊ ဒီမနက်ခင်း သင်ခန်းစာကတော့ အခန်းကြီး ၁၄ နှင့် ၁၅ကို ကျွန်တော်တို့နောက်ပြန်ကြည့်ကြပြီးနောက်၊ ကျွန်ုပ်တို့ ယူလိုက်ကြပါသည်... ဒံယေလအခန်းကြီးကိုး(၉)နှင့် စတင်ကြပါမည်၊ ဒီနေ့ည အခန်းကြီး ၉ ကို ကျွန်ုပ်တို့ ဆက်သွားကြပါ မည်။ အဲဒီကို ကျွန်တော်တို့မချဉ်းကပ်မီ ခဏအတောအတွင်း ကျွန်ုပ်တို့ဦးခေါင်းကို ရစ်ပတ်ကြပါမည်။ နှုတ်ကပတ်တော်ကို ရေးသားသူအား စကားပြောဆိုမှုပြုကြပါမည်။

12 ၁၂။ ကျွန်ုပ်တို့ ကျေးဇူးတော်ရှင် ဘုရားသခင်၊ ကျွန်ုပ်တို့နှလုံးသားများမှ အလွန်စွဲလမ်းခြင်းရှိသောအရာများကို ကိုယ်တော်သိကြောင်း ကျွန်ုပ်တို့အသေအချာသိပါသည်။ ဒီနေရာမှာ ကျွန်ုပ်တို့ဘာကြောင့်ရှိနေလဲဆိုတာ ကိုယ်တော်သိပါ တယ်။ ဒီနေ့ည ကျွန်ုပ်တို့ ဘယ်လိုမှလာလို့အရကြောင်းကိုယ်တော်သိပါတယ်၊ အဘယ်ကြောင့်ဆိုသော် နေ့လည်ခင်းအ တွက် အနည်းငယ်အပန်းဖြေစရာ နေရာကောင်းတခုကို ယူထားရန် ကျွန်တော်တို့ စဉ်းစားမိသောကြောင့် ဖြစ်သည်။ ဖဘုရားသခင်၊ ထိုဦးတည်ရည်ရွယ်ချက်အတွက် ဒီပုဂ္ဂိုလ်တွေကို ကျွန်တော်ယုံကြည်မှုမရှိပါ။ ကျွန်တော်ယုံကြည်တာက တော့ ကျွန်တော်တို့ဒီမှာရှိတယ်ဆိုသောအရာပဲဖြစ်ပါတယ်၊ ဘာဖြစ်လို့လဲဆိုရင် ကျွန်ုပ်တို့ဟာ ဖြောင့်မတ်ခြင်း၊ ရိုးသားခြင်း တွေ သေဆုံးနေလို့ပဲဖြစ်ပါတယ်။ ‘ဒါကြောင့် ကိုယ်တော်ဘုရားမိန့်တော်မူမည့်အရာ’ ကို သိလိုကြပါသည်။ ကျွန်ုပ်တို့ကိုယ် တော်ကို ချစ်ပါသည်၊ ဘုရားသခင် ကိုယ်တော်၏နှုတ်ကပတ်တော်ကို ကျွန်ုပ်တို့ချစ်ပါသည်။ အကယ်၍....ဒီနေရာကိုကျွန်ုပ်တို့အတွက်ကိုယ်တော်အထောက်အပံ့ပြုမည်ဆိုပါက၊ ကျွန်ုပ်တို့ခေါင်းပေါ်သို့ အမိုးတခုလွှမ်းခြုံမှုပြုတော်မူပါ၊ ဒီကွန်က ရစ်အုတ်တုံးများဖြင့်ဖြစ်သည်။ နေရာထိုင်ခင်းအတွက် ကိုယ်တော်ကို ကျွန်တော်တို့ကျေးဇူးတင်ပါသည်။ ကောင်းကင်နောက် ကွယ်၌ နေစရာအိမ်ရှိကြောင်း ကျွန်ုပ်တို့ယုံကြည်ကြပါ၏။ ထိုလမ်းကို ကျွန်ုပ်တို့ဦးတိုက်ထားပါသည်။ ကျွန်ုပ်တို့၏ဘိုးဘေး များ ဤသို့သောအခွင့်အရေးမရရှိခဲ့သည်ကို ကျွန်ုပ်တို့စဉ်းစားမိပါသည်။ ထိုသို့သောအရာသည် ရှက်ကြောက်ဖွယ်ရာဖြစ်ခြင်း အရာ၌ ကျွန်ုပ်တို့၏နှလုံးသားများကို စည်းနှောင်မှုပြုခြင်းဖြစ်ပါသည်။ ဘုရာသခင် စွဲချက်အမျိုးမျိုးတင်သည့်တိုင်ဖြစ်သည်။

ယခု၊ ခမည်းတော်ဘုရားသခင် ဒီနေ့ည နှုတ်ကပတ်တော်ကို ကိုယ်တော်ဖွင့်လှစ်ပြသတော်မူမည့် ကျွန်ုပ်တို့ဆုတောင်းပဌနာ ပြုအပ်ပါသည်။ ယနေ့ည ကျွန်ုပ်တို့တဦးတယောက်၏ဘေးတဖက်တချက်စီတွင် လှမ်းလျှောက်မှုပြုမည့် ဤလမ်းကြောင်း တစ်လျှောက် ဆင်းကြွတော်မူပါ။ ဂျေရုရှလင်မြို့မှ ဧမောက်မြို့သို့ သွားရောက်စေတော်မူကာ၊ ကိုယ်တော်အမှုပြုတော်မူ သောအရာကို ကျွန်ုပ်တို့အား မိန့်တော်မူပါ။ ထိုသို့သောအရာသည် ယနေ့ည ဝတ်ပြုကိုးကွယ်မှုကို ပြီးစီးကုန်လွန်စေမည့် အရာပင်ဖြစ်သည်။ ကျွန်ုပ်တို့၏ခြားနားသောနေအိမ်အသီးသီးဆီသို့ သွားရောက်ကောင်းသွားရောက်နိုင်ပါသည်။ ‘ကိုယ်တော်မိန့်တော်မူသော နှုတ်ကပတ်တော်ကို ကျွန်ုပ်တို့ကြားနာရသကဲ့သို့၊ ကျွန်ုပ်တို့အချင်းချင်းကြားရှိ နှလုံးသားများ သည်လည်း

လောင်ကျွမ်းခြင်းမရှိဘဲနေပါမည်လော။’ ဟု ပြောဆိုမှုပြုပါမည်။

ဖတ်ကြားသွားသောနှုတ်ကပတ်တော်ပေါ်တွင် ဘုရားသခင် ကောင်းချီးပေးပါစေ။ ကျွန်ုပ်တို့၏ချို့တဲ့သောအားစိုက်ထုတ်မှုကို ကောင်းချီးပေးတော်မူပါ။ ဘုရားသခင်။ မှန်ကန်သောသမ္မာတရားအတွက် ကျွန်ုပ်ပါးစပ်ကို ဖွင့်တော်မူ၍ လွဲမှားသောအရာ အတွက် ကျွန်ုပ်နှုတ်ခမ်းကို ပိတ်တော်မူပါ။ ကိုယ်တော်ကိုယ်တိုင် ဘုန်းထင်ရှားပြတော်မူပါ။ ကိုယ်တော်၏လူမျိုးများပေါ်၌ ဘုန်းထင်ရှားခြင်းရှိတော်မူပါ။ ကျွန်ုပ်တို့ရှင်သန်ရာ အချိန်နာရီကို သူတို့သိလာကောင်းသိလာနိုင်ပါသည်။ အနီးအပါးသို့ ယေရှုဘုရား ဆင်းကြွတော်မူပါ။ ကျွန်ုပ်တို့ကိုယ်တော်၏နာမတော်၌ ယေရှုခရစ်တော်၏ နာမတော်မြတ်၌ ဆုတောင်းပြဋ္ဌာန္ဒာ ပြုပါ၏။ အာမင်။

13 ၁၃။ ယခု၊ ခဏအတောအတွင်း တဖန် ကျွန်ုပ်တို့သည် နှုတ်ကပတ်တော်နှင့် လွှမ်းခြုံမှုပြုကြမည် ဖြစ်သည်။ ခြောက်ဆယ့် ရှစ်နှစ်တာကာလ ဒံယေလ ချုပ်နှောင်ခံရသောအကြောင်း တွေးတောပါ။ ယခု၊ သင်တို့နှင့်အတူ စာရွက်ကိုထားရှိပါ၊ ခဲတံကို ထားရှိပါ။ ဒီမနက်ခင်း အဲဒါတွေကို ရနိုင်ခဲ့ခြင်းမရှိပါ၊ ဒီနေ့ည အဲဒါတွေကို ကောက်ထည့်လာကောင်း ကောက်ထည့်လာရနိုင် ပါသည်။ အေဒီ ၆၀၆ မှ ၅၃၈ အထိ ဖြစ်သည် -

၆၀၆ မှ ၅၃၈ အထိယူပါမည်၊ ဒံယေလသည် ခြောက်ဆယ့်ရှစ်နှစ်တာကာလ ချုပ်နှောင်ခံရခြင်းကိုသင်သိရပါမည်၊ အသင်းတော်သို့ သွားစရာဖို့အကြောင်းမရှိခဲ့ပါ။ သွန်သင်ချက်ကို ကြားနာဖို့ရန်အတွက်ဆိုသောအရာ မရှိခဲ့ပါ။ ဘယ်အရာမျှမ ရှိသေးပါ။ သို့သော် သူ့မှာ ကျမ်းဂန်တချို့ရှိနေပါသည်။ လိပ်ထားသောပေပရပိုက်တွေ ရှိနေခဲ့ပါသည်။ ထိုအရာများသည် သူ့ ကိုပရောဖက်တယောက်မဖြစ်ခင် ပရောဖက်ပြုထားသောအရာများဖြစ်ပါသည်။ ယေရမိနှင့်အတူဖြစ်သည်။

14 ၁၄။ ယခု၊ နှုတ်ကပတ်တော်ကို လေ့လာနေစဉ်အတွင်း အချိန်များ ရွေ့လျားပြေးလွှားနေသည်ကို သူမြင်တွေ့ခဲ့ရပါသည်။ အနှစ် ခုနှစ်ဆယ်ကြားအချိန်ကာလများပင်တည်း ...ပရောဖက်ယေရမိ ပြောကြားခဲ့သောစကားလုံးတိုင်းကို ဒံယေလသည် လေးနက်တည်ကြည်စွာ ယုံကြည်သက်ဝင်ခဲ့ပါသည်။ ဒီအရာကို ကျွန်တော်ပြောပါမည်။ ဒီနေ့ည ကျွန်တော်ရဲ့သင်တန်းအ တွက်ဖြစ်သည်။ ကျွန်ုပ်တို့၏ပရောဖက်များကို ကျွန်ုပ်တို့ယုံကြည်သင့်ပါသလား။ ဟုတ်ကဲ့၊ဆရာ။ ဘုရားသခင်၏ နှုတ်ကပတ် တော်သည် ပရောဖက်ထံသို့ သက်ရောက်ခြင်းရှိပါသည်။ သူတို့မှာ ‘ကိုယ်တော်ရှင်မိန့်တော်မူသောအရာ’ ရှိပါသည်။ စစ်မှန် သောပရောဖက်သည် အခြားပရောဖက်များပြောသောစကားကဲ့သို့ ဘယ်တော့မှ ဟောပြောခြင်းမရှိပါ။ ထို့နောက် ထိုသို့ သောအရာကို သူတို့ရရှိပြီးနောက် ဘာတွေဖြစ်လာမည်ဆိုတာ သူတို့ကြိုတင်ဟောပြောမှုပြုပါသည် ...ဤသို့သောအရာကို ကြောက်ရွံ့သောသူတို့နှလုံးသားများဖြင့် သိရှိလာခဲ့ကြခြင်းဖြစ်သည်။ သူတို့ပြောသင့်သော မှားယွင်းသည့် တစုံတခုသော ကိစ္စအတွက် စိုးရိမ်ပူပန်တတ်ကြပါသည်။ တစ်တယောက်၏မှားယွင်းသောအရာကို ဦးစီးဦးရွက်ပြုကာ ဆောင်ရွက်ပေးသင့် ပါသည်။ ကျွန်ုပ်တို့ ထိုသို့သောကိစ္စများကို ဘယ်တော့မှလိုချင်လိမ့်မည်မဟုတ်ပါ။ ‘ကိုယ်တော်မိန့်တော်မူသောအရာ’ကို ကျွန်ုပ်တို့မပြောခင်အချိန်ထိ ဘုရားသခင်၏နှုတ်ကပတ်တော်ကို အပြည့်အဝ အသေအချာ ကျွန်ုပ်တို့ ရရှိထားလိုကြပါမည်။ ထိုအရာသည် လုံးဝဥဿုံရှိရမည့်အရာဖြစ်သည်၊ ဘုရားသခင်၏အာဏာစက်ဖြင့် တိုက်ရိုက်ပေးပို့သော သတင်းစကားဖြစ် သည်။ သို့တည်းမဟုတ် ထိုသို့သောအရာကို ကျွန်ုပ်တို့ဘယ်သောအခါမှ မပြောသင့်ပါ။

15 ၁၅။ ယခု၊ နှုတ်ကပတ်တော်ကို လေ့လာနေစဉ်အတွင်း နှစ်(၇၀)ဆိုသောအချိန်ကာလများ ပြေးလွှားနေသည်ကို သူမြင်တွေ့ခဲ့ရပါသည်။ ဘုရားသခင်သည် သူ၏လူမျိုးတို့ကို ဇာတိမွေးမြေ၌ တဖန်ပြန်၍ အခြေမချသေးခင်အချိန်ထိ အနာဂတ် ကာလ နှစ်(၇၀)မပြည့်မှီ(၂)နှစ် ကျန်သော (၆၅)နှစ်တာကာလ၌နေထိုင်စေခဲ့ပါသည်။ထိုအရာက ကျွန်ုပ်တို့ ပဋ္ဌာနာပြုသူ များ ထိုအရာကို ရှာဖွေတွေ့ရှိပြုစဉ်အခါ အင်အားကြီးမားသောကောင်းကင်တမန်သည် ကောင်းကင်မှ ဆင်းသက်လာပါ သည်။ ဘယ်သူမှ သူ့နာမကို ခေါ်ဆိုမှုမပြုနိုင်ဘူးလား။ ဂါဗြေလဖြစ်ပါသည်။ သူက ဂျူးအသင်းတော်ထံသို့ သတင်းစကား ပေးပို့သောကောင်းကင်တမန်ဖြစ်ပါသည်။ သူက မာရိဆီသွားပါသည်။ ဇာခရိဆီသွားပါသည်။ သတင်းစကားပို့ဆောင်သူမှာ အစဉ်အမြဲ ဂါဗြေလပင်ဖြစ်ပါသည်။ သူဟာ ကောင်းကင်ဘုံက ကြီးမြတ်သော ကောင်းကင်တမန်တပါးဖြစ်ပါသည်။

16 ၁၆။ ဘုရားသခင်ထံမှ အံ့သြဖွယ်နှုတ်ခွန်းဆက်စကားကို ကျွန်ုပ်တို့၏ညီအစ်ကိုဒံယေလထံသို့ သူယူဆောင်မလာပေးခဲ့ ဘူးလား။ ‘အို၊ ဒံယေလရေ၊ ကြီးမားစွာ ချစ်ခင်မြတ်နိုးလှပါသည်။’ ထိုသို့သောအရာသည် ဘုရားသခင် သင့်ကိုချစ်ကြောင်း ကောင်းမွန်သောစဉ်းစားခြင်းကို သင့်အားဖြစ်ပေါ်စေပါမည်လော။ ကြီးကြီးကျယ်ကျယ် ကျွန်တော် ချစ်မြတ်နိုးခြင်းမရှိခဲ့ပါက၊ အဲဒီနေရာကနေ အနည်းငယ်သော မေတ္တာတရားကိုသာ ကျွန်တော်သိရှိခဲ့ခြင်းဖြစ်ပေမည်။ သင်တို့အဲဒီလိုမဖြစ်ဘူးလား။ သေချာပါသည်၊ ဟိုးအရင်တချိန်တခါက ထိုသို့သောအရာကို ကိုယ်တော် သင့်အပေါ်၌စဉ်းစားခဲ့ဖူးခြင်းဖြစ်ပါမည်။ ထိုသို့ သောအရာသည် ကျွန်ုပ်အား ကိုယ်တော် ဂရုပြုတော်မူသည့်တိုင်အောင် အော်ဟစ်မြည်တမ်းမှုကို ဖြစ်ပေါ်စေပါသည်။ ကိုယ်တော်ကျွန်ုပ်တို့၌ ဂရုဏာထားတော်မူမည်ဟူသော အာမခံချက် ကျွန်ုပ်တို့၌ရှိပါသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ် တို့သည် အပြစ်သားများဖြစ်နေကြသေးသည့်အတွက်ဖြစ်ပါသည်။ ခရစ်တော်က ကျွန်ုပ်တို့အစား အသေခံခဲ့ပါတယ်၊ ညီအစ် ကိုတို့။ ယခု၊ ထိုအရာမှာ (ဘုရားသခင်နှင့်ခြားနားစေခဲ့ခြင်း) ယခုတွင်မူ ဘုရားသခင်နှင့်မဝေးကွာသော ဆက်စပ်မှုကိုဖြစ်ပေါ် စေခဲ့ပါသည်။ ထိုအရာသည် ကျွန်ုပ်တို့အား ပေးသနားတော်မူသော ကယ်တင်ခြင်းအတွက် စရန်ငွေဖြစ်ပါသည်။ ထိုအရာ သည် သန့်ရှင်းသောဝိညာဉ်တော်ဖြစ်ပါသည်။ ထိုသို့သောယုံကြည်ခြင်းနှင့်အတူ လောကအရပ်၏အထက်အရပ်ကအရာများ ဆီသို့ ကျွန်ုပ်တို့ကို ပင့်တင်ချီဆောင်သွားပါမည်။ ထိပ်ဆုံးအပေါ်သို့ကျော်လွန်ကာ ကျွန်ုပ်တို့သည် စီးနင်းမှုကိုပြုကြပါမည်။ ထိုအရာသည် ဘုန်းထင်ရှားခြင်းပေတည်း။ အဲဒီလိုမဟုတ်ဘူးလား။ ဟုတ်ပါတယ်။

17 ၁၇။ ပဋ္ဌာနာပြုစဉ်၊ ဂါဗြေလရောက်လာကာ သူ့အားပြောကြားသောအရာမှာ သူတို့မွေးရပ်မြေသို့ တဖန်ပြန်၍အခြေမချ နိုင်ခင်အချိန်ထိ (၂)နှစ်ပိုနေသေးသည်ဆိုခြင်းနှင့် ထိုနိုင်ငံ၏လုံးဝဥဿုံ ဆုံးခန်းတိုင်မည့် ခရီးလမ်းဆုံးမှတ်တိုင်အကြောင်း ပြောပြခဲ့ခြင်းဖြစ်သည်။ အဲဒီအကြောင်း ဆင်ခြင်ပါ။ လုံးဝအဆုံးသတ်ရမည့် ခရီးလမ်းဆုံးမှတ်တိုင်ဖြစ်သည်။ လောက၏ခရီး လမ်းကြောင်းတိုင်းလိုလိုကို ဂါဗြေလက

ဒံယေလအား ရှင်းပြခဲ့ပါသည်။ ဤခမ်းနားသောအရာကို ဒံယေလအား ပြောကြားမှု ပြုရန် သူသည်ပို့ဆောင်ခြင်းကိုခံရပါသည်။ ထိုပရောဖက်၌ ရှိသင့်ရှိထိုက်သော ခံယူချက်သဘောထားမှာ မည်သို့ဖြစ်ပါ သနည်း။ လူတို့အပေါ်၌ ဆုံးခန်းတိုင်စေမည့်၊ အဆုံးအဖြတ်ပြုရာ ရက်သတ္တပတ် သီတင်း(၇၀)အကြောင်းကိုသူကြားပြောခဲ့ ပါသည်။ ထိုအရာသည် အဆုံးသတ်အချိန်ကာလဖြစ်သည်။ အားလုံးကျော်လွန်သွားသည့်တိုင်ဖြစ်သည်။ ဆုံးခန်းတိုင်ခြင်း ဖြစ်သည်။ သူက ‘ရက်သတ္တပတ်သီတင်းခုနှစ်ဆယ်’ ဟု ဆိုပါသည်။

သူတို့ကို လအချို့၊ ရက်အချို့ကို ခွင့်ပြုပေးထားပါသည်။ အချို့… ထိုအရာသည်အမှန်တကယ် ရက်သတ္တပတ်(အပတ်များ) ဖြစ်မည်ဆိုပါက၊ လေးပုံပုံနှစ်ပုံနှစ်ကာလခန့်သာရှိပါမည်… ဒါမှမဟုတ် လေးပုံပုံသော နှစ်ကာလဖြစ်ပါမည်။ တွေ့မြင်ရသည် မှာ သင်သည် … ထိုအနေရာမှာ ကျွန်ုပ်တို့ ရှာဖွေစရာအကြောင်းရှိပါသည်။ စစ်မှန်သောအရာဖြစ်ပါသည်။

18 ၁၈။ ‘ရက်သတ္တပတ် သီတင်းခုနှစ်ဆယ်သည် ကိုယ်တော်၏လူများကို အဆုံးအဖြတ်ပြုတော်မူပါမည်’ မည်သို့သော ရည်ရွယ်ချက်ဖြင့်လဲ။ ဘာအတွက်ကြောင့်နည်း။ မည်သို့သောလူများအပေါ်၌ အဆုံးအဖြတ်ပေးခြင်းအတွက် ဘာဖြစ်ခဲ့ပါသနည်း။ ဒံယေလအပေါ်တွင်သာမကပါ၊ ဒံယေလ၏ သန့်ရှင်းသောမြို့တော်အပေါ်တွင်ပါ ဖြစ်ပျက်ခဲ့ကြောင်း သိမြင်ရပါမည် - ဒံယေလ၏သန့်ရှင်းသောမြို့တော်ပါ ပါဝင်ပါသည်။ ယခု၊ သင်ခန်းစာမှာ၊ သန့်ရှင်းသောဒံယေလ၏မြို့တော်ဆိုသည်များအ ဘယ်နည်း။ (စုရုံးကာသူပေါင်းက ‘ဂျေရုရှလင်’ ဟု ပြန်ဆိုကြပါ၏။) ဂျေရုရှလင်ပါ။ ယခု ကျွန်ုပ်တို့ ယူဆောင်ကြပါမည်။ ဒီနေ့ ည ရကောင်းရနိုင်ပါသည်။ ဂျေရုရှလင်က ဘယ်အရပ်မှာရှိပါသလဲ။ ဘယ်သူက ဂျေရုရှလင်ကို ရှာဖွေတွေ့ရှိခဲ့ပါ သနည်း။ ထိုအရာအကြောင်း အစဉ်အမြဲ သင်စဉ်းစားခဲ့ဖူးပါသလား။ ဂျေရုရှလင်ကို ရှာဖွေတွေ့ရှိခဲ့ပါသနည်း။ ထိုအရာအ ကြောင်း အစဉ်တွေ့ရှိခဲ့ခြင်းဖြစ်ပါသလဲ။ အဲဒီအကြောင်း သိရှိဖို့ရာ အဲဒီနောက် ကျွန်ုပ်တို့ဆက်သွားကြပါမည်။ နည်းနည်း ငယ်ငယ်အရာလေးတခုဖြစ်တယ်၊ ဒါပေမယ့် အဲဒီက အဲဒီအကြောင်း အသေအချာပြောပါသည်။ ဟုတ်ကဲ့၊ ဆရာ။ ဘယ်သူက ဂျေရုရှလင်ကို ရှာဖွေတွေ့ရှိခဲ့ပါသနည်း။ ဘယ်အချိန်မှာတွေ့ရှိခဲ့ပါသနည်း။ မှန်ပါတယ်။ အဲဒါက ဒံယေလ၏ သန့်ရှင်းသော မြို့တော်ဖြစ်ပါသည်။

19 ၁၉။ ထိုမြို့အကြောင်းနားလည်အောင် ကျွန်ုပ်တို့လုပ်ဆောင်ပါမည်။ ယခု ထိုအရာသည် နှစ်ပေါင်း(၂၀၀၀)အတွက်ကျိန်ခြင်းခံရသောမြို့တော် ဖြစ်ခဲ့ရပါပြီ၊ ပြန်လည်တည်ထောင်မှုပြုပါမည်။ တဖန်ပြန်လည်ထူထောင်မှုပြုပါမည်၊ ကနဦးအစပြုခဲ့သ လို ဝတ်ပြုဘုရားကျောင်းအဖြစ်စိုက်ထူမှုပြုပါလိမ့်မည် မှန်ပါသည်။ ဂျေရုရှလင် ဖြစ်လာပါမည်။ ယခု …ထိုအရာသည် ပူဇော် ရာ နေ့စဉ်ပူဇော်သက္ကာအဖြစ် တချိန်ကအစပြုခဲ့သလို တဖန် ကမ်းလှမ်းခြင်းကိုခံရပါလိမ့်မည်။ ထိုသို့သောအရာ အများစုထံ သို့ ကျွန်ုပ်တို့သွားလာနေခြင်းဖြစ်ပါသည်။ ကျွန်တော်ယူဆတာကတော့၊ ဒီနေ့ည၊ အဲဒါအများကြီး ရမယ်ဆိုတာပဲဖြစ်ပါသည်။

20 ၂၀။ ယခု ကျွန်တော် သင့်ကိုသိစေချင်ပါသည်။ မိတ်ဆွေတို့ ဤအရာများပေါ်တွင် တိုက်ခိုက်ဆန့်ကျင်သောအရာရှိနေ ပါသည်။ ကျွန်တော် သင်တန်းပေးဖို့ရာ ရက်သတ္တပတ်အချိန်ကြား အမှန်တကယ်ထွက်ခွာခဲ့ဖူးပါသည်။ သို့သော် ဖုံးကွယ်ထား သလို ဖြစ်ပါသည်၊ ဒါကြောင့် ရာသီဥတုမှာ အေးချမ်းသောရာသီဖြစ်ပါသည်။ အနည်းငယ်ကြာပြီးနောက်၊ ကျွန်ုပ်တို့ တံဆိပ် ခုနှစ်ချက်ဆီသို့ ဝင်ရောက်မှုပြုစဉ်အခါ အမျက်တော်ဖလားခုနှစ်လုံး တံပိုးခုနှစ်လုံးနှင့် အလုံးစုံသောအရာများထံသို့ ကျွန်ုပ်တို့ လေ့လာမှုပြုစဉ်အခါ ကျွန်တော်နောက်ပြန် ရည်ညွှန်းမှုပြုနိုင်ပြီးဖြစ်သည်။ ‘ဒံယေလ သီတင်းခုနှစ်ဆယ်အကြောင်း သင်သတိ ရပါသလား’ ဟု မေးပါသည်။ အသင်းတော်ခေတ်ကာလအကြောင်း သင်အမှတ်ရပါသလား။ ကျွန်တော်တို့ ထိုအကြောင်း သွားခဲ့စဉ်က ဘာတွေဖြစ်ပျက်ခဲ့ပါသနည်း။ နောက်ပြီး အသင်းတော်ထံသို့ နောက်ပြန်လှည့်မလာသည့်တိုင်အောင် အသင်း တော်၏သွားရာလမ်းကြောင်းမှ ဤဒံယေလသီတင်းခုနှစ်ဆယ်ကို ဖုံးအုပ်ထားပါသည်။ ထိုကွက်လပ်နေရာ၌ အဘယ်သို့ သောအရာကို ဖုံးအုပ်ထားသလဲဆိုခြင်းပင်ဖြစ်သည်။ ယခုကတော့၊ ဒံယေလ သီတင်းခုနှစ်ဆယ်အကြောင်း အားလုံးတော့ မဟုတ်ပါ။ တစိတ်တဒေသပဲဖြစ်ပါသည်။

21 ၂၁။ ‘သီတင်းခုနှစ်ဆယ်(အပတ်၇၀)ဟုသတ်မှတ်ပါသည်။’ ယခု အဲဒီမှာ သူလည်ပတ်စဉ် ခေါက်လိပ်ထားသောရည်ရွယ် ချက်ခြောက်ချက်ရှိနေပါသည်။ မည်သို့သောအရာတွေ ဖြစ်ပျက်သွားမည်ကို သူ့အား ပြောကြားပါသည်။ ယခု သူ့ထံသို့ ရောက်ရှိသောအရာမှာ ခေါက်လိပ်ထားသောရည်ရွယ်ချက်ခြောက်ချက်ဖြစ်ပါသည်။ ယခု ဒီနေ့ညမှာ ဒီမနက်ခင်းကလို ဤသမ္မာကျမ်းစာထဲကအကြောင်းအရာတွေကို ကျွန်တော် ချန်လပ်ထားခဲ့ရမည်ဟုထင်ပါသည်။ အဲဒီနေရာမှာ ခေါက်လိပ် ထားသော ဦးတည်ချက်ခြောက်ချက်ရှိနေပါသည်။ ယခု ဒီနေ့ညမှာ ဒီမနက်ခင်းကလို ဤသမ္မာကျမ်းစာထဲကအကြောင်းအ ရာတွေကို ကျွန်တော် ချန်လပ်ထားခဲ့ရမည်ဟုထင်ပါသည်။ အဲဒီနေရာမှာ ခေါက်လိပ်ထားသောဦးတည်ချက်ခြောက်ခုရှိနေ ပါသည်။ ဒီနေရာမှာ ကျွန်ုပ်တို့ရှိပါသည်။ ယခု ကျွန်တော်တို့ ခေါက်လိပ်ထားသော ရည်ရွယ်ချက်ခြောက်ချက်ကို ရှာဖွေမှုပြု ပါမည်။ အဲဒီထဲက တခုကတော့.. ယခု၊ ယခု အခန်းကြီးလေးသို့သွားကြပါစို့ … အခန်းငယ်လေးပဲဖြစ်ပါသည်။…. ဒံယေလ အခန်းကြီးကိုး၏ အခန်းငယ်နှစ်ဆယ့်လေးဖြစ်ပါသည်။

လူတို့အပေါ်၌ သီတင်းခုနှစ်ဆယ်ကို သတ်မှတ်မှုပြုခဲ့ပါသည်…

ယခု အမှတ်ရရမည်မှာ၊ ဣသရေလတို့၏အလုံးစုံသော ခရီးမှတ်တမ်းသည် ဤကမ္ဘာပေါ်၌ဖြစ်ပျက်လာမည်ဆိုသောအကြောင်း ဖြစ်သည်။ သူတို့သည် သတ်မှတ်ခြင်းကိုခံခဲ့ရပါသည်။ ရက်သတ္တပတ်သီတင်းခုနှစ်ဆယ်ကို ပြဋ္ဌာန်းသတ်မှတ်ခဲ့ပါသည်။ အဲဒီ အရာအားလုံးကို ဂျူးတို့အားခွဲဝေသတ်မှတ်ပေးခဲ့ပါသည်။ ‘…. လူမျိုးတို့အပေါ်မှာဖြစ်တယ်၊ ကိုယ်တော်၏သန့်ရှင်းရာ မြို့တော်အပေါ်မှာဖြစ်သည်။’ ထို့ကြောင့် ဤသီတင်းခုနှစ်ဆယ်သည် (ယခုပျောက်ဆုံးနေသောအရာ) ဂျူးတို့၏နောက်ဆုံးအ ချိန်နာရီ၌ ဖွင့်ဆိုပြခြင်းကိုခံရမည့်အရာပင်ဖြစ်သည်။ ဂျေရုရှလင်၏အဆုံးသတ်လည်းဖြစ်ပါသည်။ အသစ်သောမြို့တော်ကို မတည်ဆောက်သေးခင်အချိန်ထိဖြစ်သည်။ ယခု … အိုဒီနေ့ည ကျွန်ုပ်တို့စစ်မှန်ကောင်းမွန် နက်ရှိုင်းမှုဆီသို့ ကျွန်ုပ်တို့ရောက် ရှိမည်ဟု မျှော်လင့်မိပါသည်။ ‘… ကိုယ်တော်၏လူမျိုးတော်နှင့်သန့်ရှင်းသောမြို့တော်အပေါ်၌ သတ်မှတ်ခြင်းဖြစ်သည်။’ ဘယ်အရာကိုလဲ။ ထုံးတမ်းအစဉ်လာများကို

ပြီးစီးလွန်မြောက်သွားစေရန်အတွက်ဖြစ်သည်။

22 ၂၂။ ယခု သူတို့ကို သူဘာပြောခဲ့ပါသနည်း။ ထိုသို့သောအရာ မည်မျှလောက် အချိန်ကာလရှည်ကြာခဲ့သည်ကို သူကြိုး စားရှာဖွေကြပါမည်။ ‘ကျွန်ုပ်တို့နောက်ဆုံးနေ့ရက်ကာလ၌ အသက်ရှင်နေရကြောင်းကို သိရှိကြပါသည် (ယခု ကျွန်တော်တို့ လိုလူမျိုးပါပဲ) ဘုရားသခင်။’ ဒီနေ့ည ဒီသင်တန်း၌ နောက်ဆုံးသောနေ့ရက်ကာလ၌ အသက်ရှင်နေကြကြောင်းကို ယုံကြည် သူမည်မျှလောက်ရှိပါသလဲ။ ‘အာမင်’ ဟုပြောပါ။ ကျေးဇူးတင်ပါတယ်။ကျွန်ုပ်တို့အဆုံးသတ်မှာရောက်နေကြခြင်းဖြစ်ပါ သည်။ ယခု ထိုအရာသည် မည်မျှလောက် ကြာရှည်စွာ ဘုရားသခင်အားဖြင့် ဖြစ်ပွားခဲ့သည်ဆိုသောအရာကို ကျွန်တော်တို့ ကြိုးစားရှာဖွေမှုပြုကြပါမည်။ ကျွန်ုပ်တို့ မည်သို့သောနေ့ရက်ကာလ၌ အသက်ရှင်နေကြပါသနည်း။ ဘာဖြစ်လို့အနောက်ဘက် သို့ ကျွန်တော်တို့ပြန်သွားကြပါသလဲ၊ ဤပရောဖက်တွေက ကောက်နုတ်ထားကြပါသည်။ ဆက်လက်၍ ကျွန်ုပ်တို့ရှိရာအရပ် ၌ ကြိုးစားရှာဖွေကြပါမည်။

23 ၂၃။ ဒံယေလအခန်းကြီး ၉ ကို ဒီနေ့မည်မျှလောက် ဖတ်ခဲ့ပါသနည်း။ သင်တို့၏လက်ကိုမြှောက်လိုက်ပါ။ ဟုတ်ပါပြီ။ ဤ ပဋ္ဌာနာပြုသူတွေကို သင်မြင်ရပါမည်။ သူ၏လူများကို မည်သို့အပြစ်ဝန်ချတောင်းပန်စေပါသနည်း။ သူကိုယ်တိုင်က မည်သို့ အပြစ်ဝန်ချတောင်းပန်မှုပြုပါသနည်း။ သူတို့အနောက်ဘက်ကို ထွက်ခွာစဉ်အခါ သူတွေ့ရှိခဲ့တဲ့အရာကို သူအသေအချာ လို ချင်နေပါသည်။ ဘာဖြစ်လို့လဲဆိုရင် သူဟာ လူမျိုးတို့ကို အိမ်ပြန်ခေါ်သွားဖို့ရာ အဆင်သင့်ဖြစ်နေလို့ပဲဖြစ်ပါတယ်။ ယခု ကျွန်တော် ကြိုးစားလုပ်ဆောင်ပါမည်။ ကျွန်ုပ်တို့သွားစဉ်အခါ ရှာဖွေကြပါမည်။ လူမျိုးတို့ကို ထွက်ခွာစေဖို့ အစဉ်သင့်ဖြစ်နေ ပါသည် ...မင်္ဂလာဆောင်ပွဲပြီးနောက်ဖြစ်သည်။ ကျွန်ုပ်သည်ပဋ္ဌာနာပြုသူတို့နှင့်တောက်လျှောက် ဘုရားသခင်အားမျက်နှာ မူကြပါမည်။ရှာဖွေမှုပြုရန်အသနားခံကြပါမည်။ ‘ဘုရားသခင်သည် ကျွန်ုပ်တို့ ရှင်သန်ရာ အချိန်ကာလဖြစ်ပါသလား။’

24 ၂၄။ မတူညီသောအကြောင်းအားလုံး ဖြစ်ပျက်နေသည်ကို ကျွန်ုပ်တို့တွေ့မြင်နေရပါသည်။ ကမ႓ာကြီးကို ကစဥ့်ကလျား ဖြစ်နေသော ရှုပ်ထွေးမှုအပေါင်း၌ ကျရောက်နေကြောင်းကို တွေ့မြင်နေရပါသည်။ ကျွန်ုပ်တို့လက်၌အချိန်နာရီကို တွေ့နေရ ပါသည်။ နံရံပေါ်တွင် ရေးသားထားသောလက်ရေးများကို တွေ့နေရပါသည်။ အရာအားလုံးကို ဘုရားသခင် မိန့်တော်မူခဲ့ပါ သည် .. အခြားသောစစ်ပွဲတခုအကြောင်း ကျွန်ုပ်တို့၏သမ္မတက ပြောကြားနေခြင်းကို နားစွင့်နေကြပါသည်။ အမှန်တကယ် ရောက်လာပါသည်။ ကျွန်ုပ်တို့သည် ကြိုတင်ခွဲခန့်မှတ်သားထားသောအရာများအကြား ကြားနာနေရခြင်းပေတည်း။ အို၊ စစ်လွန်ကာလအချို့ကို ကြိုတင်ခွဲခန့်မှတ်သားထားသောအရာများအကြား ကြားနာနေရခြင်းပေတည်း။ အို၊ စစ်လွန်ကာလအ ချို့ကို ကြိုတင်ဟောကိန်းထုတ်ခဲ့ကြပါသည်။ နိုင်ငံတွေကတော့ ဘာမှဖြစ်မလာကြပေမယ့်၊ မီးတောင်ကတော့ လှုပ်ခါနေပါ သည်။ အဲဒါကိုရရှိမည်ဟု ကျွန်တော်သိပါတယ်။ ထို့ကြောင့် အဲဒီကိစ္စဖြစ်ပျက်သွားပြီးနောက် ကျွန်တော်သိရှိခဲ့ပါသည်။ အသင်းတော်သို့ သွားစရာရှိလာပါသည်။ ထို့ကြောင့်၊ ‘ကိုယ်တော် ကျွန်ုပ်တို့မည်သို့သောအရပ်၌ ရှိနေခြင်းဖြစ်ပါသနည်း။’ ထိုအရာ၏အကြောင်းပြချက်အနေဖြင့် ကိုယ်တော်ကျွန်ုပ်တို့အား သိတော်မူသည်ဆိုသောကိစ္စကို ကျွန်တော်ယုံကြည်ခြင်း ဖြစ်ပါသည်။ ရှာဖွေမှုပြုရန် ကျွန်ုပ်တို့မျက်နှာမူထားကြပါသည်။ ယခု ပထမဦးဆုံး ရှာဖွေကြပါမည်။

ကိုယ်တော်၏လူမျိုးအပေါ်သို့ ရက်သတ္တပတ်သီတင်းခုနစ်ပတ်ကို သတ်မှတ်ထားပါသည် .....

သန့်ရှင်းသောမြို့တော်အား ပြဋ္ဌာန်းထားပါသည်။ ထုံးတမ်းစဉ်လာများကို ပြီးဆုံးသွားစေရန်ဖြစ်သည်။ အပြစ်ကိုအဆုံးသတ် စေပါသည်။ ဆိုးညစ်သောအကျင့်ဖောက်ပြန်မှုအတွက် ပြန်လည်စေ့စပ်ပေးပါသည်။ ....မဆုံးနိုင်သောဖြောင့်မတ်ခြင်းကို ဆောင်ကျဉ်းပေးပါသည် ... ရူပါရုံနှင့်ပရောဖက်ပြုခြင်းကို တံဆိပ်ခတ်နှိပ်မှုပြုပါသည်။ သန့်ရှင်းခြင်းအများစုကို ဘိသိတ်သွန်း လောင်းမှုပြုပါသည်။ ထိုအရာသည် ရှင်ဂါဗြေလ ပို့ဆောင်ပေးပို့သော ခေါက်လိပ်ထားသည့် ဦးတည်ချက်ခြောက်ချက်ပဲဖြစ်ပါ သည်။ ယခု တယောက်စီ နံပါတ်စမှတ်ကြပါစို့။ အဲဒီအကြောင်း သင်မှတ်သားထားလိုပါက သင်ခဲတံယူထားပါ၊ နံပါတ်တစ်က တော့ ထုံးတမ်းစဉ်လာများကို ပြီးမြောက်သွားစေရန် ဖြစ်ပါသည်။ အဲဒါကတော့ ပထမဆုံးအရာဖြစ်ပါသည်။

25 ၂၅။ ယခု ဣသရေတို့၏ထုံးတမ်းစဉ်လာများကို ပြီးမြောက်စေရန်ဖြစ်ပါသည်။ ထုံးတမ်းစဉ်လာတို့ကိုချိုးဖောက်ခြင်းသည် ဘုရားသခင်ကို ဆန့်ကျင်ခြင်းပင်ဖြစ်သည်။ ယာကုပ်၏ဘုရားစိတ်တရားစိတ်ကင်းမဲ့မှုလမ်းသို့ လှည့်သွားခြင်းဖြစ်ပါသည်။ ယခု ဤအရာကို ရှာဖွေရပေမည်။ ရောမဩဝါဒစာသို့ လှည့်ကြပါမည်။ ရောမဩဝါဒစာအခန်းကြီးတစ်ဖြစ်ပါသည်။ ရောမဩ ဝါဒစာအခန်းကြီး၁၁၊ အခန်းငယ် ၂၁ကစပါမည်။ ယခု ကျွန်ုပ်တို့ဘာလုပ်နေကြပါသနည်း။ ထုံးတမ်းစဉ်လာများကို ချိုးဖောက် ခဲ့ပြီးပါပြီ။ ရောမဩဝါဒစာ ၁၁း၂၁ ဖြစ်ပါသည်။ မှန်ပါတယ် ဘုရားသခင်သည် သဘာဝမကျသော အကိုင်းအခက်များကို သက်ညှာထောက်ထားမှုမရှိခြင်းမဟုတ်ပါ။ ယခု ကျွန်တော် သင်တို့အလိုရှိသောအရာမှာ သင်အိမ်ပြန်သွားလျှင် အခန်းကြီး တစ်ဆယ့်တစ်တခုလုံးကို ဖတ်ရှုဖို့ရန်ပဲဖြစ်ပါသည်။ ဒီနေရာကို ကျွန်တော်ဖတ်ပါမည်။ အခန်းဆယ့်တစ်တခုလုံးကိုချမှတ်ထား ပါ။ ဖတ်ပါ။... သင်တို့ကိုမသက်ညှာခြင်း မဟုတ်ပါ။ ထိုသို့ဖြစ်၍ ကောင်းမြတ်ခြင်းအပေါင်းကို ရှုစားကြရပါမည် ...ဘုရားသခင်၏ပြင်းထန်မှုဖြစ်သည်သူတို့အပေါ်၌ကျရောက်သောအရာဖြစ်သည် ... သို့သော် သင်တို့ဆီသို့ သက်ရောက်ပါ သည်။ ကောင်းမြတ်ခြင်းကို သင်ဆက်လက်လုပ်ဆောင်မည်ဆိုပါက ကောင်းမြတ်လာပါသည်၊ တနည်းအားဖြင့် သင်သည်... ဖြတ်တောက်လိုက်သင့်ပါသည် (အဲလိုပဲ.... ဖြတ်ချလိုက်ပါ။)

သူတို့ဆိုရင်လည်း သူတို့စောင့်ထိန်းသောအရာမှာ မယုံကြည်ခြင်း၌ တည်ရှိမနေခြင်းဖြစ်သည်။ အဲဒီမှာမရိုးဖြောင့်ခြင်း ရှိလာ ပါမည်။ တဖန် ဘုရားသခင်သည် သူတို့အား ကိုင်းဆက်၍ပွားများစေနိုင်ပါသည်။ (သိမြင်ပါသလား။ တပါးအမျိုးသားတို့ကို အဆက်ဖြတ်၍ ဣသရေလတို့ကို တဖန်ပြန်လာစေသောအချိန်တခုက စကားပြောသွားပါလိမ့်မည်။) သဘာဝအလျောက် အရိုင်းဖြစ်နေသော သံလွင်ပင်ကို သင်ဖြတ်တောက်လိုက်ပါမည်။ (တပါးအမျိုးသား) သဘာဝကို ဖီလာဆန့်ကျင်ရန် ကိုင်းကူး ကိုင်းဆက်လုပ်ကြပါသည် ...

ကျွန်တော်တို့ဟာ သဘာဝကို ဆန့်ကျင်မှုပြုကြပါမည်၊ လူမျိုးခြားဖြစ်ပါသည်၊ ဂရုဏာတရားမပါပါ၊ ဘုရားမပါပါ၊ မျှော်လင့်စရာအားလုံးလည်းမပါပါ၊ ကိုယ်တော်သည် သူ၏ဂရုဏာတော်အားဖြင့် ဘုရားဖြစ်တော်မူပါသည်။ ကျွန်ုပ်တို့အား အခွင့်အရေး တခုကို ပေးသနားတော်မူခဲ့ပါသည်။ ဣသရေလတို့၏ဖြောင့်မတ်ခြင်းကို ဖြတ်တောက်ပစ်သောအကြောင်းမှာ ထုံးတမ်း စဉ်လာများကို ဖောက်ဖျက်လိုက်ခြင်းကြောင့်ဖြစ်ပါသည်၊ သူတို့ကိုသွေဖယ်ခြင်းဆီသို့လှည့်စေပါသည်။ သံလွင်ပင်ကို ယဉ်ပါး စေပါသည်၊ သံလွင်ပင်အရိုင်းတပင်ဆီသို့ ယူဆောင်လာပါမည်၊ သဘာဝကို ဖီလာဆန့်ကျင်ပါမည်။

ကောင်းမြတ်မှုဆီသို့ဖြစ်သည်.. အပင်သည် ဤအရာတို့သည် မည်မျှလောက် ပိုလာပါမည်နည်း။ ထိုအရာသည် သဘာဝတရား၏အကိုင်းအခက်များဖြစ်ပါသည်။ သူတို့၏ပင်မသံလွင်ပင်၌ ကိုင်းကူးကိုင်းဆက်လုပ်လို့ရပါသလား။

မှန်ပါတယ်၊ ဖတ်ကြပါစို့။

အဲဒီအတွက် ကျွန်တော်ဖြစ်စေမှာမဟုတ်ဘူး၊ ညီအစ်ကိုတို့၊ ဤလျှို့ဝှက်နက်နဲရာကို သင်သိရှိနားလည်ဖို့ မသင့်တော်ပါဘူး၊ သင်၏စိတ်ကူးစိတ်သန်း၌ ဂုဏ်ပညာရှိသင့်သည်ကို စိုးရိမ်မိပါသည်။ တစိတ်တဒေသ ကွယ်ဝှက်ထားခြင်းဖြစ်သည်.. ဣသရေလ၌ ဖြစ်ပွားခဲ့ပါသည်၊ တပါးအမျိုးသားတို့၌ ပြည့်စုံလာသည့်တိုင်အောင်ဖြစ်သည်....ဝင်လာပါ။

26 ၂၆။ တပါးအမျိုးသားတို့နှင့်အတူ ဘုရားသခင်အမှုပြုတော်မူပြီးသည့်တိုင်အောင်ဖြစ်သည်၊ ဣသရေလတို့သည် မျက်စိ ကွယ်ခဲ့ကြပါသည်။ သူတို့အပြစ်ထဲသို့ သွားရောက်ကြပါသည်၊ ဘုရားသခင်ကို ဆန့်ကျင်သော ထုံးတမ်းစဉ်လာများကို ဖောက်ဖျက်ကြပါသည်။ အဘယ်ကြောင့်ဆိုသော် သူတို့၏မျက်စိများကို ကိုင်းကူးကိုင်းဆက်ပြုနိုင်သော ကိစ္စများ၌ မျက်စိ ကွယ်ထားခြင်းကြောင့်ဖြစ်သည်။ ထိုအရာကို သင်ရရှိပါသလား။ ယခု အခန်းငယ် နှစ်ဆယ့်ခြောက်ဖြစ်ပါသည်။ ထို့ကြောင့် ဣသရေအားလုံး ကယ်တင်ခြင်းကို ခံရပါသည်။

သင်နှင့်ကျွန်ုပ်အတွက် ဘုရားသခင်သည် ရည်ရွယ်ချက်ရှိရှိဖြင့် သူတို့အား မျက်စိကွယ်စေခဲ့ပါသည်။ သူတို့မမြင်နိုင်တော့ပါ။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်သည် သူတို့အား မျက်စိကွယ်စေခြင်းကြောင့်ဖြစ်သည်။ - ဣသရေလအားလုံး- စစ်မှန်သောဣသရေလများသည် - ကယ်တင်ခြင်းကိုခံကြရပါသည်။ ကောင်းကင်တမန်က ဘာပြောခဲ့ပါသနည်း။ ဘုန်းတော်ထင် ရှားခြင်းဖြစ်သည်။ 'ဣသရေလတို့၏ ထုံးတမ်းစဉ်လာများကို ချိုးဖျက်မှုပြီးဆုံးသွားခဲ့ပါသည်။ ဣသရေလတို့၏ဓလေ့ထုံးစံကို ဖောက်ဖျက်မည့် အချိန်နာရီတခု ရှိလာမည်ဆိုသောအရာကို သင့်အားကြားပြောရန် ကျွန်ုပ်ရောက်ရှိလာပါသည်။' ဘုရားသခင်သည် ကိုင်းအရိုင်းများကို ဖြတ်တောက်မှုပြုပါမည်။ အနောက်ဘက်တွင် ကိုင်းကူးကိုင်းဆက်ပြုကာ ... တဖန် စစ်မှန်သောအကိုင်းကို ပေါ်ထွန်းစေပါမည်။

အို၊ အချို့အချိန်တွေမှာ သူတို့၏အားနည်းချက်ကို သိမြင်စေရန် ကျွန်ုပ်နှလုံးသားက ခုန်နေခြင်းဖြစ်သည်။ ဟိုးအရပ်နားမှာ ဝမ်းနည်းပူဆွေးစရာလူများကို ဖြတ်တောက်မှုပြုပါမည်။ သူတို့သွားရမည့်နေရာကို မသိကြခြင်းဖြစ်သည်၊ ထို့ကြောင့် ကျွန်ုပ်တို့၏ကယ်တင်နိုင်စရာအကြောင်း ကိုယ်တော်၏မေတ္တာတော်၌ ဘုရားသခင်အမှုပြုရန် စဉ်းစားမှုပြုပါ။ သူတို့၏ ကယ်တင်ရှင် မေရှိယက သူတို့မျက်လုံးကို ကွယ်စေခဲ့ပါသည်။ ကိုယ်တော်ကို ကြားနာလို့မရအောင် သူတို့နားများကို ပိတ်ပစ်ခဲ့ပါသည်။ ကိုယ်တော်၏အံ့ဖွယ်နိမိတ်လက္ခဏာပြုခြင်းကို အမှန်ကြည့်ရှုနေဆဲဖြစ်သည်၊ အမှန်တကယ် ကိုယ်တော်၏အံ့ဖွယ်အမှုတို့ကို ကြည့်ရှုနေဆဲဖြစ်သည်။ ကိုယ်တော်အမှုပြုတော်မူသောအကြောင်းအရာများဖြစ်ပါသည်။

27 ၂၇။ ရှင်မဿဲသြဝါဒစာ၊ အခန်းကြီး ၁၂ဖြစ်မည်ဟု ကျွန်တော်ယုံကြည်ပါသည်။ အခန်းကြီး ၈ ဒါမှမဟုတ်၁၂ ဖြစ်ပါမည်။ ပြောထားပါသည်။ ယေရှုပြုတော်မူသော များစွာသောနိမိတ်လက္ခဏာကိုစဉ်းစားကြည့်မိပါသည်။ သူတို့မယုံကြည်ကြသေးပါ။ ဘာဖြစ်လို့လဲဆိုရင် ဘုရားသခင် မိန့်တော်မူခဲ့ခြင်းကြောင့်ဖြစ်ပါသည်။ 'သူတို့မှာမျက်စိရှိသော်လည်း မမြင်နိုင်ကြ၊ နားရှိသော်လည်းမကြားနိုင်ကြ၊ သူတို့မျက်စိဖြင့် မြင်တွေ့နေရသည့်တိုင်၊ သူတို့နားဖြင့်ကြားနေရသည့်တိုင်အောင်ဖြစ်သည်၊ ကျွန်တော်သူတို့အား ပြောင်းပြန်လှန်လိုက်ပါမည်။' သို့သော် ထိုအတွက်ကြောင့်ပင် ကျွန်တော်တို့အခွင့်အရေးတခုရခဲ့ပါ သည်။ သူပိုင်သောသူ၏သားသမီးအတွက် ကန့်လန့်ကာကို ကိုယ်တော်ဆွဲချပစ်လိုက်ပါသည်၊ စားပွဲမှဝေးရာအရပ်တွင်ရှိ သော သူ၏သားသမီးများကိုလှည့်ပြန်စေပါသည်။ ဝိညာဉ်တော်၏တိမ်းညွတ်မှုဆီသို့ သူတို့အားလှည့်စေပါသည်။ ကိုယ်တော် ရှာကောင်းရှာနိုင်သည်မှာ ... ကျွန်ုပ်တို့၏အသက်ရှင်ရာ အခွင့်အလမ်းတခုရှိစေခြင်းဖြစ်ကောင်းဖြစ်နိုင်ပါသည်- ကျွန်ုပ်တို့ အားအသက်ကို ပေးသနားတော်မူပါသည်။

တဖန် အခန်းငယ်နှစ်ဆယ့်ခြောက်ဖြစ်ပါသည်။

ထို့ကြောင့် ဣသရေလအားလုံး ကယ်တင်ခြင်းကို ခံရပါမည်။ အဲဒါကိုရေးမှတ်ထားပါသည်။ သတင်းစကားဆောင်ယူသူ ဇိအုန်ကို ပေါ်ထွက်လာစေပါသည်။ ယာကုပ်ထံမှ ဘုရားတရားကိုင်းရှိုင်းမှုမရှိသောအရာကို လှည့်သွားစေပါမည်။

ဟုတ်ပါတယ်၊ ကိုယ်တော်သည် ထိုနေ့ရက်ကာလတရက်ချင်းစီတွင် ဇိအုန်တောင်ပေါ်သို့ကြွရောက်ခဲ့ပါသည်။ သံလွင်တောင် ပေါ်၌ ကိုယ်တော်ကို သူတို့အသိအမှတ်ပြုကြပါလိမ့်မည်။ ဣသရေလအားလုံးကိုယ်တော်ကို သိကြပါမည်။ အဲဒီနောက် တပါး အမျိုးသားတို့ ဆုံးခမ်းတိုင်သွားပါပြီ၊ ထိုအရပ်၌ ထိုအကိုင်းကို ကိုင်းကူးကိုင်းဆက်ပြုခဲ့ပါသည်။ ဘုရားသခင်သည် အသီးကို ဆွတ်ခူးကာ အတူတကွအထားရှိပါသည်၊ ထိုရိုင်းသောအကိုင်းက ဖြစ်လာပါသည် ...

28 ၂၈။ သင်တို့ဖတ်ခဲ့ပြီးသော အနောက်ဘက်အရာများကို အမှတ်ရရပါမည်။ ကိုယ်တော်မိန့်တော်မူသည်အရာ၌လည်း သန့်စင်သောအမြစ်သည် (အမြစ်သည် သန့်ရှင်းသောအရာတခုဖြစ်သည) အသီးသီးခြင်းအရာ၌လည်း သန့်စင်သောအမြစ်သည် သန့်စင်သောအသီးကိုသီးမှုပြုပါသည်။ အကယ်၍အမြစ်သည် ခရစ်တော်ဖြစ်မည်ဆိုပါက ထိုသို့သောလူသည် အမြစ်ဖြစ်ရုံမျှ မက ဒါဝိဒ်၏သားမြေးပါဖြစ်ခွင့်ရပါမည်။ ဂျူးလူမျိုး၏မျိုးဆက်တောက်လျှောက် ထိုအခက်သည် ကိုယ်တော်ထံမှ ဆင်းသက် လာခြင်းဖြစ်ပါသည်၊

သူတို့ကိုဖြတ်တောက်ပစ်ပါမည်၊ သူတို့၏ကွယ်နေသောမျက်စိကို မြင်ကောင်းမြင်စေပါမည်။ ကျွန်ုပ်တို့ ၏အသက်သည် ထိုကောင်းချီးခံရသောအကိုင်းလို့ ပုံစံမျိုးဖြစ်လာပါမည်။ အို၊ ဟုတ်ကဲ့ပါ၊ အစ်ကိုရေ၊ အမှန်ပါပဲ။

29 ၂၉။ ဘုရားသခင်သည် သူတို့ကိုရည်ရွယ်ချက်ရှိရှိ ဖြတ်တောက်မှုပြုခြင်းဖြစ်ပါသည်။ သူတို့မျက်လုံးကို ကွယ်စေခြင်းဖြင့် သူတို့ကိုမြင်နိုင်စေသည့် အခွင့်အရေးကိုရှိစေပါသည်။ ကျွန်ုပ်တို့ကို အခွင့်အရေးပေးသနားတော်မူပါသည်။ ကျွန်ုပ်တို့နီးနား ဝန်းကျင်က တစုံတယောက်သောသူလိုပဲ ကျွန်တော်တို့လှမ်းလျှောက်ကြပါသည်။ ဒီနေရာမှာ ပေါလုက သူတို့ကို ပြောကြား ခဲ့ပါသည်။ ‘ထိုအရာကို မည်သို့ဆောင်ရွက်ရမည်ကို သတိထားပြုမူပါ။ သတိထားဆောင်ရွက်ပါ။ သဘာဝအကိုင်းအခက်မ ဟုတ်သောအရာကို ဘုရားသခင် သက်ညှာထောက်ထားမည်ဆိုပါက၊ ရိုင်းသောအကိုင်းပေါ်တွင် မည်မျှပိုသော ဂရုဏာတော် ကို ကိုယ်တော်တည်ရှိစေတော်မူမည်နည်း။ အဲဒါကအရင်ကတည်းက ဖြစ်သည်...’ ထို့ကြောင့် အဲဒီအနီးတဝိုက် ကျွန်ုပ်တို့ လမ်းလျှောက်မှုပြုကာ၊ကျွန်တော်က၊ ‘ပရယ်စပယ်တီးရီးယန်း’၊ ‘မက်သဒစ်’၊ ‘ဗက်ဒစ်’၊ ‘ပန်တီကော်စတယ် ’ဟုပြောပါမည်။ ထိုအရာသည် ဘုရားသခင်ထံသို့ အဘယ်သို့သောအဓိပ္ပာယ်မှ သက်ရောက်ခြင်းမရှိပါ။ အမြစ်မှလာသော ထိုသန့်ရှင်းသော ဝိညာဉ်တော်၌ တဖန်ဒုတိယမွေးခြင်းခံရပါမည်။ သို့သော် ကိုယ်တော်ကြွလာတော်မူခဲ့ပါသည် .. ယခု အမှတ်ရပါသည်။ ဘုရားသခင်သည် တပါးအမျိုးသားတို့အား စကားပြောခြင်းမရှိဆိုသောအရာဖြစ်သည်။ ဤနေရာ၌ရှိသောအရာကို ကျွန်တော် လွှင့်ပစ်လိုက်ခြင်းကြောင့် တပါးအမျိုးသားတို့၏အခွင့်အရေး ဘယ်နေရာမှာရှိကြောင်းကို ကျွန်ုပ်တို့ သိမြင်ရနိုင်ပါပြီ၊ သို့သော် ကိုယ်တော်သည် ထုံးတမ်းစဉ်လာများကို ချိုးဖောက်၍ အဆုံးသတ်မှုပြုရန် ကြွလာတော်မူပါသည်။ ထိုအရာကို ပြီးစီးစေပါ သည်။

30 ၃၀။ ယခု ကျွန်ုပ်တို့ ဒံယေလအနာဂတ္တိကျမ်းသို့ တဖန်ပြန်သွားမည်ဆိုပါက၊ ကျွန်ုပ်တို့ရှာဖွေတွေ့ရှိနိုင်ပါသည်။ ဤနေရာ၌ ဒံယေလကို ကျွန်ုပ်တို့ ရှာဖွေတွေ့ရှိနိုင်ပါသည်။ အခန်းငယ်နှစ်ဆယ့်လေးဖြစ်ပါသည် .... မှန်ပါသည်။

‘ထုံးတမ်းစဉ်လာချိုးဖောက်မှုကို အပြီးသတ်ဆောင်ရွက်နိုင်ဖို့ပဲ ဖြစ်ပါတယ်။’ ဘာကို ပြီးမြောက်စေရန်ဖြစ်ပါသလဲ။ ဣသရေလဓလေ့ထုံးစံကို ဖောက်ဖျက်၍ပြီးစီးစေရန်ဖြစ်ပါသည်။ ချိုးဖောက်မှုဆိုတာဘာလဲ။ တစုံတရာသောအရာကို ဆန့် ကျင်သွားဖို့ပဲဖြစ်ပါတယ်။ ကျွန်ုပ်တို့မှားယွင်းစေသောအရာကို ဆန့်ကျင်ဖောက်ဖျက်မှုပြုခြင်းဖြစ်ပါသည်။ သင့်အားမှားယွင်း သောအရာတခုကို ထုံးတမ်းစဉ်လာချိုးဖောက်မှုက ဆန့်ကျင်မှုပြုခြင်းဖြစ်သည်။ ထို့ကြောင့် ဣသရေလတို့သည် ဘုရားသခင် အား မှားယွင်း သောကိစ္စတခုကို လုပ်ဆောင်ခဲ့ပါသည်။ ဤသီတင်းအပတ်ခုနှစ်ဆယ်ဖြစ်ပါသည်။ ဘာတွေဖြစ်ပျက်လာပါသ နည်း။ ဣသရေလဓလေ့ထုံးစံကို ချိုးဖောက်မှုပြုခြင်း အဆုံးသတ်သွားစေရန် ဘုရားသခင်အမှုပြုတော်မူပါမည်။ ဘုရားတရား မဲ့သော ယာကုပ် အဝေးဆီသို့ ထုံးတမ်းစဉ်လာဖောက်ဖျက်မှု၏အဆုံးသတ်သည် လှည့်ပြန်စေပါမည်။ ထို့နောက် ဣသရေလ အားလုံး တဖန် ဒုတိယမွေးခြင်းကို ခံကြရပါမည်။ သူတို့အားလုံး သန့်ရှင်းသောဝိညာဉ်တော်ကို ခံကြရပါမည်။

31 ၃၁။ ယခု နံပါတ်နှစ်ဖြစ်ပါသည်။ သင့်ရဲ့စာရွက်ပေါ်မှာချရေးထားပါ။ ထိုအရာပေါ်တွင် အချိန်ကြာကြာ ကျွန်တော်တို့တည် ရှိနေပါမည်။ သို့သော် ထိုအရာပေါ်တွင် ကျွန်တော်သွားရောက်ဟောပြောလိုချင်မရှိပါ။ ဒါကြောင့် ကျွန်တော်သင့်ကိုပြောလို တာကတော့ ထိုအရာသည် နီးနီးကပ်ကပ် သင့်ထံသို့ကျရောက်လာနိုင်သည်ဆိုသောအရာပင်ဖြစ်သည်။ ဤတံဆိပ်ခုနှစ်ချက် ထံသို့ ကျွန်ုပ်တို့ရောက်ရှိစဉ်အခါ အသင်းတော်တောက်လျှောက် အမှန်တကယ် သင်ရွှေ့လျားမှုပြုပါမည်။ တံဆိပ်များ တောက်လျှောက် ကပ်ဆိုးများတောက်လျှောက် သင်ဟာရွှေ့လျားမှုပြုပါမည်။ သင်ဘယ်နေရာမှာ ရပ်နေရလဲဆိုတာ သိရပါမည်။ မှန်ပါသည်။ နံပါတ်နှစ်ဖြစ်သည်။ အပြစ်ကို အဆုံးသတ်စေပါမည်။ ယခုတဖန် ဖတ်ကြပါမည်။ ဒံယေလအနာဂတ္တိ ကျမ်းကို ဖြစ်သည်။ ‘ဖောက်ဖျက်မှုကို အဆုံးသတ်သွားစေရန်ဖြစ်သည် အပြစ်ကိုအဆုံးသတ်သွားစေခြင်းဖြစ်သည်။’ ထိုအ ရာသည် ကိုယ်တော်ဒုတိယအကြိမ် ကြွလာတော်မူခြင်း၏ရည်ရွယ်ချက်ဖြစ်ပါသည်။ ပထမဦးဆုံးအရာမှာ ဣသရေထုံးတမ်း စဉ်လာများကိုဖောက်ဖျက်မှုပြုရာ၌ လတ်စသတ်ရန်ပင်ဖြစ်သည်။ အပြစ်များကို အဆုံးသတ်သွားစေရန်ဆောင်ရွက်မှုပြုခြင်း ဖြစ်သည်။ ဣသရေလတို့၏အပြစ်မှာ ဘယ်နေရာမှာရှိပါသလဲ။ သူတို့လုပ်ဆောင်သော သူတို့၏အသက်ရှင်မှုဆိုင်ရာအပြစ် သည် ဘယ်နေရာမှာ ရှိပါသနည်း။ ဘုရားသခင်နှင့်သီးခြား သူတို့ကိုယ်သူတို့ အဘယ်အရပ်၌ ခွဲထုတ်မှုပြုထားပါသနည်း။

32 ၃၂။ ယခု သေသေချာချာနားထောင်ပါ၊ ရှင်မဿဲ အခန်းကြီး၂၄ကို လှန်ကြပါစို့။ ဤနေရာ၌ ဣသရေလတို့သည် သေပြစ် သေထိုက်သော အမှားကိုလွန်ကျူးခဲ့ကြပါသည်။ ဒီနေရာကတော့ နောက်ဆုံး သူမအပြစ်ပြုရာနေရာပဲဖြစ်ပါတယ်။ အကြောင်းပြချက်မှာ သူမသည် ယနေ့အခြေအနေမျိုး၌ ရှိနေခဲ့ခြင်းကြောင့်ဖြစ်သည်။ ရှင်မဿဲခရစ်ဝင်ကျမ်း၊ ရှင်မဿဲ ခရစ်ဝင်ကျမ်းစာ အခန်းကြီးနှစ်ဆယ့်ခုနှစ်ဖြစ်ပါသည်။ အခန်းကြီးနှစ်ဆယ့်ခုနှစ်၏ အခန်းငယ်နှစ်ဆယ့်ငါးဖြစ်ပါသည်။

အခန်းငယ် နှစ်ဆယ့်တစ်မှအစပြုကြပါစို့။

အုပ်ချုပ်မှူက ဖြေကြားခဲ့ပါသည်၊ သူတို့အား မိန့်ဆိုခဲ့ပါသည်၊ နှစ်ဦးနှစ်ဖက်ဖြစ်သောအရာသည် ဘယ်လိုပဲဖြစ်ဖြစ် သင့်အပေါ် ၌ ကျွန်ုပ်လွတ်မြောက်စေပါမည်ကား။ သူတို့က၊ ဗာနဗကို ပြောခဲ့ပါသည် (ယခု အမှတ်ရရမည်မှာ ထိုဣသရေလတို့ကို ဖြစ် သည်။) ဗာနဘဖြစ်သည်။

ပိလတ်မင်းက သူတို့ကိုပြောပါသည်၊ ငါဘာလုပ်ရမလဲ ... ခရစ်တော်ဆိုသော ယေရှုနှင့်အတူရှိနေခဲ့ပါသလား (သူတို့နားဆင် နေကြပါသည်) သူတို့အားလုံး သူ့ကိုပြောကြပါသည်။ သူအားယဇ်ပူဇော်မှုပြုရန် ပြောခဲ့ကြပါသည်။

အမှတ်ရပါ၊ ဒံယေလက သူတို့၏မေရှိယကြွလာတော်မူမည်ဟု ပြောကြားခဲ့ပါသည်။ ဒီမနက်ဒီနေရာက သင်ခန်းစာကို သင်မှတ်မိပါသည်။ ကိုယ်တော်အတွက် ကိုယ်တော်ကိုယ်၌က ဖြတ်တောက်မှုပြုပါမည်၊ ဘယ်အရာကိုမှ ကိုယ်တော် လုပ် ဆောင်ခဲ့ခြင်းမရှိပါ။

....သူ့အားပူဇော်ကြပါစို့။

အုပ်ချုပ်သူက ပြောပါသည်၊ အဘယ်ကြောင့်နည်း။ အဘယ်မကောင်းမှုကို ပြုသောကြောင့်နည်း။ သို့သော် သူတို့ကပို၍ပို ကြွေးမှုကိုပြု၍ ပြောကြပါသည်။ သူ့ကိုပူဇော်မှုပြုကြရအောင်ဟု ပြောကြပါသည်။

ပိလတ်မင်းက ဘာတခုမှအရေးသာစရာမရှိသည်ကို တွေ့မြင်ခဲ့ရပါသည် ... သို့သော် အုံကြွမှုကို ဆောင်ရွက်သလိုဖြစ်ပါ မည်။ သူရေကိုယူပါသည်။ လူအစုအဝေး ဖြစ်မလာခင် သူလက်ကိုရေဖြင့်ဆေးကြောမှုပြုပါသည်။ ပြောလိုက်ပါသေးသည်။ ငါသည် ဤသူ၏အသွေး၌အပြစ်ကင်း၏ဟု ပြောလိုက်ကိုတွေ့မြင်ရပါမည် ...အဲဒီလိုပါပဲ၊ ကြားနာပါ။ ဤနေရာက သူတို့၏ အမှားပဲဖြစ်ပါတယ်၊ ဒီနေရာက သူတို့ရဲ့အပြစ်ပဲဖြစ်ပါသည်။

33 ၃၃။ သူတို့အဲဒီလိုလုပ်ခဲ့တဲ့နေရာဖြစ်ပါသည်။ သူတို့အတွက် ကိုယ်တော် အပြစ်ကိုအဆုံးသတ်စေခဲ့ပါသည်။ မည်သို့သော ကိစ္စကိုမှ ကိုယ်တော် မလုပ်ဆောင်သည့်တိုင် သူတို့ကိုခွင့်လွှတ်ခဲ့ပါသည်။ ကျွန်ုပ်တို့ ဝင်လာနိုင်ဖို့ရာ သူတို့၏မျက်စိများကို ကွယ်စေခြင်းဖြစ်ကြောင်းသိမြင်ရပါမည်။ ကိုယ်တော်၏အသွေးတော်အဖို့ ကိုယ်တော်ပိုင်သောသားသမီးများကို ခေါ်ဆိုနေခြင်းနှင့်ဆင်တူပါသည်။ သူတို့သည် မျက်စိကန်းကြပါသည်။ သူတို့မျက်စိကွယ်ကြောင်း ကိုယ်တော်သိပါသည်။ ထိုအရာ၏အ ကြောင်းချက်မှာ သူတို့အားခွင့်လွှတ်စေတော်မူရန် ကိုယ်တော်ငိုကြွေးခဲ့သည်ဆိုသောအရာဖြစ်ပါသည်။ သူတို့ကိုခွင့်လွှတ်ပါ၊ ခမည်းတော်အဖ သူတို့ဘာတွေလုပ်ဆောင်နေသည်ကို သူတို့မသိရှိပါ။ သူတို့မျက်စိကွယ်ကြပါသည်။ ကျွန်ုပ်တို့မသက်မသာ ဖြစ်ဖို့ရာ သူတို့ကိုယ်သူတို့ မျက်စိကွယ်အောင် လုပ်နေကြခြင်းဖြစ်ပါသည်။ သူတို့၏မယုံကြည်ခြင်းသည် ဤသို့ပြုမူခဲ့ခြင်း ဖြစ် သည်။ သို့သော် တဖန် ကိုယ်တော်ကို သူတို့တွေ့မြင်ရပါမည် ...အာမင်။

34 ၃၄။ ‘အပြစ်ကိုအဆုံးတွင် ထားပါမည်’ အပြစ်ဆိုတာဘာလဲ။မယုံကြည်ခြင်းဖြစ်သည်။သူတို့က မေရှိယဖြစ်ခြင်းကို မယုံကြည်ခြင်းဖြစ်သည်။ သူတို့က ကိုယ်တော်ကို မေရှိယဟု မမြင်နိုင်ခဲ့ကြပါ။ မေရှိယ၏လက္ခဏာသက်သေတိုင်းလိုလိုကို ကိုယ်တော် အထောက်အပံ့ပြုလျက်၊ အမှုပြုခဲ့ပါသည်။ သို့သော် ထိုသို့သောကိစ္စကို သူတို့သိမြင်ခြင်းမရှိပါ။ သူတို့သည် မျက် စိကွယ်လျက်ရှိပါသည်။

ဒါကြောင့် အဲဒီအချိန်က လူတွေပြောခဲ့သောအရာကို သင်သိမြင်ရပါမည်။ ‘ငါက ဘုရားသခင်၏အနာရောဂါငြိမ်းခြင်းဆိုတာ ကို မယုံကြည်ဘူး၊ အဲဒီကိစ္စကို ငါမမြင်နိုင်ဘူး။ ကျွန်တော်ဟာသန့်ရှင်းသောဝိညာဉ်တော် ဗတ္တိဇံကို မမြင်နိုင်ပါ။’ သူတို့ကို စိတ်မဆိုးပါနှင့်။ သူတို့ဟာ မျက်စိကန်းနေသူများဖြစ်သည်။ သူတို့ပြောသောအရာမှာ ‘ကိုယ်တော်ကြွလာတော်မူမည်ဆို သောဒီသတင်းစကားကို ငါမမြင်နိုင်ဘူး ကျွန်တော်တို့ဟာ သန့်ရှင်းသောဝိညာဉ်တော်ဗတ္တိဇံကို မြင်နိုင်မှာမဟုတ်ဘူး။ ကျွန်တော်တို့ဟာ မြွေရဲ့မျိုးစေ့ကို မမြင်နိုင်ဘူးလေ။ ဤသို့သောအရည်အသွေးကို ကျွန်တော်မမြင်နိုင်ပါဘူး’ ဟူ၍ဖြစ်သည်။ သူတို့သည် မျက်စိကွယ်ခြင်းကြောင့် ထိုအရာကိုမသိကြပါ။ သူတို့အတွက် ဆုတောင်းပေးကြပါစို့။ မှန်ပါတယ်။

35 ၃၅။ သူတို့ဟာမယုံကြည်ကြပါ ....သို့သော် ကိုယ်တော်ကို သူတို့တွေ့မြင်ရသောအခါ တဖန် ကိုယ်တော်ကြွလာတော်မူ မည့်အချိန်ဖြစ်ပါသည်။ ထိုသို့သောအရာက သူတို့၏မယုံကြည်မှုကိုအဆုံးသတ်စေပါမည်။ အို ကျွန်တော် ပထမဆုံး ကမ္ဘာဦး ကျမ်းကို လှန်ကြပါစို့၊ နှစ်ဆယ့်ငါး ....အခန်းကြီးလေးဆယ့်ငါးဖြစ်ပါသည်။ထိုသို့သောပုံစံကိုရယူပါ။ ဒီနေရာမှာ အချို့သော အရာများကို ကျွန်တော်ရေးချထားပါသည် ...ထိုအရာမှာ ကမ္ဘာဦးကျမ်း ၄၅ဖြစ်သည်။ သင်မှတ်သားထားဖို့ ဆောင်ရွက်မှုပြု ပါ။ အို၊ ဤ အိုဟောင်းသော ဧဝံဂေလိတရားဟောင်းကို ကျွန်တော် ဘယ်လိုချစ်မြတ်နိုးမှန်းကို မသိပါ။ မှန်ပါတယ်၊ ယခု၊ ကျွန်ုပ်တို့ရောက်ရာအရပ်ကို သိရှိရပါမည်။

အဆောက်အဦး၏အနောက်ဘက်မှ ကျွန်တော်အသံကို အမှန်ကြားရပါသလား။ အကယ်၍ ကြားရတယ်ဆိုရင် သင်တို့လက် ကို မြှောက်ပြပါ။ ကျွန်တော် ဒီလိုနီးနီးလေးထိုင်နေပါမည်။

36 ၃၆။ ယခု ကျွန်တော်တို့ ဤသမ္မာကျမ်းစာအပိုင်းကို ဖတ်ရှုကြပါမည်။ ကျွန်တော်သင့်အားနားထောင်စေလိုပါသည်။ သင်၏ ကျမ်းစာ၌ သင်ရှိနေခဲ့ပါ။ သင့်မှာတော့ နှုတ်ကပတ်တော်သမ္မာကျမ်းစာရှိနေပါသည်။ ကမ္ဘာဦးကျမ်းကို သွားပါ... ပထမဦးဆုံးအခန်းကြီးလေးဆယ့်လေးအခန်းငယ် နှစ်ဆယ့်ခုနှစ်မှ အစပြုကြပါစို့။

ယောသပ်ဖြစ်သည်။ ယောသပ်သည် ခရစ်တော်၏ပြီးပြည့်စုံသောပုံစံတခုဖြစ်သည်။ အဲဒါကို ကျွန်တော်တို့သိကြပါသည်။ အဲဒီအကြောင်း ကျွန်တော်တို့ မည်မျှလောက်သိပါသနည်း။ သူ၏ညီအစ်ကိုတို့က သူကိုမုန်းပါသည်။ အဘယ်ကြောင့်နည်း။ အဘယ်ကြောင့်ဆိုသော် သူ၏ဝိညာဉ်ရေးရာကြောင့်ဖြစ်သည်။ သူက ရူပါရုံကိုမြင်ပါသည်။ အိမ်မက်အနက်အဓိပ္ပာယ်ကို ဖော် ပြပါသည်။ သူသည် သူ၏ညီအစ်ကိုများကြား၌ ဝိညာဉ်ရေးရာနှင့်ဆိုင်သောလူပုဂ္ဂိုလ်တယောက်ဖြစ်သည်။ သူတို့ကသူ့ကို မုန်းပါသည်။ သူ့ဖခင်ကတော့ သူ့ကိုချစ်ပါသည်။ ဒါကြောင့် ယေရှုခရစ်တော်သည် အသင်းတော်၏ဂိုဏ်းဂဏအယူဝါဒပိုင်း ဆိုင်ရာကို မုန်းပါသည်။ သို့သော် သူ၏ခမည်းတော် ဘုရားသခင်ကိုတော့ ချစ်မြတ်နိုးပါသည်။ သူတို့က ဘာကြောင့် ကိုယ်တော်ကိုမုန်းပါသနည်း။ အဘယ်ကြောင့်ဆိုသော် ကိုယ်တော်သည် ဝိညာဉ်ရေးရာလူပုဂ္ဂိုလ်ဖြစ်သောကြောင့်ပေတည်း။ အဘယ်ကြောင့်ဆိုသော် ....

37 ၃၇။ သူတို့ကသူ့ကို အနာဂတ်ကိုကြိုတင် ဟောပြောသော မကောင်းသည့်ဗေဒင်ဆရာဟု ခေါ်ပါသည်။ ယောသပ်၏ညီ အစ်ကိုတို့က သူအားဘာပြောလဲဆိုတာ သင်မှတ်မိပါသလား။ ‘ဒီကိုလာခဲ့စမ်း၊ အိမ်မက်ဆရာ’ သိမြင်ရမည်မှာ တူညီသော အရာကို ဖြစ်သည်။ သူတို့က ယောသပ်ကို ယုဒ ယေရှုကိုရောင်းသော တူညီသောတန်ဖိုးဖြင့် ရောင်းစားခဲ့ကြပါသည်။ ငွေ အ ခွက်သုံးဆယ်ဖြင့် ဖြစ်သည်။ သူတို့က သူ့ကိုမြောင်းထဲ လွှင့်ပစ်လိုက်ကြပါသည်။ တစုံတခုက သူတို့သတ်သွားသည်ဟု သူ့ ဖခင်အား ပြောကြပါသည်။ သူသေသွားပြီဟု ပြောကြပါသည်။ သို့သော် သူသည်ရေတွင်းထဲမှထုတ်ဆောင်ခြင်းကို ခံရပါ သည်။ ခရစ်တော်သည် ရေတွင်းထဲလွှင့်ပစ်ခံရရာမှ၊

ထုတ်ဆောင်ခံရပါသည်။ ထို့နောက်တွင် လောက၏အမြင့်ဆုံးသော နေရာသို့ သူသွားရောက်ရပါသည်။ အာမင်။ ယောသပ်သည် ဖာရောအ၏လက်ယာလက်၌ နေရာကျပါသည်။ ယေရှုသခင်က တော့ ဘုရားသခင်၏ညာဘက်လက်တော်၌ နေရာကျပါသည်။ ယေရှုသခင်ကတော့ ဘုရားသခင်၏ညာဘက်လက်တော်၌ နေရာ ကျပါသည်။ မြှောက်စားခြင်းကို မခံရမှီ သူသည်စုံစမ်းသွေးဆောင်ခြင်းကိုခံခဲ့ရပါသည် ...ယေရှုကိုယ်တော်သည်ချီးမြှောက် ခြင်းကို မခံရမှီတောက်လျှောက် သွေးဆောင်ခြင်း၌ လျှောက်လှမ်းခဲ့ရပါသည်။

38 ၃၈။ အဘယ်ကြောင့်နည်း တနင်္ဂနွေနေ့က ဘောလီရှိကြောင်း ကျွန်တော်ယုံကြည်ပါသည်၊ ကြီးမြတ်သော ဇဝံဂေလီဆရာ ဖြစ်သည်။ ‘ကားစင်တင်သတ်ရာ ထိုနေ့ရက်ကာလ၌ သန်းချီသောသစ်ပင်တိုင်းလိုလိုတွင် ထောက်ပြမှုပြုပါ။ ဤဇာတ်လမ်း ဇာတ်ကွက်နားတဝိုက် ကျွန်ုပ်တို့ပြောင်းလဲမှုပြုပါမည်။’ သို့သော် ထိုသို့ ကျွန်တော်တို့ မဆောင်ရွက်ခဲ့ပါ။

ကာယဖကပြောပါသည်။ ‘သူ့ကိုယ်သူ ကယ်တင်မှုပြုပါသည်၊ အခြားသူတွေကိုတော့ သူ့ကယ်တင်မှုပြုပါသည်၊ အခြားသူ တွေကိုတော့ သူကယ်တင်မှုမပြုပါ။’ သူ့အဓိပ္ပာယ်ဖွင့်ဆို၍ ပေးသောအရာကို သူမသိရှိပါ။ ကိုယ်တော်သည် သူ့ကိုယ်သူ ကယ်တင်မည်ဆိုပါက သူဟာ တခြားသူများကို ကယ်တင်မှုပြုနိုင်တော့မည်မဟုတ်ပါ၊ ဒါကြောင့် သူ့ကိုယ်သူ တပါးသူများ လက်တော်သို့ အပ်နှံခဲ့ခြင်းဖြစ်ပါသည်။ သိမြင်ရမည်မှာ ထို့ကြောင့် ထိုအရာမှ ဖုံးကွယ်နေသောအရာဖြစ်ပါသည်။ ယခု သူတို့ သည် ....

39 ၃၉။ ထို့နောက် ကိုယ်တော်၏ထိုအရပ်မှ ချီးမြှောက်ခံရသောအချိန်ကာလ ဖြစ်ပါသည် - သို့တည်းမဟုတ် ကိုယ်တော်၏ ချီးမြှောက်ခံရခြင်း မတိုင်မှီ ကိုယ်တော်၏စုံစမ်းသွေးဆောင်ခြင်းခံရသောအကြောင်း ဖြစ်ပါသည် ...အမှတ်ရပါ၊ အမှတ်ရရ မည်မှာ ယောသပ်သည် အပြစ်ကင်းစင်သည့်တိုင်း အချုပ်သားဖြစ်ခဲ့ရသည်ဆိုခြင်းဖြစ်သည်။

ရောမမြို့ဖြစ်သည် ... ဒါမှမဟုတ် ကြာသရေလ၏အထွေထွေ အုပ်ချုပ်သူမှာ ပေါတိဖာဟုအမည်တွင်လေသည်... ပေါတိဖာကခရီးဝေးတခုကို ထွက်ခဲ့ပါသည်။ သူ့မှာလုပတဲ့ဇနီးတယောက်ရှိပါသည်။ သူ့ဇနီးကယောသပ်ကို အိမ်ထဲမှ တခုခုဆောင်ရွက် ဖို့ အလိုရှိပါသည်။ သူမဟာ မှားယွင်းသောတစုံတရာကို ယောသပ်ပြုရန်ကြိုးစားမှုပြုပါသည်။ သူကတော့ဘုရားသခင်အပေါ် သစ္စာရှိပါသည်။ ကျွန်တော် သင့်ကိုပြောပါမယ် သူတို့ဟာအစဉ်အမြဲ ...

40 ၄၀။ သင်တို့အမျိုးသမီးတို့ဟာ သင့်အား ကျွန်တော် အော်ဟစ်မှုပြုပါမည်၊ ယခု ကျွန်တော်တမိနစ်လောက် သင့်အတွက် အချိန်ယူမည်ဖြစ်ကြောင်း သိမြင်ရပါမည်။ အမျိုးသမီးတယောက်ဟာ ကွဲလွယ်ရှလွယ်သော ပန်းအိုးလေးနှင့်တူပါသည်။ မိန်းမဆိုးမဖြစ်သေးခင်အချိန်ထိ လူဆိုးမဖြစ်နိုင်ကြောင်း ကျွန်တော်ယုံကြည်ပါသည်။ သို့သော် လူတွေက ထိုအရာကို သိပါ သည်။ လူသားတွေက သင်ဟာ ဘုရားသားဖြစ်ကြောင်းကို သိကြပါသည်။ မိန်းမတယောက၏အကျိုးအမြတ်ကို ဖြစ်ထွန်းစေ ပါသည်။ သင့်ကိုရှုက်နေပါသည်။ သူမဘာပဲလုပ်လုပ် ကိစ္စမရှိပါဘူး။ သူမက ထိခိုက်လွယ်၍အားနည်းသောပန်းအိုးလေးတ လုံးဖြစ်ပါသည်။ ထိုအရာကိုသင်သိပါသည်။ မိန်းမတယောက်မဟုတ်သလို သူမပြုမှုမည်ဆိုပါက လက်ဖြင့်သူမကို ယူ၍ ညီမ တယောက်လို စကားပြောလိုက်ပါ။ သင်ဟာ ဘုရားသခင်၏သားဖြစ်ပါသည်။ သူတို့အား ဆိုးယုတ်သောအမှုကို မပြုမှုပါနှင့်။ ယောသပ်ကိုကြည့်ပါ။ သူဟာ သင့်အတွက် သာဓကတခုပင်ဖြစ်ပါသည်။

41 ၄၁။ အဲဒီနောက် ပေါတိဖာရဲ့ မိန်းမဟာ - လုပတဲ့အမျိုးသမီး၊ ဂုဏ်အသရေရှိခြင်း၊ မြင့်မားခြင်း၊ တနိုင်ငံလုံးရှိ အမျိုးသမီး များအနက် အမြင့်ဆုံးအဆင့်ကိုပိုင်ဆိုင်ထားသည့် အမျိုးသမီးတယောက်ဖြစ်ခဲ့ပါသည်- သူ့ကိုတောင်းဆိုမှုပြုခဲ့ပါသည်၊ သူ့အားဖြားယောင်းသွေးဆောင်မှုပြုခဲ့ပါသည်။ သူလှည့်ပစ်လိုက်ပါသည်။ ...သူမက သူ့ကိုဖမ်းထားပါသည်၊ သူမအား တင်း တင်းကြပ်ကြပ်ဖက်လာစေရန် ကြိုးစားမှုပြုပါသည်။ သူ့အင်္ကျီကို ချွတ်ပစ်ရလောက်သည့်တိုင်အောင် ဆတ်ဆတ်လှုပ်ရှားမှု ပြုနေပါသည်။ သူမထံမှပြေးထွက်ရပါသည်။ ဟုတ်ကဲ့၊ဆရာ။ သူရောက်လာသောအခါ သူတို့သည် သူ့အပေါ်၌ လိမ်ညာစ ကားဆိုပါသည်။ သူ့ခင်ပွန်းရောက်လာသောအခါ သူမအား ဗလက္ကာရပြုသည်ဟုငင်း ဒါကြောင့် သူ့အင်္ကျီဒီမှာကျန်ခဲ့သည် ဟုငင်း ပြောပါသည်။ ဒါကြောင့် သူဟာလည်း မြေအောက်အကျဉ်းစခန်းထဲသို့ ရောက်သွားရပါသည်။ သို့သော် ဘုရားသခင် မြေအောက်အကျဉ်းထောင်၌ သူနှင့်အတူ ရှိခဲ့ပါသည်။ သူတို့ သူ့ကိုဘယ်လိုဘယ်နေရာမှာပဲ ထည့်ထားထား အကြောင်း မ ဟုတ်ပါဘူး၊ သူဟာ ဘုရားသားသမီးတို့၏အောင်မြင်သော လက္ခဏာသက်သေကို ပိုင်ဆိုင်ခဲ့သူတဦးဖြစ်ခဲ့ပါသည်။

အရာအားလုံးကို အောင်အောင်မြင်မြင် ယောသပ် ဆောင်ရွက်ခဲ့နိုင်ပါသည်၊ ယေရှုခရစ်တော်သည် ထောင်စုနှစ်များ၌ တကျော့ပြန်ဆောင်ရွက်ခဲ့ပါသည်။ ထိုအရာ၏အကြောင်းပြချက်အဖြစ် သဲကန္တရတို့သည် နှင်းဆီပန်းတို့ကို ဖူးပွင့်စေပါမည်။ အရာခပ်သိမ်းကို ကိုယ်တော်သည် အောင်အောင်မြင်မြင်အမှုပြုတော်မူမည်ဖြစ်သည်။ သူကတော့ ကောင်းချီးခံရမှာပဲဖြစ်ပါ တယ်။ ယေရှုဘယ်နေရာမှာပဲနေရနေရကောင်းချီးရှိပါသည်။ ထို့ကြောင့် သင်နှလုံးသား၌ ကိုယ်တော်ကိုနေရာချခြင်းဖြင့် ကောင်းချီးကိုခံကြပါစို့။

42 ၄၂။ ဒါကြောင့် ယောသပ်က ထောင်ထဲထည့်ခံရသည်ကို ကျွန်ုပ်တို့ တွေ့ရှိခဲ့ကြပါပြီ။ အဲဒီအကျဉ်းထောင်ထဲမှာ အကျဉ်း သားနှစ်ဦးရှိပါသည်။ တယောက်က ဆုံးရှုံးရမည်ဖြစ်ပြီး ကျန်တဦးမှာ ချမ်းသာရမည်ဖြစ်သည်။ ကားတိုင်ပေါ်၌ ယေရှုကိုယ် တော်သည် သွေးဆောင်ခြင်းကိုခံခဲ့ရပါသည်။ သူခိုးတယောက်မှာ ဆုံးရှုံးခြင်းသို့ရောက်၍ ကျန်တဦးမှာကယ်တင်ခြင်းကိုခံရ လေသည်။ ထိုသူ၏ချီးမြှောက်ခံရခြင်းမှာ ကိုယ်တော်နှင့်အတူ ဘုရားသခင်၏လက်ယာလက်တော်၌ နေရာကျခြင်းဖြစ်သည်။ ယောသပ်၏ချီးမြှောက်ခံရခြင်းမှာမူ ဖာရောအ၏ညာဘက်လက်၌နေရာကျခြင်းဖြစ်သည်။ ယောသပ်နှင့်ပထမဦးစွာ စကားပြော ဆိုခြင်းမရှိဘဲ မည်သူတဦးတယောက်ကမှ ဖာရောဘုရင်နှင့်စကားပြောရသောအခွင့်မရရှိကြပေ။ ခွင့်ပြုမိန့်ကို ရယူကြရခြင်း ဖြစ်သည်။ အဲဒီအချိန်မှာ ယောသပ်က နန်းတော်ကိုထားပစ်ခဲ့ပါသည်။ (အို၊ကျွန်တော်) ယောသပ်က နန်းတော် တံပိုးမှုတ်သံ တွေ၊ သူ့ကိုဦးညွှတ်သူတွေကို

ချန်ထားပစ်ခဲ့ပါသည်။ 'ဒူးကိုတုတ်ကြလော့၊ ယောသပ်ကြွလာပြီ' ဟုဆိုကြပါသည်။ 'အာမင်' အထက်အရပ်ရှိဂုဏ်အသရေရှိသော ညာဘက်လက်တော်မှ ယေရှုကိုယ်တော်သည် ထွက်ခွာခဲ့ပါသည်၊ တံပိုးတို့၏တေးသံ ကျူးရင့်ခြင်း၊ အလုံးစုံသောဒူးတို့၏ဦးညွတ်ခြင်းမှ ကိုယ်တော်ထွက်လာခဲ့ခြင်းဖြစ်သည်။ နှုတ်လျှာပါးစပ်တိုင်းက အပြစ်ဝန်ချ တောင်းပန်လျက် 'ယေရှုကြွလာတော်မူပြီ၊ သေချာသည်' ဟုမိန့်ဆိုကြပါသည်။

ဘာလဲဆိုတာ … မှတ်မိပါသည်။ သူ့ညီအစ်ကိုများက သူတို့ငြင်းပယ်မှုပြုသောအခါ သူမည်သို့ပြုမူခဲ့ပါသနည်း။ သူဟာတပါး အမျိုးသား ဇနီးသည်ကို ထိမ်းမြားခဲ့ပါသည်။ သူ့ဇနီးသည်က အီဂျစ်ပြည်သူဖြစ်ပါသည်။ အနောက်ဘက်အရပ်မှ သူ၏ညီအစ် ကိုများကို ယေရှုကိုယ်တော်သည် အဆက်ဖြတ်ခဲ့ပါသည်။ ဂျူးတို့ကိုဖြစ်ပါသည်။ ကိုယ်တော်သည် တပါးအမျိုးသား သတို့ သမီးနှင့်ထိမ်းမြားမှုပြုပါမည်။ သို့သော် ယခု နှစ်ကာလများကို ကုန်လွန်စေပြီးနောက်၊ သားသမီးများကို မွေးဖွားရပါမည် - ဧဖရိမ် နှင့် မနာရှေဖြစ်သည် - သူတို့က မိသားစုဝင်တဦးဖြစ်သည်။

43 ၄၃။ အဲဒီနောက် တနေ့သောအချိန်မှာတော့ သူ့ညီအစ်ကိုတွေက သူ့ဆီသို့အလှည့်အပတ် ရောက်ခဲ့ပါသည်။ ကြည့်ပါ။ ဇာတ်ကြောင်းကို ကျွန်တော်တို့ သိကြပါတယ်။ ပြန်ယူသွားမယ့်အရာထဲမှာ မည်သို့သောအရာလေးကို သူထည့်ထားခဲ့ပါသ နည်း။ သူတို့ပြောတဲ့ဘာသာစကားအတိုင်း သူမပြောနိုင်သလို ပြုမူခဲ့ပါသည် - သူကဟေဗြဲလူဖြစ်သော်လည်း ဟေဗြဲစကား ပြန်ကို ထားရှိခဲ့ပါသည်။ သူ့ညီအစ်ကိုတွေ ရောက်ချလာပါသည်။ သူတို့ သူ့ကိုမသိကြပါ။ သူဟာ ခမ်းနားတဲ့မင်းသားတစ်ပါး ဖြစ်ပါတယ်။ ယခု အမှန်ပါပဲ၊ ခရစ်တော်က ဂျူးတွေရှိအလည်အပတ် ရောက်လာပါသည်။ သူတို့ရဲ့ မကျန်းမာမှု ဖိစီးနှိပ်စက်ခံ ရသောအရာများကို ပျောက်ကင်းသက်သာစေပါသည်။ ထိုသို့ဖြစ်သည့်တိုင် ကိုယ်တော်မည်သို့သောပုဂ္ဂိုလ်ဖြစ်သည်ကို သူတို့မသိကြပါ။ ကိုယ်တော်သည် မေရှိယဖြစ်ပါသည်။

အခန်းကြီးလေးဆယ့်လေး အခန်းငယ်နှစ်ဆယ့်ခုနှစ်ကို စဖတ်ကြပါစို့။ ၂၇ ကိုယ်တော်၏ကျွန်ကျွန်ုပ်တို့၏အဘကလည်းသင်တို့ သိသည့်အတိုင်း ငါ့မယားသည် ငါ့အားသားနှစ်ယောက်ကိုဘွား၏။ ၂၈ တယောက်ကား ငါ့ထံမှ ထွက်သွား၏။ (ယောသပ်ဖြစ်၍၊ သူတို့ပြောဆိုသောလူဖြစ်လေသည်။) အကယ်စင်စစ် သူသည်အပိုင်းပိုင်း ကိုက်ဖြတ်ခြင်းကိုခံရပါပြီတကား ဟုငါဆိုရ၏။ ထိုကာလမှစ၍ သူ့ကိုငါမမြင်ရ။ ၂၉ ဤသူကိုလည်းငါ့ထံမှယူသွား၍ သူ၌ဘေးရောက်လျှင် သင်တို့သည် ငါ့ဆံပင်ဖြူကို ဝမ်းနည်းခြင်းနှင့်တကွ မရဏာနိုင်ငံသို့ရောက်စေကြလိမ့်မည်ဟု ကျွန်တော်တို့အားဆိုပါ၏။

44 ၄၄။ သူတို့က ညီငယ်လေး ဘင်ဂျမင်ကို ဤနေရာကို ခေါ်လာကြပါသည်။ သူတို့၏ညီငယ်လေးဖြစ်သည်။ ဘင်ဂျမင်က မည်သူကို ပုံဆောင်ကြောင်းသင်သိပါသလား။ အသစ်သော ဤစစ်မှန်သည့် ယုဒလူအစုအဝေးဖြစ်သည်။ ထိုအရာသည် ယခု ၁၄၄၀၀၀ သော အစုအရုံးဖြစ်၍ လူမျိုးတော်အဖြစ် ပေါ်ထွက်လာသောအမျိုးအနွယ်ဖြစ်လေသည်။ ဤအရာများသည် ကွေ့ ကောက်လိမ်ဖယ်နေသော လမ်းနံရံမဟုတ်ပါ၊ လုံးဝမဟုတ်ပါ။ ထိုအရာများသည် အမြောက်စာများဖြစ်ရုံထက် မပိုပါ။ (စစ်တွင်း လက်နက်ဒဏ်ကြောင့်ကျဆုံးခဲ့ရသူများ) သူတို့က ဂျူးလူမျိုးများမဟုတ်ကြပါ၊ သူတို့က ယုဒလူများမဟုတ်ကြပါ။ စစ်မှန်သောယုဒလူများမှာ ဟိုနားလောက်က ထွက်ပေါ်သည့် ညီငယ်ဘင်ဂျမင်မှ ဆင်းသက်လာကြပါသည်။ ယေရှုခရစ် တော်၏နှုတ်ကပတ်တော်ကို ဘယ်သောအခါမှ မကြားရသည့်တိုင်အောင်ဖြစ်သည်။

45 ၄၅။ ထို့ကြောင့် ယခု… ကျွန်တော်ထံသို့လာပါ၊ သင်တို့၏ဖခင် … ကျွန်ုပ်၏ဖခင် ကျွန်ုပ်နှင့်အတူ လူပျိုပေါက်လေးက ရှိမ နေပါ၊ သူ့အသက်တာသည် လူပျိုပေါက်အရွယ်၌ အကန့်သတ်ခံခဲ့ရသည်ကို သိမြင်ရပါမည်။

ဘုရားသခင်သည် သူ့ကိုယ်ပိုင်ဘဝကို ဣသရေလတို့နှင့် ကန့်သတ်မှုကိုပြုခဲ့ပါသည်။ ကိုယ်တော်သည် သူမနှင့်ထိမ်းမြားခဲ့ ပါသည်။ ကျွန်တော်တို့ မိနစ်ပိုင်းအနည်းငယ်လောက် အချိန်ယူရပါမည်။ ဘုရားသခင် အလိုတော်ရှိလျှင် ဖြစ်သည်။ ကိုယ်တော်သည် ဣသရေလတို့နှင့်လက်ထပ်ခဲ့ပါသည်။ ကိုယ်တော်၏ဇနီးက ကန့်သတ်မှုပြုပါသည်၊ ကိုယ်တော်ကတော့ အနောက်ဘက်က မစ္စဘရမ်ဟမ်ကို ကန့်သတ်မှုပြုပါသည်၊ ကျွန်တော်ရဲ့ဇနီးသည်ကိုဖြစ်သည်၊ သင်ကတော့ သင့်ဇနီးသည် ကို ကန့်သတ်မှုပြုပါမည်၊ သင့်ဇနီးသည်ဟာ ထုတ်ပိုးရစ်ပတ်ခြင်းကိုခံရပါမည်။ ဘုရားသခင်သည် ဣသရေလတို့နှင့် ဆောင် နှင်းမှုပြုပါသည်။ အဲဒါဘာလဲ။ ယာကုပ်က 'ငါ့ဇနီးသည် ဤကလေး ရစ်ပတ်နှောင်ဖွဲ့လျက် ကန့်သတ်မှုပြုသည်' ဟု ဆိုခဲ့ ပါသည်။

အဲဒီလိုတွေ ဖြစ်သွားပါလိမ့်မည်၊ ကျွန်ုပ်တို့နှင့်အတူပါမလာသော လုလင်ငယ်ကို သူတွေ့မြင်ခဲ့ပါသည်။ (ယောသပ်က လုလင်ငယ်ကို ခေါ်လာစေပါသည်၊ သင်သိပါတယ်၊ ဇာတ်ကြောင်းကို ကျွန်ုပ်တို့သိပါတယ်။) ပြီးရင် သူသေသွားပါမည် (သူ့ဖခင်ဖြစ်သည်) ကိုယ်တော်၏ကျွန်၊ ကျွန်ုပ်တို့၏အဖသည် ဆံပင်ဖြူနှင့်တကွ ဝမ်းနည်းဖွယ် မရဏာနိုင်ငံသို့ သက်ဆင်းရ မည်ဟု ဆိုကြပါသည်။ (ယခု ရှဘင်က အသနားခံခြင်းကို လိုက်လျောမှုပြုရန် ဆောင်ရွက်မှုပြုတော့သည်။)

၃၂ ကိုယ်တော်ကျွန်က အကျွန်ုပ်သည် တဖန်ဆူးပင်ကို အဘထံသို့ပြန်၍ မဆောင်ခဲ့လျှင် အစဉ်မပြတ် အဘရှေ့မှာ အပြစ်ကို ခံပါစေဟု ဆိုသဖြင့် အဘထံမှသူငယ်၏အာမခံဖြစ်ပါ၏။ ၃၃ သို့ဖြစ်၍ ကိုယ်တော်ကျွန်သည် သူငယ်အတွက် နေရစ်၍ သခင်ထံကျွန်ခံရသောအခွင့် သူငယ်ကိုကား အစ်ကိုတို့နှင့်အတူ သွားရသောအခွင့်ကို ပေးတော်မူပါ။ ထို့ကြောင့် ကျွန်တော်သင့်အတွက် ဆုတောင်းမှုပြုပါသည်။ သူငယ်(လုလင်)အစားအစေခံကျွန်တယောက်ကိုသည်းညီးခံတတ်စေရန်ဖြစ်သည်။ အို၊ ကျွန်တော် သိမြင်ရမည်မှာ ယောသပ်အနားမှာ အမှန်တကယ် မတ်တပ်ရပ်နေခဲ့ပါသည်။ သူ့ရဲ့ညီအစ်ကိုဖြစ် ပါသည်။ ဤသူမှာ ယောသပ်ဖြစ်ပါသည်၊ သူက ယောသပ်ကိုမသိပါ။ အို၊ နှစ်ရာစုများ အစပြုလာသည့်တိုင် စောင့်ဆိုင်းမှုပြု ပါ။ ညီအစ်ကိုတို့။

…သူငယ်အစား ကိုယ်တော်ကျွန်အား နေရစ်ရသောအခွင့်ကိုပေးပါ (သူပြောတာကို နားထောင်ပါသည်၊ သခင်တယောက် ကို ဝန်ချတောင်းပန်မှုကိုသူခံရပါသည်။) သူငယ်ကိုကား ညီအစ်ကိုတို့နှင့်အတူ လိုက်သွားခွင့်ကို ပေးတော်မူပါ။

၃၄ အဘယ်သို့ သူငယ်မပါဘဲ အဘအိမ်သို့ ကျွန်ုပ်တို့ ပြန်ရပါမည်နည်း၊ သို့ပြုလျှင် ကျွန်ုပ်တို့အဘ၌ ရောက်တတ်သောဘေး ဥပဒ်ကို ကျွန်တော်မြင်ရပါလိမ့်မည်ဟု လျှောက်ကြလေသည်။

46 ၄၆။ အဘနာခံကြပါသည်၊ သူတို့ပိုင်သောအသက်များကို ပေးအပ်ကြပါသည်။ ယုဒလူမျိုးတို့ သူတို့လက်ကို ဖြတ်ပစ်ပြီး မည်သို့ရပ်တည်မှုပြုနိုင်ပါမည်နည်း။ ကြည့်ပါ။ ယခု အခန်းငယ်လေးဆယ့်ငါးကို ကြည့်ပါ။ သေသေချာချာ နားထောင်ပါ။ အဲဒါကို မမေးလိုက်ပါနှင့်။ သူနှင့်အတူ ညီအစ်ကိုအားလုံး မထသေးခင်အချိန်ထိ ယောသပ်က သူ့ကိုယ်သူချုပ်တည်းမှုပြုပါ သည်။ (ညီအစ်ကိုက အပြစ်ကို အဆုံးသတ်စေသောအချိန်နာရီဖြစ်သည်၊ မယုံကြည်မှုများသည် ပျံ့နှံ့သွားခဲ့ပါသည်။) သူငို ကြွေးပါသည်၊ လူတွေကို ထွက်သွားစေပါသည် -

...သူ့ထံမှ ထွက်သွားစေပါသည်၊ သူနှင့်အတူ ဘယ်သူမှ ထရပ်ခြင်းမရှိခဲ့ပါ။ အဲဒီအချိန်မှာပဲ ယောသပ်ဟာ သူ့ကိုယ်သူ သူ့ ညီအစ်ကိုများအား သိစေခဲ့ပါတယ်။

အဲဒါဘာလဲ။ သူပိုင်သောဇနီးသည်က နန်းတော်အနောက်ဘက်ကို ထွက်ခွာသွားခဲ့ပါသည်။ အို၊ ကျွန်တော်၊ ဘုန်းတော်ဖြင့် ယေရှုကြွလာတော်မူစဉ် သတို့သမီးရှိပါသည်။ (ဒီနေရာမှာ ကျွန်ုပ်တို့စုရုံးကြပါမည်) လူတို့သိလာအောင် သူ့ကိုယ်သူ ဆောင် ရွက်မှုပြုပါမည်။

47 ၄၇။ သူအကျယ်ကြီးအော်ငိုပါတော့သည် (ယောသပ်သည် ဘယ်လိုမှ ကြာကြာတောင့်မထားနိုင်တော့ပါဘူး သူအော်ငို ပါတော့သည်။) အီဂျစ်လူမျိုးတွေနဲ့ ဖာရောဘုရင်၏အိမ်တော်ကပင် ကြားရပါသည်။ (ယောသပ်၏အော်ငိုသံကိုကြားသော အလုပ်သမားတွေက နန်းတော်အနောက်ဘက်ကို ထွက်ပြေးကြပါသည်။)

ယခု၊ ခရစ်တော်နှင့်ဂျူးတို့ဆုံတွေ့ရမည့်ပုံစံလိုမျိုးဖြစ်ပါသည်။ ကိုယ်တော်သည် သူတို့မျက်စိကန်းကြောင်းကို သိပါသည်။ ဒါကြောင့် ကျွန်ုပ်တို့တွင် အခွင့်အရေးတရပ်ရှိခြင်းဖြစ်သည်။ သို့သော် ကိုယ်တော်သည် သူတို့ထံသို့ တဖန်ကြွလာတော်မူပါ မည်။ ဣသရေလတို့၏အပြစ်သည် လွှန်မြောက်သွားပါမည်။

ယောသပ်က သူ့ညီအစ်ကိုတွေကိုပြောပါသည်၊ ငါဟာယောသပ်ပဲဖြစ်တယ်။ (ယေရှုမည်သို့ မိန့်တော်မူမည်ဟု သင်ထင်ပါ သနည်း။ ငါဟာမေရှိယပဲ၊ ငါဟာ သင်တို့ကားစင်တင်သတ်တဲ့လူပဲဖြစ်တယ်။) ကျွန်တော်အဖေ အသက်ရှင်နေသေးလား။ အဲဒီတော့ သူ့ညီအစ်ကိုတွေက သူ့ကိုဘာမှအဖြေပြန်မပေးနိုင်ကြတော့ပါဘူး။ သူ၏ဖြစ်တည်ခြင်း၌ သူတို့အတွက် ပြဿနာ တက်ပါတော့သည်။

48 ၄၈။ အို၊ တမိနစ်လောက် ဒီနေရာမှာ ကျွန်တော်ရပ်ထားပါမည်။ ဇာခရိသို့ ပြန်လှန်ကြပါစို့၊ အခန်းကြီး ဆယ့်နှစ်ဖြစ်သည်။ ယခု ကျွန်တော်တို့ ဇာခရိအနာဂတ္တိကျမ်းကို သွားကြပါမည်။ ဇာခရိအနာဂတ္တိကျမ်း အခန်းကြီးဆယ့်နှစ်ဖြစ်ပါသည်။ ကျွန်တော် အချိန်နည်းနည်း ပိုယူသွားပါမည်။ ဤအရာပေါ်မှာ ကျွန်တော် စတင်၍ဟောပြောမှုပြုပါမည်၊ ဒါပေမယ့် ကျွန်တော်ဘာမှမမျှော်လင့်ပါဘူး။ ဆိုးဝါးသောကြောင့် ကျွန်တော် သင့်ကို ရရှိစေလိုပါသည်။

ဇာခရိဖြစ်သည်။ ဇာခရိအနာဂတ္တိကျမ်း အခန်းကြီးဆယ့်နှစ်ဖြစ်ပါသည်။ ကိုယ်တော်၏ညီအစ်ကိုများ မတည်ရှိမီ ကိုယ်တော် ရပ်တည်ရာအရပ်၌ ယခု ကိုယ်တော် မိန့်ကြားရမည့်အရာရှိနေပါသည်။ ဇာခရိအနာဂတ္တိကျမ်း အခန်းကြီး ၁၂၊ ၁၀ ... ယခု အပြစ်ကို အဆုံးသတ်မှုပြုပါမည်။ မှန်ပါသည်။ အခန်းကြီး ၁၂၊ အခန်းငယ် ၁၀ဖြစ်ပါသည်။

49 ၄၉။ သတိပြုပါ၊ ယခု၊ ဤနေရာ၌ ကျန်ကြွင်းသောအရာကို သူပြောပါမည်။ ဂျေရုရှလင်သည် ရန်သူလက်၌ အသုံးခံခဲ့ရပါ သည်။ သားရဲနှင့်ရန်သူများက အဝေးကို ခေါ်သွားကာ ခရီးဆက်မှုပြုပါသည်။ အားလုံး ယခု အဆုံးသတ်ဖို့ ဖြစ်လာပါတော့ သည်။ ဤအရာသည် ထောင်စုနှစ်ကာလ ဖြစ်လုနီးနေပါပြီ ယခု အမှန်တကယ် ထောင်စုနှစ်(ဖိုလေနီ)ကာလကိုအစပြုနေရာ ချရပါတော့မည်။ ၉ ထိုကာလ၌ ယေရုရှင်မြို့ကို တိုက်လာသောလူမျိုးအပေါင်းတို့ကို ဖျက်ဆီးခြင်းငှာ ငါသည်အားထုတ်မည်။ ၁၀ ကျေးဇူးတော်ကို ခံသောသဘောဆုတောင်းပဌာနာပြုသောသဘောကိုဒါဝိဒ်မင်းမျိုးယေရုရှလင်မြို့သားတို့အပေါ်သို့ငါ သွန်းလောင်းသဖြင့် သူတို့သည် မိမိတို့ထိုးဖောက်သောငါ့ကိုရှုမြင်ကြရလိမ့်မည်။ တယောက်တည်းသောသားအတွက် အဘ သည် ငိုကြွေးမြည်တမ်းသကဲ့သို့ ထိုသူအတွက်ငိုကြွေးမြည်တမ်းရကြလိမ့်မည်။ သားဦးအတွက် အဘသည် နာကြည်းသကဲ့ သို့ နားကြည်းရကြလိမ့်မည်။

50 ၅၀။ နားထောင်ပါ။ ယောသပ်ကဲ့သို့ ကိုယ်တော်က သူတို့ကို သိစေရန် ထင်ရှားစွာပြတော်မူသောအခါ အော်ဟစ်ငိုကြွေး မှုကိုပြုကြပေမည်။

ကြားနာပါ။

ထိုနေ့ရက်ကာလ၌ ဂျေရုရှလင်၏ကြီးစွာသော ငိုကြွေးမြည်တမ်းခြင်းရှိပေမည်၊ ညည်းတွားမြည်တမ်းခြင်းကို (အိတ်ခ်-ျ-အေ-ဒီ- အေ-အေ-အိုင်-အမ်-အမ်-အို ကို ကျွန်တော် အသံပီသစွာ မပြောနိုင်ပါဘူး) မက်ဂီဒွန်မှ ဟက်ဒဒရင်မွန်ဆိုတာပဲ ဖြစ်ပါတယ်။

ထိုမြေကြီးသည် ငိုကြွေးမြည်တမ်းမှုကို ပြုပေမည်။ မိသားစုတိုင်း ဖရိုဖရဲဖြစ်ပါမည်။ ဒါဝိဒ်မြို့၏အိမ်တို့သည် သီးခြားဖြစ်ကြ ပါမည်။ သူတို့ဇနီးမယားတို့နှင့် ကွဲကွာကြပါမည်။ နာသန်၏အိမ်တော်သည် ပျံ့ကျဲခြင်းရှိပါသည်။ မိသားစုတို့သည် တကွဲတပြားဖြစ်ရကြပါမည်။

....လေဝိ၏အိမ်တော်သည် ... သူ၏ဇနီးနှင့်မိသားစုဝင်တို့သည် ကွဲပြားကြလေပြီး ... ရှမောင်နှင့် သူတို့သည်လည်း ...တသီး တခြားဖြစ်လျက်။

မိသားစုအားလုံး ကြွင်းကျန်ရစ်ပေမည်၊ မိသားစုတိုင်း ... သူတို့၏ ခင်ပွန်းသည်နှင့် သီးခြားရှိပေမည်။ ထိုအရပ်၌ ရပ်နေစဉ် သူတို့ကိုယ်သူတို့ ရှက်ကြောက်ခြင်းရှိပေမည်။ သူတို့ကားစင်တင်သတ်ခဲ့သည်။ အလွန့်အလွန်သော တစုံတရာပေတည်း၊ ညကာလ၌ဖြစ်သည်၊

အဲဒီမှာရပ်နေပါသည်၊ သူတို့ပိုင်သသော အဖိုးတန်ပေးယောသပ်ပင်တည်း။ ငိုကြွေးမြည်တမ်းခြင်း ရှိပေ မည်။ သူတို့က ပြောပါမည်။ 'သင်အဲဒီ အမာရွတ်တွေကို ဘယ်နေရာက ရခဲ့ခြင်းဖြစ်သလဲ ' ဟုမေးကြပါသည်။ 'ကျွန်ုပ်မိတ် ဆွေ၏အိမ်တော်က ဖြစ်သည်ဟုဆိုပါမည်။ ကျွန်တော် ဆိုလိုတာကို သင်သိမြင်ပါသလား။ အပြစ်တွေကို အဆုံးသတ်ရပါ မည်။ မယုံကြည်ခြင်းကို အဆုံးသတ်ရပါမည်။ ကိုယ်တော်၏ကြွလာတော်မူခြင်းအတွက် ဖြစ်သည်။

51 ၅၁။ ဤအရာသည် ဒံယေလ၏အနှစ် ခုနှစ်ဆယ်၌ရှိပါသည် - သီတင်းခုနှစ်ဆယ်လည်း ဖြစ်ကောင်းဖြစ်နိုင်ပါသည်၊ အပြစ် တွေကို အဆုံးသတ်ဖို့ရာ ကြွလာတော်မူပါမည်၊ ထိုအပြစ်ကို အဝေးသို့ရောက်ရှိစေပါသည်။ ယခု သင်နားလည်ပါသလား။ အစပထမက ဘာဖြစ်ပါသလဲ။ ထုံးတမ်းစဉ်လာများကို ဖောက်ဖျက်၍ အဆုံးသတ်လိုက်ရန်ဖြစ်သည်။ အပြစ်ကို အဆုံးသတ် စေခြင်းဖြစ်သည်။ နံပါတ်သုံးဖြစ်သည်။ မစင်ကြယ်သောအရာအတွက် ပြန်လည်စေ့စပ်ကိုက်ညှိပေးခြင်း၊ ဖြစ်သည်- အဲဒီအရာကို သင်ချရေးထားပါ ... (အဲဒီက ကျမ်းချက်ခြောက်ခုလောက် ကျွန်တော်မှာ ရှိနေပါသည်။ သို့သော် ကျွန်တော် အဲဒါကိုကျော်သွားပါမည်။ ဘာဖြစ်လို့လဲဆိုရင် ပူလို့ပါပဲ ကျွန်တော်တို့ အချိန်အများကြီးမယူချင်ပါဘူး။ ကျွန်တော် လုပ်နိုင်တာ ထက်ပိုပြီး ကျွန်တော်ဆောင်ရွက်ချင်ပါသေးသည်။ သို့သော် သင့်ကို အကြာကြီးဆွဲမထားပါဘူး။) ဟုတ်ပါပြီ။

52 ၅၂။ မစင်ကြယ်သောအရာအတွက် ပြန်လည်ကိုက်ညှိပေးခြင်းဖြစ်ပါသည်။ မစင်ကြယ်သောအရာသည် မှားယွင်းမှုကို လုပ်ဆောင်ပါသည်။ ကားတိုင်၌ သူတို့လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ ကိုယ်တော်သည် ပြန်လည်ကိုက်ညီမှုကို လုပ်ဆောင်မှုပြု ပါသည်။ သို့သော် ထိုအရာကို သူတို့၌ အသုံးပြုမည်မဟုတ်ပါ။ သူတို့၌အသုံးချမည်မဟုတ်ပါ။ အဘယ်ကြောင့်နည်း။ အဘယ် ကြောင့်ဆိုသော် သူတို့သည် မျက်စိကွယ်၍ မမြင်နိုင်ကြသောကြောင့်ဖြစ်သည်။ ဘာလို့အဲဒီလို သူတို့လုပ်တာလဲဆိုရင် ... မျက်စိကွယ်၍ မဟုတ်ပါလော။ 'ကောင်းပြီ ဖြစ်နိုင်တာက ဒီနေ့ ကျွန်တော် မျက်စိကန်းခြင်းကြောင့်ဖြစ်သည် ... သင်ကိုယ် သင် တမင်သက်သက် မျက်စိကွယ်စေခြင်းကြောင့်ဖြစ်သည်။ သူတို့အားလုံး မျက်စိကွယ်ရခြင်းမှာ ဘုရားသခင်သူတို့အား မျက်စိ ကွယ်စေသောကြောင့်ဖြစ်သည်။ သို့သော် သင်၏မျက်စိကွယ်ခြင်းမှာမူ သင်ကိုယ်သင် တဖန်သက်သက် မျက်စိ ကွယ်စေသောကြောင့်ဖြစ်သည်။ သင့်အတွက် မည်သို့သော ပြန်လည်စေ့စပ်ကိုက်ညှိပေးလို့မှမရပါ။ ' ငါသည် သူဖြစ်ခြင်းကို သင်မယုံ ကြည်လျှင် ' ' သင်သည်အပြစ်၌သေရမည် ' ဟု ယေရှုမိန့်တော်မူခဲ့ပါသည်။ မှန်ပါတယ်။

53 ၅၃။ ယခု ဓာခရိအနာဂတ္တိကျမ်းကို တဖန်ပြန်သွားကြပါစို့။ အခန်းကြီးဆယ့်သုံးဖြစ်သည်။ ယခု ဒီနေရာမှာ ကြားနာကြပါစို့ ပြန်လည်ကိုက်ညီစေ့စပ်မှုကိုပြုပါ.. ယခု ဘယ်နေရာမှာ ...(ဤနေရာမှာ ဒီနေရာကို ကြားနာမှုပြုသူ တယောက်ယောက်ကို ကျွန်တော်ကြည့်ရှုနေပါသည်။ သို့သော် ဘုရားသခင်၏အလိုတော်ကတော့ နည်းလမ်းတခုခုဖြင့် ရှိနေနိုင်ပါသည်။)

'ထိုသို့သောနေ့ရက်ကာလတွေ ရှိလာပါမည် ... ' ထိုသို့သောနေ့ရက်ကာလ၌ ဒေါက်တာစကိုးဖီးမှာ မှတ်ထားတာတွေရှိပါ သည်။ စာပိုဒ်လိုက်၊ ခေါင်းစဉ်အလိုက်ဖြစ်သည်။ 'ကြွင်းကျန်သောအရာမှာ - ကျန်ကြွင်းသောနောင်တရခြင်းသည် ကားတိုင် ကို ညွှန်ပြနေပါသည်။

မစင်ကြယ်သောအရာအတွက် ပြန်လည်စေ့စပ်မှုကို ဆောင်ရွက်ခြင်းဖြစ်သည်။ မစင်ကြယ်ခြင်းဟူသည် ပို၍ကောင်းသည်ဆို သော မှားယွင်းသောအရာတခုခုကို သင်လုပ်ဆောင်လိုက်ခြင်းဖြစ်သည်။ အဲဒီလိုမျိုး သင်မဖြစ်သင့်ပါ။ 'ကျွန်ုပ်တို့၏နှလုံးသား ၌ မစင်ကြယ်သောအရာများကို တွေးတောနေမည်ဆိုပါက၊ ဘုရားသခင်က ကျွန်ုပ်တို့အသံကို ကြားနိုင်မည်မဟုတ်ပါ။'

54 ၅၄။ ယခု ဓာခရိအခန်းကြီးအစဆုံးဖြစ်ပါသည်၊ အခန်းကြီး ၁၃ အငယ် တစ်က စကြပါစို့။

၁ ထိုကာလ၌ ဒါဝိဒ်မင်းမျိုးနှင့် ယေရုရှလင်မြို့သားတို့၏ ဒုစရိုက်အပြစ်အညစ်အကြေးကိုဆေးကြောစရာဘို့ စမ်းရေတွင်း သည် ပွင့်လျက်ရှိလိမ့်မည်။ အိမ်တော်၏တံခါးက ပွင့်လာပါမည်၊ ရှေ့သို့သွားပါ၊ ကျွန်ုပ်တို့ ဖတ်ချသွားလို့ရပါသည်။ ကျွန်တော် သင်ဖတ်ပြီးသွားတဲ့အရာတွေကို သင်အားမှတ်ထားစေလိုပါသည်။ သို့သော် ယခု ကျွန်တော် ဤအခန်းငယ် ခြောက်မှစ၍ အငယ်တစ်ဆယ်အထိ ဖတ်သွားတဲ့အရာတွေကို မှတ်ထားလိုက်ပါသည်။ ဟုတ်ပ်ပါပြီ ယခု မှတ်ကြပါစို့ သိမြင်ရပါမည် - အငယ်ကိုးကိုလည်း ဖတ်ရပါမည်။

၆ ' သူတပါးကလည်း၊ သင့်လက်၌ပေါ်သောဒဏ်ရာကား အဘယ်သို့နည်းဟုမေးလျှင် ဤဒဏ်ရာကား အကျွန်ုပ်၏အဆွေ ခင်ပွန်းအိမ်၌ ခံရသောဒဏ်ရာဖြစ်ပါသည်ဟု ပြန်ပြောလိမ့်မည်။ ၇ ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရား၊ အိုထား၊ငါ၏ သိုးထိန်းတဖက်၊ ငါ၏အပေါင်းအဘော်ဖြစ်သောသူတဘက်၌နိုးလော့။ သိုးထိန်းကိုရိုက်သတ်လော့။ သို့ပြုလျှင်သိုးတို့သည် ကွဲလွင့်ရကြလိမ့်မည်။ သိုးသငယ်တို့အပေါ်၌လည်း ငါသည်ငါ့လက်ကိုတင်ဦးမည်။'

55 ၅၅။ ယခု ယေရှုခရစ်တော်သည် နှုတ်ကပတ်တော်ကို ကိုးကားဖော်ပြမှုပြုသည်ကို သိမြင်ရပါမည်။ 'သင် သိုးထိန်းကို ထိ ခိုက်စေမည်ဆိုပါက သိုးတို့သည် ပျံ့နှံ့ကြမည်ဖြစ်သည်။' သို့သော် နောက်စာပိုဒ်ကို သတိထားပါ။ ထိုအရာများစွာကို သူ သည် ကိုးကားဖော်ပြမှုပြုပါသည်။ သို့သော် နောက်စာကြောင်းတကြောင်းက ပြောသောအရာကိုကြည့်ပါ။ ထိုအရာ၏ နောက် အစိတ်အပိုင်းတခုဖြစ်သည်။ 'ကျွန်ုပ်သည် ကျွန်ုပ်၏လက်ကိုပြန်၍ တစုံတရာသောကိစ္စငယ်ကို ဖြစ်ပွားစေပါမည်။' ဘာလဲ ဘင်ဂျမင်ပါတဲ့ အုပ်စုတော့ ယခုရောက်လာကြပါပြီ။ 'ကျွန်တော်လက်ကိုပြန်၍ ကျွန်တော်တစုံတခုသောအရာကို ဖြစ်ပျက်စေ ပါမည်.' 'သိုးထိန်းကို ရိုက်နှက်မှုပြုပါသည်။' ဣသရေလတို့သည် ကနဦးဣသရေလတို့သည် သိုးထိန်းကိုရိုက်သတ်၍ သိုး တို့ကို ကမ႓ာအနှံ့ ပျံ့စေပါသည်။ သို့သော် ဘုရားသခင်က 'ငါသည် နောက်ဆုံးနေ့ရက်ကာလ၌ သိုးတို့ကို ငါ့လက်ဖြင့် တဖန် စုရုံး၍ တစုံတခုသောအမှုငယ်ကိုပြုမည်။' ဟုမိန့်တော်မူခဲ့ပါသည်။ ဘယ်အချိန်မှာလဲ။ မသန့်ရှင်းသောအရာကို တေ့တေ့ ဆိုင်ဆိုင် ပြန်လည်ကိုက်ညီစေသောအချိန်၌ဖြစ်သည်။ အစ္စရေးတို့သည် ကယ်တင်ခြင်းကို ခံရပါမည်။ သူတို့တဦးတယောက် ချင်းစီက ကယ်တင်ခြင်းကို ခံရပါလိမ့်မည်။

56 ၅၆။ ဟေရှာယအနာဂတ္တိကျမ်းသို့ သွားကြပါစို့။ ဟေရှာယအနာဂတ္တိကျမ်း အခန်းကြီးခြောက်ဆယ့်ခြောက်ဖြစ်သည်။ ခဏ ကြာရင် ဖတ်ပါမည်၊ ဣသရေလတို့ကို ဘုရားသခင်ကယ်တင်မည့်အကြောင်း မိန့်တော်မူခဲ့ပါသည်။ မည်မျှအချိန်ကာလ ကြာ သောအခါ ဣသရေလတို့သည် ကယ်တင်ခြင်းကို ခံရပါမည်နည်း။ မည်သို့အလျင်အမြန် လာမည်ကိုကြည့်ပါ။ ဟေရှာယ အနာဂတ္တိကျမ်း အခန်းကြီး ၆၆၊ အငယ် ၈ ဖြစ်သည်။ အဲဒါအားလုံးကို သင်ဖတ်လိုပါသည်။ ဟုတ်ပါပြီ။

၈ ထိုသို့သောအမှုကို အဘယ်သူသည်ကြားဘူးသနည်း။ ထိုသို့သောအမှုကို အဘယ်သူမြင်ဘူးသနည်း။ တိုင်းနိုင်ငံကို တနေ့ခြင်းတွင် သွားတတ်သလော။ ပြည်သူပြည်သားအပေါင်းတို့ကို တပြိုင်နက်ဘွားတက်သလော။ ဇိအုန်သတို့သမီးသည် သားဘွားခြင်းဝေဒနာကိုခံအံ့ဆဲဆဲတွင် သားများကို ဘွားမြင်ပါသည်တကား။ '

မကြာခင်တွင် ဇိအုန်သတို့သမီးသည် သူ၏ကယ်တင်ရှင် မေရှိယကို မြင်ရလေသည်။ တနေ့သောနေ့ရက်၌ သူမသည် တဖန် ဖွားမြင်ခြင်းကို ခံရပါသည်။ အပြစ်အတွက် ပြန်လည်ကိုက်ညှိမှုကို ပြုပါသည်၊ မစင်ကြယ်ခြင်းအတွက် ပြန်လည်စေ့စပ်မှုကို ဆောင်ရွက်ပါသည်။ မသန့်ရှင်းခြင်းအတွက် ပြန်လည်ကိုက်ညီစေပါသည်။ အို၊ ကျွန်တော်ဟာ မကောင်းမှုဆိုသောအရာကို သူတို့လုပ်ဆောင်ကြပါသည်၊ မှားယွင်းသောအမှုကို သူတို့ဆောင်ရွက်ကြပါသည်။ သူတို့၏မဖြောင့်မတ်မစင်ကြယ်သောအရာ အတွက် ပြန်လည်စေ့စပ်မှုကိုဖြစ်ပေါ်စေပါသည်။ ဒံယေလအနာဂတ္တိကျမ်း ၉း၂၄။

57 ၅၇။ နံပါတ်လေးဖြစ်သည်။ မကုန်ဆုံးနိုင်သော ဖြောင့်မတ်ခြင်းကို ယူဆောင်လာရန်အတွက်ဖြစ်သည်။ ထိုစတုတ္ထအချက် မှာ သူရောက်လာဖို့ပဲဖြစ်ပါတယ်၊ စတုတ္ထအချက်ဖြစ်သည်။ သူလာတဲ့အခါ ဘာကိုလုပ်ဆောင်ပါမည်နည်း။ မကုန်ဆုံးနိုင် သော ဖြောင့်မတ်ခြင်းကို ယူဆောင်လာရန်ပဲဖြစ်ပါတယ် - အပြစ်ကို အဆုံးသတ်စေပါမည် - ပြန်လည်စေ့စပ်၍ ကိုက်ညီစေ ပါမည်။ ထာဝရမကုန်ဆုံးနိုင်မည့် ဖြောင့်မတ်ခြင်းကို သယ်ဆောင်လာပါမည်။ ... ဣသရေတို့၏ ဓလေ့ထုံးစံများကို ဖောက် ဖျက်ခြင်းဖြစ်သည် ....

ယခု ကျွန်တော်တို့ သွားရမည်မှာ ... ကျွန်တော် သင့်ကို ဒီအရာကိုဖမ်းထားစေလိုပါသည်။ အဘယ်ကြောင့်ဆိုသော် ထိုအမျိုး သမီးကို ကျွန်ုပ်တို့ ဆောင်ယူမှုပြုစဉ် နဂါးက ဖြတ်တောက်မှုပြုမည်ဆိုသောကြောင့်ပေတည်း။ သင် အမှန်တကယ် တူညီ သောကျမ်းချက်များဆီသို့ တဖန်ပြန်သွားရပါဦးမည်။ အသေအချာ စိုက်ထူထားရပါမည်။ ဣသရေလ ထုံးတမ်းစဉ်လာများကို ချိုးဖျက်မှုပြုရာ၌ အဆုံးသတ်သွားစေပါမည်။ စာတန်သည် - သူတို့စွဲချက်တင်သူဖြစ်သည်၊ ကျွန်ုပ်တို့ စွပ်စွဲထားသူဖြစ်သည်-စာတန်သည် အဆုံးမရှိသောတွင်း၌ တံဆိပ်ခတ်ခြင်းကို ခံရသူဖြစ်သည်။ ဘယ်အချိန်မှာ ဘာဖြစ်ပါသလဲ။ မကုန်ဆုံးနိုင်သော ဖြောင့်မတ်ခြင်းကို ယူဆောင်လာသောအချိန်၌ တစုံတခုသောအရာသည် အဆုံးသတ်နိုင်မည်မဟုတ်ပါ။ အားလုံးဟာ ...... အဘယ်ကြောင့်ဆိုသော် အဝေး၌ မဖြောင့်မတ်သောအရာတို့သည် လွှင့်စင်ပျောက်ကွယ်သွားပါမည်။

58 ၅၈။ ဗျာဒိတ်ကျမ်းကို သွားကြပါစို့၊ အခန်းကြီး ၁၂ အငယ် ၁၃ ဖြစ်သည်။ တမိနစ်လောက်ဒီကနေပြီး တမိနစ်လောက် အချိန်ယူပြီး စဖတ်ကြပါစို့။ ဗျာဒိတ်ကျမ်း ၂၀ နှင့် ၁၃ ကို ဖြစ်သည်။ မဟုတ်သေးဘူး။ ကျွန်တော် သင့်ကိုတောင်းပန်ပါတယ်၊ ဗျာဒိတ်... ၁ မှ ၃ အထိ ဖြစ်ပါသည်။ ဒီအကြားမှာ မှတ်ထားတာလေးတွေကို ကျွန်တော်မမြင်လို့ပါ။ ကျွန်တော်မျက်လုံးထဲ တွင် ဒီနေရာက ကျွန်တော်ရွေးထွက်နေပါပြီ၊ ဗျာဒိတ် အခန်းကြီး ၂၀ ဖြစ်ပါသည် ... သိမြင်ကြပါစို့။

၁ 'တဖန်ကောင်းကင်တမန်သည် အနက်ဆုံးသောတွင်း၏သော့နှင့် သံကြိုးကြီးကို ကိုင်လျက် ကောင်းကင်က ဆင်းသက် သည်ကို ကိုင်လျက် ကောင်းကင်က ဆင်းသက်သည်ကို ငါမြင်၏။ ၂ ရှေးမြွေဟောင်း၊ မာရ်နတ်စာတန်တည်းဟူသော နဂါးကို ကိုင်ဘမ်း၍ အနှစ်တထောင်ဘို့ ချည်နှောင်လေ၏။ ၃ အနှစ်တထောင် မကုန်မှီတိုင်အောင် လူအမျိုးမျိုးတို့ကို မလှည့် ဖြားရမည်အကြောင်း အနက်ဆုံးသောတွင်းထဲသို့ချပစ်လှောင်ထား၍ တံဆိပ်ခတ်လေ၏။ အနှစ်တထောင်ကုန်ပြီးမှတဖန် ခဏလွှတ်ရဦးမည်။ ထာဝရအဆုံးမဲ့သောအရာကို ဆောင်ကျဉ်းမှုပြုပါသည် ... ထာဝရမကုန်ဆုံးသော ဖြောင့်မတ်ခြင်းကို ဆောင်ယူမှုပြုပါမည်။ စာတန်ကတော့ အဆုံးမရှိသောတွင်းထဲမှာ ရှိပါမည်။ ကိုယ်တော် ထိုသို့လုပ်ဆောင်မှုပြုပါမည်။ မကောင်းမှု၏တံဆိပ်လက်မှတ်ကို လူတို့သည် ခံရကြပေမည်။

59 ၅၉။ ယခု၊ ဟဗက္ကုတ်အနာဂတ္တိကျမ်းကို သွားကြပါမည်၊ အခန်းကြီး နှစ်ဖြစ်သည် - ဟဗက္ကုတ်အနာဂတ္တိကျမ်း အခန်းကြီး နှစ်ဖြစ်ပါသည်။ ယခု ဤရှေးမြွေဟောင်းကို ဘာကြောင့် သူတံဆိပ်ခတ်နိုပ်မှုပြုသည် ဆိုသောအရာကို ကျွန်ုပ်တို့ လေ့လာ ကြ ပါမည်။ ဘာအတွက်ကြောင့် လုပ်ဆောင်ပါသနည်း။ သူ့ကိုတံဆိပ်ခတ်ပြီးနောက် ချက်ချင်းဘာဖြစ်ပေါ်လာပါသလဲ။ ဒီအရာ ကို ကျွန်တော်နှစ်သက်ပါသည်၊ သင်မသိဘူးလား။ ထိုအရာက တစုံတခုသော အသိပညာကို ကျွန်ုပ်တို့ထံ ယူဆောင်လာပေး ပါမည်။ ဟဗက္ကုတ်အနာဂတ္တိကျမ်း - ဟဗက္ကုတ်အနာဂတ္တိကျမ်း အခန်းကြီးနှစ်၊ အငယ်ဆယ့်လေးဖြစ်ပါသည်။ အဲဒါကို ကျွန်တော်ယုံကြည်ပါသည်။ ကျွန်တော် ဖတ်လိုပါသည်။ အဲဒီအချိန် ဘာဖြစ်လဲဆိုတာ - ကြည့်ပါ။ ကမ႓ာလောကကြီးသည် ဘုရားသခင်၏အသိပညာတို့နှင့်ပြည့်လျက်ရှိပါသည်။ ဘုရားသခင်၏ဘုန်းထင်ရှားခြင်းပေတည်း။ ရေသည် ပင်လယ်ကို ဖုံး လွှမ်းလေသည်။ တနည်းအားဖြင့်ဆိုသော် ရန်သူတို့ အဝေး၌ရှိစေပါသည်။ အပြစ်တို့ကို အဆုံးသတ်စေပါသည်။ မကုန်ဆုံးနိုင် သော ဖြောင့်မတ်ခြင်းကို ဆောင်ယူလာပါမည်။ စာတန်ကို အဆုံးမရှိသောတွင်းထဲ၌ တံဆိပ်ခတ်၍ ထည့်ထားပါသည်။ ဘုရား သခင်၏ဥာဏ်တော်သည် ကမ္ဘာမြေကြီး၏ ပင်လယ်ပြင်၌ ရေကိုဖုံးလွှမ်းစေပါသည်။ အာမင်၊ ဘုရားသခင်၏ဘုန်းထင်ရှားခြင်း ပေတည်း။ ကြွလာပါသည်၊ ညီအစ်ကိုတို့၊ ကြွလာပါသည်။ မိန်းခလေးတို့သည် အမျိုးသမီးတို့ဖြစ်လာကြကာ အမျိုးသားတို့ သည် လူကြီးလူကောင်းများ ဖြစ်လာကြပါသည်။ အာမင်။

ဘုရားသခင်၏ဥာဏ်တော်သည် ဖြည့်စွက်မှုကိုပြုစဉ်အခါ

ကမ႓ာမြေကြီး ပင်လယ်ပြင်နှင့်ကောင်းကင်တို့သည်၊

အို၊ ကျွန်တော်နှလုံးသားသည် ကျယ်လောင်စွာ ညည်းညူမှုကိုပြု၍ ငိုကြွေးမိပါသည်။

ထိုနေ့သည် ချိုမြိန်သော လွတ်မြောက်ရာ နေ့ရက်ပင်တည်း။

ကျွန်ုပ်တို့၏ယေရှုသခင်သည် ကမ္ဘာမြေကြီးသို့ တဖန်ကြွတော်မူပါမည် (အာမင်)

ဟုတ်ပြီ၊ ယခု ထောင်စုနှစ်ကာလဆီသို့ ဝင်ရောက်နေပြီဖြစ်သည်။ ထိုထောင်စုနှစ်(မိလေနီ) ကာလ၌.... မြို့တော်ကို တည်ဆောက်မည့်ဖြစ်သည်။ စတုတ္တမြောက်အချက်ဖြစ်သည်။ ကျွန်တော်တွင် ကျမ်းပိုဒ်ခြောက်ပိုဒ်ထက် ပို၍ရှိနေပါသည်။ သို့သော် ကျွန်တော်တို့ မြန်မြန်သွားပါမည်။ ယခု ကျွန်တော်တို့ ပြန်လာသောအခါ အခြားသော ဤကျမ်းပိုဒ်တွေကို ကျွန်တော်ကောက်ကိုင်ပစ်လိုက်ပါမည်။ သို့သော် သင်ကတော့ ယေဘုယျမျှသာ တွေးမိပါသည်။

60 ၆၀။ နံပါတ်ငါးဖြစ်သည်။ ရူပါရုံနှင့်ပရောဖက်ပြုချက်ကို တံဆိပ်ခတ်မှုပြုပါမည်။ ကောင်းကင်တမန် ရောက်လာ၍ ရူပါရုံနှင့် ပရောဖက်ပြုချက်ကို တံဆိပ်ခတ်နိုပ်မှုပြုပါသည်။ ....(တိပ်သားတွင် လစ်လပ်နေပါသည်) အို၊ ကျေးဇူးပြု၍ ကျွန်တော်ကိုကူ ညီပါ၊ ကျွန်တော် အဲဒီလို မဆိုလိုပါဘူး။ မဟုတ်ဘူး။ လူတယောက်သည် ဘိသိတ်သွန်းခြင်း မခံရကြောင်းကို သိမြင်ရပါမည်။ လူတယောက်က ‘ဒီနေရာမှာ သင်ဟာ ဂျူးအသင်းတော်များသည် အစဉ်အမြဲ ရူပါရုံမြင်ခြင်းနှင့် ပရောဖက်ပြုခြင်းကို လက်ခံ ခွင့်ပြုကြောင်း တွေ့မြင်ရပါမည်။’ ဟု ပြောပါမည်။ ‘ဒံယေလခေတ်ကာလက ဒံယေလ ရောက်လာပါသည်၊ ဆိုလိုသည်မှာ သူတို့သည် ရူပါရုံထက်ပိုအရာ မပိုင်ဆိုင်ကြပါ၊ ပရောဖက်ပြုခြင်းဆိုသောအရာထက်ပိုသောကိစ္စ မရှိကြပါ။’ ဟု ဆိုပါသည်။ ယနေ့ သူတို့ပြောသော ဤရူပါရုံနှင့် ပရောကဖက်ပြုချက်ဆိုသော အရာအားလုံးသည် မကောင်းမှုအပေါင်း၏ အထွဋ်အခေါင် ဖြစ်ပါသည်။ ထိုသို့သာအရာသည် ရူပါရုံတခုလို ပရောဖက်ပြုချက်တခုလို ဖြစ်မနေခဲ့ပါ။ ညီအစ်ကို၊ ဒံယေလပြီးနောက် ပရော ဖက် ဒါဇင်လိုက် ပေါ်ထွက်ခဲ့ပါသည်။ ဗတ္တိဇံယောဟန် ယေရှုခရစ်တော်တို့သည် ဓမ္မသစ်၏ပရောဖက်များ ဖြစ်ပါသည်။ ရူပါရုံ ရှိပါသည်။ ကောင်းကင်တမန်ရှိပါသည်။ လူတို့ပြောသော ထိုကိစ္စသည် လောက၌ မည်သို့ဖြစ်နိုင်ပါသနည်း။ သို့သော် သင်တွေ့မြင်ရပါမည်။ လူတွေအပေါ်မှာ တစုံတခုသော ကိုယ်ကျိုးရှာသည့် စိတ်သဘောထားတခုက ကြိုးစား၍ တွန်းထုတ် ပစ်နေသည် ဆိုသောအရာကိုဖြစ်သည်။ အသင်းတော် လမ်းညွှန်မှုလေးတခုကို လုပ်ဆောင်ပါမည်။ နည်းနည်း ကြည့်လို့ကောင်းတဲ့ကိစ္စမျိုးလေးဖြစ်ပါသည်။ လူတွေဆီကို စစ်မှန်သောအရာတခု ရောက်ရှိလာပါမည်။ အကယ်၍ လူတွေက သန့်ရှင်းသောဝိညာဉ်တော်ကို မရရှိဘူးဆိုလျှင် ထိုအရာအားဖြင့် သူတို့သည် လှည့်ဖျားခြင်းကိုခံကြရပါမည်။

61 ၆၁။ ယခု၊ အချို့လူတွေပြောသောအရာကို အမှုမထားတော့ပါဘူး။ ယခု၊ သမ္မာကျမ်းစာကို ထိုအရာကိုသက်သေပြမှာ မ ဟုတ်ပါဘူး။ ဒါကြောင့် ကျွန်တော် ယူဆောင်သော ထိုအရာကို မည်သို့ဆောင်ရွက်နိုင်ပါမည်နည်း။ ကောင်းပြီ။ မည်သို့သော အရာကို အမှန်တကယ် တံဆိပ်ခတ်နိုပ်ကြောင်း ကျွန်တော်တို့ရှာဖွေကြပါမည်။ ကြည့်ပါ။ ကိုယ်တော် ကြွလာတော်မူ၍ ထိုကိစ္စကို ဆောင်ရွက်ပါမည်၊ ရူပါရုံနှင့် ပရောဖက်ပြုချက်ကို တံဆိပ်ခတ်နိုပ်မှုပြုပါမည်။

ယခု၊ ကျွန်ုပ်တို့ ဒံယေလအနာဂတ္တိကျမ်း၏ ဘယ်နေရာမှာရောက်နေသည်ကို အမှန်တကယ် ပြန်သွားရပါတော့မည်။ ဒံယေလအနာဂတ္တိကျမ်းကိုကျော်၍ ဘာပြောလဲဆိုတာကို ကျွန်တော်တို့ ရှာဖွေကြပါမည်။ ယခုတော့၊ ဒံယေလအနာဂတ္တိ ကျမ်း အခန်းကြီး၁၂ကို ပြန်သွားကြပါစို့။ အခု၊ ဒံယေလအနာဂတ္တိကျမ်း ၁၂ ကဲ့သို့သော နေရာ၌ ရောက်ရှိနေခြင်းဖြစ်သည်။ ယခု ကျွန်တော်တို့ စလို့ရပါမည်၊ အဲဒီက ဖတ်ရှုနိုင်ပါသည် ...ကျွန်ုပ်တို့ အိမ်ပြန်တဲ့အခါ အခန်းငယ်တစ်မှသင့်ကို ကျွန်ုပ်စ ဖတ်စေလိုပါသည်။ အခန်းငယ်တစ်မှ၊ အခန်းငယ်လေးအထိ ဖတ်သွားကြပါစို့။

၁ ထိုကာလ၌သင့်အမျိုးသားချင်းတို့၏အမှုကို စောင့်သောအရင်ကြီး မိက္ခေလသည် ပေါ်လိမ့်မည်။ လူမျိုးတစုံတမျိုးမျှ (ယခု ဤနောက်ဆုံးသောနေ့ရက်ကာလ ဖြစ်သည်) ဖြစ်သည့်ကာလမှစ၍ ထိုကာလတိုင်အောင် (ယခု ဤနောက်ဆုံးသော နေ့ရက်ကာလဖြစ်သည်။) ဖြစ်သည့် ကာလမှစ၍ ထိုကာလတိုင်အောင် မဖြစ်စဖူးသော ဆင်းရဲဒုက္ခကပ်ကာလသည် ရောက် လိမ့်မည်။ ထိုကာလအခါစာစောင်၌ စာရင်းဝင်သမျှသော သင်၏အမျိုးသားချင်းတို့သည် ကယ်လွတ်ခြင်းကို ရောက်ကြလိမ့် မည်။ ထိုအချိန်သည် အန္တိခရစ်၏အချိန်ကာလဖြစ်သည်။ ရှေ့ဆက်၍ ဤပထမတံဆိပ်မှာ မြင်းစီးသွားသူဖြစ်သည်။ သူဆက်လက်ဖြစ်ပွားစေသောအချိန်နာရီဖြစ်ပါသည်။ အချိန်ကျမလာသေးခင် အချိန်ထိဖြစ်သည်။ အချိန်မကျသေး၍ တိတုက ဂျေရုရှလင်မြို့ရိုးကြီးကို သိမ်းပိုက်လိုက်ပါသည်။ ထိုအရာသည် တနေရာတည်းမှာ ရှိနေခြင်းဖြစ်သည်။ ဤအန္တိခရစ်၏အချိန် နာရီကို ကြည့်ရှုပါ။ မင်းသားကြွလာတော်မူသည်ကို ကြည့်လိုက်ပါ။ သူရောက်လာချိန်ကို ကြည့်ရှုမှုပြုပါ။

..... တချိန်တည်းမှာ လူတို့သည် ထိုအချိန်၌ လွတ်မြောက်ခြင်းကိုခံကြရပေမည်။ လူတိုင်းလူတိုင်း စာအုပ်ထဲ၌(ကျမ်းလိပ်)ထဲ ၌ ရေးမှတ်ထားသောအရာကို မြင်တွေ့ကြရပါမည်။ (သင်တို့ဆိုသော ဣသရေလတို့ကို အသက်စာစောင်ထဲ၌ ရေးမှတ်ထား ခြင်းဖြစ်သည်။)

၂ ထိုကာလအခါ မြေမှုန့်၌ အိပ်ပျော်သောသူများတို့သည် နိုးကြလိမ့်မည်။ အချို့တို့ကား ထာဝရအသက်ရှင်ခြင်းနှင့်ငှင်း အချို့တို့ကား ရှက်ကြောက်ခြင်း၊ ထာဝရအသေရပျက်ခြင်းနှင့်ငှင်း နိုးကြရလိမ့်မည်။

62 ၆၂။ တိတုက ဂျေရုရှလင်မြို့ရိုးကို သိမ်းပိုက်မှုပြုသောအခါ လောက၌ မည်သို့သောအရာတွေ့ရှိလာနိုင်သနည်း။ ထိုအရာ က ဘယ်လိုဖြစ်လာစေပါသနည်း။ အဲဒါက ဘာမှမဖြစ်နိုင်ပါဘူး။ သိမြင်ရမည်မှာ နောက်ဆုံးအချိန်ဆိုသော သူပြောကြား သောအရာကို ဖြစ်သည်။ ရှင်ပြန်ထမြောက်ရာအချိန်ဖြစ်သည်။ အဲဒါဟုတ်ပါသလား။ အခု။

သူတို့ပိုင်းခြားသိမြင်ကြမည့် ဉာဏ်ပညာသည် ကောင်းကင်မျက်နှာကျက်၏ ထွန်းလင်းမှုကဲ့သို့ တောက်ပလာပေလိမ့်မည်။ ထာဝရအစဉ် အဖို့အလို့ငှာ သူတို့သည် များစွာသောဖြောင့်မတ်ခြင်း ကြယ်ပွင့်များဆီသို့ လှည့်သွားပါလိမ့်မည်။

ကြားနာပါ၊ ဒီနေရာမှာဖြစ်ပါသည်၊ စစ်မှန်သော သမ္မာတရားက တံဆိပ်ခတ်နိုပ်မှုပြုပါသည်။ သို့သော် သင်သည် ဒီနေရာမှာ ဖြစ်ပါသည်။ စစ်မှန်သော သမ္မာတရားက တံဆိပ်ခတ်နိုပ်မှုပြုပါသည်။ သို့သော် သင်သည် အို ဒံယေလ စကားလုံးတို့ကို ပိတ် လိုက်ပါတော့ စာလိပ်ကို တံဆိပ်ခတ်လိုက်ပါတော့ အချိန်နာရီတို့ အဆုံးသတ်သွားသည့် တိုင်အောင်ဖြစ်သည် ....

63 ၆၃။ ဘာဖြစ်ပါသလဲ။ အို၊ ဟာလေလုယာ။ သင်တန်းမှာ ထိုအရာကို သင်တွေ့မြင်ပါသလား။ ဤအရာမှာ ယေရှုခရစ်တော်၏ ဗျာဒိတ်ပြချက်ဖြစ်၍ ကိုယ်တော်၏တန်ခိုးတော်ဖြစ်ပါသည်။ ကိုယ်တော်၏ကြွလာတော်မူခြင်းဖြစ်သည်။ နောက်ဆုံးသောကာလဖြစ်သည်- ဤအချိန်နာရီအထိ တံဆိပ်ခတ်နိုပ်ခဲ့ပြီးဖြစ်ပါသည်။ ထိုအရာသည် ကိုယ်တော်ကြွလာ၍ အမှုပြုတော်မူမည့်အရာဖြစ်သည်။ ပညာအရည်အချင်းပိုင်းဆိုင်ရာများမှ ကွယ်ဝှက်ထားခြင်းဖြစ်ပါသည်။ ထိုပရောဖက်များနှင့် အလုံးစုံသောနည်းလမ်းများနောက် နောက်ကြောင်းပြန်လှည့်၍ အသုံးချရန် သူတို့တံဆိပ်ခတ်လိုသောအရာသည် အံ့ဩစရာ မဟုတ်ပါ။ ရေကို ကိုင်ထားလို့မရပါ။ သို့သော် ရူပါရုံမှာ ယခုဤနေရာ၌ အမှန်ရှိသည့်တိုင် တံဆိပ်ခတ်မှုပြုခဲ့ပြီးဖြစ်သည်။ ကျွန်တော်သည် ကျွန်တော်၏ယုံကြည်ခြင်းကို ဘုရားသခင်သူတို့အား ဖော်ပြတော်မူသော သီတင်းခုနှစ်ဆယ်ပေါ်တွင် နေရာ ချမှုပြုပါသည်။ 'တံဆိပ်ခတ်နိုပ်မှုပြုပါ။' သူက 'နောက်ဆုံးအချိန်ထိ' ဟုဆိုပါမည်။ 'စာသားများကိုခေါက်ပိတ်လိုက်ပါတော့။ နောက်ဆုံးအချိန်တိုင်အောင် တံဆိပ်ခတ်ထားလိုက်ပါတော့။ ' ဟု ပြောပါသည်။

64 ၆၄။ သူဘာတွေကို လုပ်ဆောင်ခဲ့ပါသနည်း။ ရူပါရုံနှင့် ပရောဖက်ပြုချက်တို့ကို တံဆိပ်ခတ်နိုပ်ခြင်းဖြစ်ပါတယ်။ ဒံယေလက ဤကိစ္စများကို ပရောဖက်ပြုခဲ့ပါသည်။ သူက ထိုအရာများကို ရူပါရုံတွေ့ခဲ့ပြီးဖြစ်သည်။ ကောင်းကင်တမန်သည် ရူပါရုံကိုရှင်း ၊ ပရောဖက်ပြုချက်ကိုရှင်း တံဆိပ်ခတ်မှုပြုရန် ရောက်လာပါသည်။ (အဲဒါကို သူတို့ဖတ်နိုင်ပါသည်၊ သို့သော် သူတို့နားလည်နိုင်မှာတော့ မဟုတ်ပါဘူး) နောက်ဆုံးအချိန်နာရီအထိဖြစ်သည်။ နောက်ဆုံးအချိန်နာရီဆိုတာ - နောက်ဆုံး အချိန်နာရီဆိုတာ ဘာဖြစ်ပါသလဲ၊ သီတင်းခုနှစ်ဆယ်၏အဆုံးသတ်ဖြစ်ပါသည်။ အဲဒီအချိန်မှာ မင်းသားကတော့ အန္တိခရစ် ဖြစ်ပါမည်။ ဤအချိန်နာရီ၌ ဖော်ပြမှုပြုပါမည်၊ ဘုရားသခင် ကိုယ်တော်တိုင် အမှုပြုတော်မူပါသည်။ အချိန်ကာလကို တံဆိပ် ခတ်နိုပ်မှုပြုသည်။ ဤအရာကို ကျွန်ုပ်တို့ မည်သို့ပြု၍ သိရှိနိုင်ပါမည်နည်း။ ဒံယေလကတော့ တောက်လျှောက် ရသွားပါ သည်....
ဤအရာကတော့ဒံယေလအနာဂတ္တိကျမ်း၏နောက်ဆုံးအခန်းဖြစ်ပါသည်။

65 ၆၅။ ဒီနေ့ နေ့လည်ခင်းက စစ်စတာဆင်ဆန်က ကျွန်တော်ကိုပြောပါသည်။ သူမက 'ဘရာသာဘရမ်ဟမ် ကျွန်မ ဒံယေလအနာဂတ္တိကျမ်း တခုလုံးကို ဖတ်ခဲ့ပြီးပါပြီ ကျွန်မ စဖတ်စဉ်ကထက် တောက်လျှောက် ကျွန်မပို၍ သိရှိလာခြင်းမျိုး မရှိပါဘူး' ဟု ပြောပါသည်။ ဒီနေရာမှာ စစ်စတာဆင်ဆန်၊ ဒီဥ ဒီမှာရှိမည်ဆိုရင်ပေါ့လေ။ အကျိုးမရှိပေရှည်သော စကားတ ခွန်းကိုမှ ကျွန်တော်ပြောမည်မဟုတ်ပါ။ ကျွန်တော်၏ငြိမ်းချမ်းမှုကို ကျွန်တော် ဆုပ်ကိုင်ထားပါမည်။ အဘယ်ကြောင့်ဆို သော် ကျွန်တော်စဉ်းစားမိသည်မှာ ထိုအရာကို ကျွန်တော်ရကောင်းရနိုင်လို့ပဲဖြစ်ပါသည်။ သို့သော် ဒံယေလ၏ရူပါရုံသည် နောက်ဆုံးသောအချိန်ကာလတိုင်အောင် မြစ်ကိုတံဆိပ်ခတ်နိုပ်ထားသောအရာကိုမြင်တွေ့ခဲ့ရခြင်းဖြစ်သည်။ အဲဒါက ....ကျွန်ုပ်တို့ လမ်းညွှန်မှုအတိုင်း ရှေ့ဆက်သွားကြပါမည်။ ဤနေရာကို ဖတ်မည့်အကြောင်း သိမြင်ရပါမည်။

သို့သော် သူဟာ အိုဒံယေလ သင်၏စာသားများကို ပိတ်ထားလိုက်ပါတော့ စာစောင့်ကို တံဆိပ်ခတ်လိုက်ပါတော့ နောက်ဆုံး အချိန်နာရီအထိဖြစ်သည်။ များစွာသောအရာတို့သည် ပြေးလွှားကြပါမည်၊ အဲ၊ အသိပညာများသည် ....တိုးလာပါမည်။

ကျွန်တော်ဒံယေလကို ကြည့်လိုက်ပါသည်၊ မြင်တွေ့ရပါသည်။ အဲဒီမှာ ရပ်နေတဲ့အရာရှိပါသည်။ ...နှစ်ခု...တစ်ဖက်တစ်ချက်မှာဖြစ်တယ် ....မြစ်၏ဖြစ်သည်။ တခုပေါ်မှာတခုရှိပါသည် ...မြစ်ကမ်းဘေးမှာရှိနေပါသည်။

ပိတ်ကြမ်းအဝတ်ကိုဝတ်ဆင်ထားသူအား ကြားနာမှုပြုပါမည်။ ထိုအရာသည် မြစ်၏ရေပေါ်၌ ရှိပါသည်၊ သူ၏ညာဘက်လက် နှင့် ဘယ်ဘက်လက်ကို ကောင်းကင်ဆီသို့ ကိုင်မြှောက်ပြပါသည်၊ အစဉ်အမြဲ အသက်ရှင်ခြင်းအတွက် သူကျိန်ဆိုမှုပြုပါ သည်။ အချိန်တခုအတွက် နာရီတခုအတွက် နာရီဝက်အတွက် အစဉ်အမြဲ ထိုအရာသည် အမှုပြုပါလိမ့်မည်။

အခု အမှန်တကယ် ကျွန်ုပ်တို့ လုပ်ရပါတော့မည် .... အတိအကျပါပဲ '.... အချိန်၊ တနာရီ၊ နာရီဝက် ရပါသည်။' ကျွန်ုပ်တို့ဒံယေလ၏သိတင်းခုနှစ်ဆယ်၌ရှိစဉ်အခါ သင်စောင့်ကြည့်နေလိုက်ပါ၊ ဘယ်လိုဖြစ်လာမလဲဆိုတာကို ဖြစ်သည်။ ထိုအချိန် နာရီတွင် လျှို့ဝှက်နက်နဲရာများကို ဖွင့်ပြသွားမည့် အချိန်ကာလဖြစ်ပါမည်။ မှန်ပါသည် .....အချိန်က နာရီက တဝက်ပဲရပါ မည်။ သူလုပ်ဆောင်လာမည့် အချိန်နာရီမှာ ('သူ' ဆိုသည်၊ ယခု ပုဂ္ဂိုလ်ရေးရာနာမ်စားဖြစ်သော၊ အန္တိခရစ်ဖြစ်ပါသည်) သန့် ရှင်းသူတို့၏တန်ခိုးကို (နှံ့ပြားသွားစေရန် အပြီးသတ် ဆောင်ရွက်မှုပြုလိမ့်မည်) (ရက်သတ္တပတ် အလယ်တည့်တည့်၌ သူ၏ပဋိပညာဉ်ပြုချက်ကို ဖောက်ဖျက်မှုပြုမည့် အချိန်ကာလဖြစ်ပါသည်။) ဤအရာအားလုံး ပြည့်စုံလာပါမည်။ (အာမင်)

ကျွန်တော်ကြားခဲ့ရပါသည်။ သို့သော် ကျွန်တော် နားလည်ခြင်းမရှိပါ၊ အဲဒီနောက် ကျွန်တော်ကပြောပါသည်၊ အို...ဘုရားသခင် ဤအရာများ၏အဆုံးသတ်က ဘာဖြစ်လာပါမည်နည်း။ သူကပြောပါသည်၊ သင်လမ်းသင်သွားပါ၊ ဒံယေလ။ စာသားတွေကို ပိတ်ထားလိုက်ပါတော့၊ နောက်ဆုံးသောအချိန်နာရီအထိ တံဆိပ်ခတ်ထားလိုက်ပါတော့။ (အို၊ ထို အရာကို သင်မမေ့လိုက်ပါနှင့်၊ နောက်ဆုံးအချိန်ထိ ဖြစ်သည်။)

များစွာသောအရာတို့သည် သန့်စင်သွားပါလိမ့်မည်၊ အဖြူထည် ဖြစ်သွားစေပါမည်၊ ကြိုးစားခဲ့ပါသည်။ အကျင့်စာရိတ္တဖောက် ပြန်မှုကတော့ ဆိုးဝါးစွာပင် ဆောင်ရွက်လျက်ရှိပါသည်။ ကျင့်ဝတ်ဖောက်ဖျက်ခြင်း၌ အလျင်းနားလည်မှုမရှိနိုင်သော်လည်း ဥာဏ်ပညာရှိခြင်းကတော့ သိနားလည်စေပါမည်။

66 ၆၆။ နောက်ဆုံးသတင်းစကား ထိုအရာကို ဖော်ပြပါမည်၊ နောက်ဆုံး အသင်းတော်ခေတ်ကာလဖြစ်သည်။ ဘုန်းထင်ရှား ခြင်းပေတည်း။ သင်တို့ပဲဖြစ်တယ် အို၊ ကျွန်တော် ထိုအချဉ်းအရာကို စဉ်းစားမှုပြုစေရာ ကျွန်ုပ်အား တုန်လှုပ်စေပါသည်။ နက်နဲပါသည်၊ လောကအသင်းတော်ရှိအရာများသည် သူတို့၏မျက်လုံးများကို စုံလုံးကန်းစေပါသည်။ ‘အမြင်အာရုံကွယ်၏။’ ဟုဆိုပါမည်။ လျို့ဝှက်နက်နဲသောယေရှုခရစ်တော်သည် - တတိယပုဂ္ဂိုလ်မဟုတ်ပါ၊ ဒုတိယပုဂ္ဂိုလ်မဟုတ်ပါ။ သုံးယောက် မြောက်ပုဂ္ဂိုလ်လည်း မဟုတ်ပါ၊ သို့သော် ဘုရားသခင်၏ပုဂ္ဂိုလ်ဖြစ်ပါသည်။ ဘုရားသခင်၏အခြားသော လျို့ဝှက်နက်နဲရာ အားလုံးကို ဖွင့်လှစ်ပြသတော်မူမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဤကျမ်းဂန်၌ ရေးသားထားလို့ပဲဖြစ်ပါသည်။ နောက်ဆုံးသောကာလ၏ မျိုးဆက်များထံသို့ ဖွင့်ပြတော်မူမည်ဖြစ်သည်။ ယုဒလူတို့ ယေရှုကို မေရှိယကဲ့သို့မြင်နိုင်ခြင်းမျိုး ဆက် သူတို့၏သင်တန်းကျောင်းများ၊ ကျောင်းများ၊ ဂိုဏ်းဂဏအယူဝါဒများ၌ ပို၍မြင်နိုင်စရာအကြောင်းမရှိပေ။ သူတို့ကြိုး စားအားထုတ်မှုအတွက် အံ့ဩစရာမရှိပေ ... သူ့ကိုအရူးဟု စဉ်းစားမှုပြုပါမည်။ သူတို့သင့်ကို အရူးဟုစဉ်းစားကြခြင်းသည် အံ့ဩစရာမကောင်းပေ။ သူတို့နှင့်အတူ ကြက်မတွေကို ကတော့ကတော့နှင့် တွန်ကျူးမှုမပြုခြင်းကို သူတို့နားမလည်သောအ ရာသည် အံ့ဩစရာမဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော် ထိုအရာ၏နောက်ကွယ်၌ တန်ခိုးတစ်ခုနှင့် ရူပါရုံတစ်ခုရှိနေလို့ပဲဖြစ် ပါသည်။ အသင်းတော်၌ ဖြစ်ပေါ်စေမည့် ချီဆောင်ခြင်းအစီအစဉ်၌ငင်း အိမ်သို့ပြန်ရောက်နိုင်စေရန်အတွက်ငင်း ဘုရားသခင် ၏ နှုတ်ကပတ်တော်သည်ဖွင့်လှစ်ပြသမှုပြုပါမည်။ ဟုတ်ကဲ့ပါ။ များစွာသောအရာတို့သည် ပြေးလွှားလျက် ခေါက်တုံ့ ခေါက်ပြန် လျှောက်သွားလျက် အသိဥာဏ်ပညာတို့သည် တိုးပွားလျက် ရှိပါသည်။ သေချာပါသည်။

67 ၆၇။ အခု၊ အခြားသောသိနိုင်သည် အကြောင်းအရာတခုမှာ ဘာဖြစ်ပါသလဲ။ ဒီကနေ့၏အသင်းတော်များကို ကြည့်ကြရ အောင်၊ ဒီမှာရှိပါသည်။ ထိုအရာက မနာကျင်စေဖို့ရာ ကျွန်တော်မျှော်လင့်မိပါသည်၊ သို့သော် ကျွန်တော် ပြောရပါဦးမည်။ လုပ်ဆောင်ပါ ....

ထိုနေ့ရက်ကာလ၌ ခရစ်တော်၏အယောင်ကိုဆောင်သူ ပေါ်ထွက်လာပါမည်။

ယခု၊ အမှတ်ရရမည်မှာ ကျွန်ုပ်တို့ကို တံဆိပ်ခတ်နှိပ်မှုပြုစဉ်အခါ ထိုတံဆိပ်လက်မှတ်ကို ဖွင့်ချလိုက်သောအခါ ခရစ်တော်၏ အယောင်ဆောင်သူသည် မြင်းစီး၍ ထွက်ပေါ်လာပါသည်။ ဒီနေရာမှာ ဒံယေလကပြောထားပါသည်၊ မင်းအားကြွလာမည်ဆို ခြင်းဖြစ်သည်။ ထိုလူသည် ဖြတ်တောက်မှုပြုမည်ဖြစ်သည် - ယေရှုခရစ်တော်ဟာဆိုရင်- လူတွေအတွက် ပြန်လည်စေ့စပ်မှု ကိုပြု၍ ကိုက်ညှိပေးသူဖြစ်ပါသည်။ သို့သော် ထိုမင်းသားကတော့ ရပ်လျက်ရှိပါမည်။ ထိုအရာသည် ရောမမြို့သည် တိတုကို ဖြတ်ထုတ်သွားပါသည်။ ရောမမြို့၏မင်းသားတပါး ထွက်ပေါ်လာသည် ဤအချိန်နာရီ၌ ထိုသို့သောအရာကို အမှုပြုတော်မူ မည်ဖြစ်သည်။ သူသည် နောက်ဆုံးနေ့ရက်ကာလများကို ဖွင့်လှစ်ပြသမှုပြုပါမည်။ (ယခု၊ နားဆင်ပါ) သူ့ကိုယ်သူဘုရားဖြစ် တော်မူကြောင်းကို ပြသမှုပြုပါမည်၊ သန့်ရှင်းသောဝိညာဉ်တော်က သက်သာလောနိဩဝါဒစာ ဒုတိယစာစောင်တွင် ကျွန်ုပ် တို့အား ကြိုတင်သတိပေးထားပါသည်။ ဒုတိယမှာ ...ထိုအရပ်သို့သွားကြပါစို့... သက်သာလောနိဩဝါဒစာဒုတိယစာစောင် ဖြစ်သည် - ပြီးရင် သင်ဟာ ကျွန်ုပ်၏ပြောကြားချက် မဟုတ်သော ဘုရားသခင်၏နှုတ်ကပတ်တော်ပေါ်၌ တည်ရပါမည်။ သက်သာလောနိဩဝါဒစာ ဒုတိယစာစောင် အခန်းကြီးနှစ်၊ အငယ်ဆယ့်နှစ်ဖြစ်သည်။ ကြည့်ကြပါစို့။ အပေါ်မှာပြောခဲ့သလို ပဲ အစပြုကြပါစို့ အခန်းငယ် ခုနှစ်ဖြစ်ပါသည်။ ‘အဘယ်သို့နည်းဟူမူကား ဝှက်ထားလျက်ရှိသော ထိုအဓမ္မအရာသည် ယခုပင်ပြုပြင်ဆဲရှိ၏။ (ဤအရာသည် သန့်ရှင်းသောဝိညာဉ်တော်ဖြင့်ပြောကြားသောစကားဖြစ်သည်။) သို့သော်လည်း ဆီး တားသောသူသည် ပယ်ရှင်းခြင်းသို့မရောက်မှီတိုင်အောင် ဆီးတားလိမ့်မည်။ (ဒီမှာရှိတာ ဘယ်သူလဲ။ သိတဲ့လူဘယ်သူမှမ ရှိကြဘူးလား။ သန့်ရှင်းသောဝိညာဉ်တော်သည် ခွင့်ပြုခံရသူဖြစ်သည်။ အခွင့်ပေးခံရသူဖြစ်သည်။) ထို့နောက်ဆိုးယုတ်သော အရာတခုကို ဖွင့်ပြမှုပြုပါမည်၊.... ဘယ်အချိန်မှာလဲ၊ သန့်ရှင်းသောဝိညာဉ်တော်က ဖြစ်ပွားစေတော်မူသောအချိန်၌ ဖြစ် သည်။ ယခု ထွက်ခွာဖို့အမှန်အကန် ကွက်တိဖြစ်နေပါမည်။ ဘာအတွက်ကြောင့်ကိုယ်တော် စွန့်ခွာခဲ့ပါသနည်း။ ကိုယ်တော် နှင့်အတူ အသင်းတော်ကို နှုတ်ဆောင်မှုပြုရန်ဖြစ်သည်။

.... ဖွင့်လှစ်ပြသမှုပြုပါသည်။ (ပေါလုသည် စိတ်ကူးစိတ်သန်းရှိသည့်အတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်) ဘုရားသခင်သည် သူ့နှုတ်၏အငွေ့အသက်အတိုင်း သုံးစွဲမှုပြုသွားပါလိမ့်မည်။ တောက်ပသော သူ၏ကြွလာခြင်းကို ဖျက်ဆီးမှုပြုပေလိမ့်မည်။ (ဆိုးယုတ်သောအရာတခုဖြစ်ခြင်းမှာ အမှန်ပဲဖြစ်သည်။)

သူသည်ပင်လျှင် အလုံးစုံသောစာတန်၏ တန်ခိုး၊ နိမိတ်လက္ခဏာများ၊ အံ့ဩစရာကောင်းသည့် လိမ်လည်မှုများဖြင့် လုပ်ဆောင်မှုပြီးနောက်မှသာ ကြွလာတော်မူမည်ဖြစ်သည်။ ‘ကျွန်ုပ်တို့သည် အကြီးမြတ်ဆုံးသော အသင်းတော်ဖြစ်ပါသည်။’ ‘ကျွန်ုပ်တို့မှာ ဒီလိုရှိတယ် ကျွန်ုပ်တို့ကဒီလိုဖြစ်ပါသည်။’ ‘ကျွန်ုပ်တို့အားလုံးကို အတူတကွ စုပေါင်းညီညွတ်ခိုင်မာစေ သည်ကို’ သိမြင်ရပါမည်။ ‘ကျွန်ုပ်တို့က အခမ်းနားဆုံးပဲဖြစ်ပါသည်။’ - အံ့ဩစရာ လိမ်လည်လှည့်ဖျားခြင်းပေတည်း။

အရာအားလုံးနှင့်အတူ ... သူတို့၌ရှိသော မဖြောင့်မတ်သောအရာများသည် သေကြေပျက်စီးမှုကိုဖြစ်စေပါသည်။ ဘာဖြစ်လို့ လဲဆိုရင် သူတို့ဟာ စစ်မှန်သောမေတ္တာကို မခံစားရလို့ပဲဖြစ်ပါသည်၊ သူတို့သည် ကယ်တင်ခြင်းကို ခံရကောင်းခံရနိုင်ပါ သည်။

ဤသို့သော အကြောင်းအရာအတွက် ဘုရားသခင်သည် သူတို့ထံသို့ ပြင်းထန်သောလှည့်စားခြင်းကို သက်ရောက်စေပါ သည်။ ထိုသို့သောလိမ်လည်မှုတခုကို သူတို့သည် ယုံထိုက်လောက်ပါသည်။ အဲဒီမှာသူတို့သည် ...သမ္မာတရားကို မယုံကြည် သောသူတို့၌ ပြစ်ဒဏ်ချမှတ်ခြင်းခံရကောင်းခံရနိုင်ပါသည်၊ သို့သော် မဖြောင့်မတ်သောအရာ၌ သာယာနေကြပါသည်။

အဲဒါကို သင်ရပါသလား။ အို ကျွန်တော်၊ အခု၊ ပေါလုက ပြောပါသည် ... ဘုရားသခင်သည် တံဆိပ်ခတ်နှိပ်မှုပြုသော အချိန် ကာလကို သိအောင်လုပ်ဆောင်မှုပြုပါလိမ့်မည် - ကိုယ်တော်၏ဝိညာဉ်တော်၊ ကိုယ်တော်၏နာမတော်၊ ကိုယ်တော်၏ကျေးဇူး တော်၊ ကြီးမြတ်သော ဤလျို့ဝှက်နက်နဲရာအလုံးစုံသည် ယခု ရှေ့ဆက်ရမည့် ခရီးလမ်းကို ဆက်လက်လျှောက်လှမ်းစေ တော်မူပါမည်၊

ကိုယ်တော်၏အသင်းတော်အတွက် စီစဉ်ထားသောအရာများမှာ ချီဆောင်ခြင်းသို့သွားကြရန်ဖြစ်သည်- သန့်ရှင်းသောဝိညာဉ်တော်၏ အပြင်ဘက်ကိုသွန်ချလိုက်သောအရာသည် ဤအရာကို အမှုပြုတော်မူမည်ဖြစ်သည်။ ထိုအရာ သည် နောက်ဆုံးနေသာနေ့ရက်ကာလ၌ ကိုယ်တော်၏အမှုပြုတော်မူမည့်အရာဖြစ်သည်။

68 ၆၈။ (ယခု ကြည့်ကြပါစို့၊ ဒီနောက်ဆုံးတခုအတွက် ကျွန်တော်တို့ အချိန်ယူဖို့ရှိပါသေးသလား)

နံပါတ်ခြောက်ဖြစ်ပါသည်။ အမြင့်ဆုံးသောအရာကို ဘိသိက်သွန်းမှုပြုပါသည်။ အို၊ ကျွန်တော် ဒီနေရာမှာ တခုတော့ရှိ ပါသည်။ နောက်ဆုံး ကိုယ်တော်အမှုပြုတော်မူမည့်အရာက ဘာဖြစ်ပါသလဲ။ အခု ဒံယေလအနာဂတ္တိကျမ်းသို့ ပြန်သွားကြပါ စို့၊ ကိုယ်တော်အမှုပြုတော်မူမည့်အရာကို ရှာဖွေကြပါစို့၊ ဒီနေရာက မှန်ပါသည်။

သီတင်းခုနှစ်ဆယ်ဖြစ်ပါသည်။ (ဒီအချိန်မှာ အဘယ်သို့သောအရာကို အထမြောက်အောင်ပြီးမြောက်စေပါမည်နည်း။ မှန်ပါ သည်) သင့်လူတို့အပေါ်၌ သတ်မှတ်မှုပြုခြင်းဖြစ်သည် ... သန့်ရှင်းသောမြို့တော်ကို ပြီးမြောက်စေရန်ဖြစ်သည် .. ထုံးတမ်း စဉ်လာများကို ဖောက်ဖျက်မှုဖြစ်သည်။ (လူတို့၏ထုံးတမ်းစဉ်လာများကို ဖောက်ဖျက်ခြင်းဖြစ်ပါသည်။) .... အပြစ်ကို အဆုံး သတ်စေဖို့ရန်ဖြစ်သည်။ (လူတွေအတွက် ဖြစ်သည်။) သူတို့၏မစင်ကြယ်သောအရာအတွက် ပြန်လည်စေ့စပ်မှုကိုပြု၍ ပြန် လည်သင့်မြတ်စေခြင်းဖြစ်ပါသည်။ ထာဝရမကုန်ဆုံးနိုင်သည့် ဖြောင့်မတ်ခြင်းကို ယူဆောင်လာရန်ဖြစ်သည်။ (ဂျူးလူမျိုးတို့ အတွက် ဖြစ်သည်) ရူပါရုံနှင့်ပရောဖက်ပြုချက်ကိုတံဆိပ်ခတ်နိုပ်မှုပြုရန်ဖြစ်ပါသည်။(နောက်ဆုံးအချိန်နာရီထံသို့ဖြစ်လေ သည်) သန့်ရှင်းခြင်းအများဆုံးကို ဘိသိတ်ပြုရန်ဖြစ်သည်။ (ထိုအရာတို့သည် ကြွလာတော်မူခြင်းအတွက် ခေါက်လိပ်ထား သောရည်ရွယ်ချက် ဖြစ်ပါသည်။)

69 ၆၉။ ယခု အသန့်ရှင်းဆုံးသောအရာကို ဘိသိက်ပေးပါမည်။ (ယခု ဤသို့သောအရာသည် များစွာသော သင်တို့ဆရာသ မားများအတွက် နည်းနည်းလေး အစိမ်းသက်သက်ဖြစ်နေပါမည်။ တမိနစ်တာကာလသာဖြစ်ပေမည်၊ သို့သော် တမိနစ် လောက်ကိုလည်း ဆုပ်ကိုင်ကာ မည်သို့သောအရာများ ထွက်ပေါ်လာမည်ကို ကြည့်ရှုမှုပြုပါမည်။)

ဤအရာက ဘိသိက်ပေးခြင်းဖြစ်ပါသည်၊ လူမဟုတ်ပါ ... ယေရှုခရစ်တော်သည် ဘိသိက်ပြုတော်မူခြင်း ခံရပြီးသားဖြစ်ပါ သည်။ အဲဒါမှန်ပါသလား။ တမန်တော်ဝတ္ထုက ဘုရားသခင်သည် ယေရှုခရစ်တော်အား သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ဘိသိက်သွန်းလောင်းတော်မူကြောင်းကို မိန့်ဆိုထားပါသည်။ ကောင်းမွန်သောလုပ်ဆောင်ချက်များ တဝိုက် သူလိုက်လျှောက် မှုပြုခဲ့ပါသည်၊ အနာရောဂါငြိမ်းစေခြင်းဖြင့် ရှေ့ခရီးဆက်ပါသည်။ ယေရှုခရစ်တော်သည် အစကတည်းက ... ကိုယ်တော် သည် မေရှိယဖြစ်ပါသည်။ မေရှိယ၏အဓိပ္ပာယ်မှာ ‘တခုသောအရာကို ဘိသိပ်ပေးခြင်း’ ဖြစ်ပါသည်။ အဲဒါမှန်ပါသလား။ သို့သော် ဤနေရာရှိ နောက်ဆုံးသောအချိန်ကာလတွင် ကိုယ်တော်သည် အသန့်ရှင်းဆုံးသောအရာကို ဘိသိက်ပြုပါသည်။

အသန့်ရှင်းဆုံးသောအရာမှာ အဘယ်နည်း။ ကျွန်တော်လမ်းစဉ်က ကြည့်သွာဖို့ရန်ပဲဖြစ်ပါတယ်။ နူတ်ကပတ်တော်အားဖြင့် ကျွန်တော် သက်သေပြနိုင်မည်ဟု ကျွန်တော်ယုံကြည်ပါသည်။ အသန့်ရှင်းဆုံးသောအရာကို ဘိသိက်ပြုပါမည်။ ဗိမာန်တော် ဖြစ်လာမည့်အရာကို ထောင်စုနှစ်ကာလ(မိလေနီ)၌အသုံးပြုသွားဖို့ပဲဖြစ်ပါတယ်(ယခု၊ နားထောင်ပါ၊ ဘာကြောင့် ကျွန်တော်အဲဒါကို ရရှိလဲဆိုတာကို သိမြင်ရပါမည်။) ယေဇကျေလအနာဂတ္တိကျမ်းတွင် ဖော်ပြထားပါသည်။ အခန်းကြီးလေး တွင်ဖြစ်သည်။ မဟုတ်ဘူး၊ ကျွန်တော်ဆိုလိုတာက အခန်းကြီးလေးဆယ့် - သုံး၊ အခန်းငယ် ခြောက် ဖြစ်ပါသည်။

ယေဇကျေလအနာဂတ္တိကျမ်းသို့ တဖန်သွားကြပါစို့၊ ထောင်စုနှစ်ကာလ(မိလေနီကာလ)၌ မည်သို့ရုပ်ပုံကားချက် ရေးဆွဲသည် ကို ရှာဖွေကြပါမည်။ သူတို့သည် မည်ကဲ့သို့ ယေဇကျေလအနာဂတ္တိကျမ်း ၄၃ ကို ဘိသိက်သွန်းကြပါမည်နည်း ... ယခု ဒီနေ ရာကို နည်းနည်းဖတ်လိုပါသည်။ ဤထောင်စုနှစ်ကာလ၌ သူဆောင်ရွက်မည့်အရာကို ကြည့်ရှုမှုပြုပါ။ ဘိသိက်ခံရပါမည် ... ယေဇကျေလ ၄၃ ဖြစ်သည်။ မှန်ပါသည်။ အခု၊ အခုအခန်းငယ်တစ်မှ ခြောက်အထိ စဖတ်လိုက်ကြပါစို့။ သင်အိမ်ပြန်ရောက် လျှင် အကြောင်းအရာအားလုံးကို ပြန်ဖတ်လို့ရပါသည်။ သေချာပါတယ်။ သင်ထားထားလိုက်ပါတော့။ ယေဇကျေလ အနာဂတ္တိကျမ်း အခန်းကြီး ၄၃ ဖြစ်ပါသည်။ တဖန်ထပ်၍....

70 ၇၀။ ယခုကြည့်ပါ - မိလေနီကာလ(ထောင်စုနှစ်ကာလ) ၌ ဘုရားရှိခိုးကျောင်းကို တည်ဆောက်မည်ဟု ဖော်ပြထားပါ သည်။ ယခု၊ ဘယ်သူမဆို၊ ဖတ်ရှုသူမည်သူမဆို ... ယေဇကျေလအနာဂတ္တိကျမ်း အခန်းကြီးလေးဆယ့်လေး မတိုင်မီ အခန်း ကြီးလေးဆယ်ကို သိရှိရမည်ဖြစ်သည်။ ကမ္ဘာလောက၌ အဘယ်သို့သောအရာမှ တည်ရှိမနေတော့ပြီ သို့သော် ကမ္ဘာမြေ ကြီး၌ မိလေနီ(ထောင်စုနှစ်)ကာလ၏ ဘုရားရှိခိုးကျောင်းကြီးကတော့ စိုက်ထူနေပေလိမ့်မည်၊ (အဲဒါကို မည်သမျှမသိရှိ ကြောင်း၊ သိမြင်ရပါမည်) ထိုသို့သောကိစ္စကို ဘုရားသခင်သည် ဘုန်းတော်ဖြင့် ပြည့်စုံစေပါမည်၊ ဒါကြောင့် ထိုအရာသည် ရှေ့ဆက်ရမည့်ခရီးစဉ်ကဲ့သို့ ဖြစ်ပါသည်။ ယခု ကျွန်တော်တို့ အခန်းကြီး လေးဆယ့်သုံးတွင် ဖော်ပြထားသသော ဘုရားရှိခိုး ကျောင်းထံ သွားကြပါမည်။ အခန်းငယ်တစ်မှ ခြောက်အထိဖြစ်ပါသည်။

၁ ထို့နောက်မှ အရှေ့ဘက်သို့ မျက်နှာပြုသော တံခါးဝသို့ တဖန်ခေါ်သွား၏။ ၂ ဣသရေလအမျိုး၏ဘုရားသခင်ဘုန်း တော်သည် အရှေ့မျက်နှာမှလာ၍ အသံသည် သမုဒ္ဒရာကဲ့သို့ဖြစ်၏။ ရောင်ခြည်တော်အားဖြင့် မြေတပြင်လုံး လင်း၏။ ၃ ငါမြင်သောရူပါရုံနှင့်တူ၏။ ထင်ရှားသောအရာတို့သည် ခေဗာမြစ်နားမှာငါမြင်ဘူးသော အရာများကဲ့သို့ဖြစ်၍ ငါသည်ပြပ်ဝပ် လျက်နေ၏။ ၄ ထာဝရဘုရား၏ဘုန်းတော်သည် အရှေ့ဘက်သို့မျက်နှာပြုသောတံခါးလမ်းဖြင့် အိမ်တော်ထဲ့သို့ဝင်တော်မူ ၏။ ၅ ထိုအခါ ဝိညာဉ်တော်သည် ငါ့ကိုချီလျက်အတွင်းတန်တိုင်းထဲသို့ ဆောင်သွား၍ ထာဝရဘုရား၏ဘုန်းတော်သည် တအိမ်လုံးကို ဖြည့်တော်မူ၏။ ၆ အရင်လူသည် ငါ့အနားမှာရပ်နေလျက်၊ အိမ်တော်ထဲက ငါ့အားမိန့်တော်မူသော အသံကို ငါကြားသည်ကား၊ ‘

71 ၇၁။ ဘိသိတ်ပြုပါမည် - နှစ်တစ်ထောင် အုပ်စိုးခြင်းအတွက် ဗိမာန်တော် (ဝတ်ပြုရာ) ကိုဘိသိက်သွန်းလောင်းမှုပြု ပါမည်။ ယခု ဝတ်ပြုရာကျမ်း၌ သတိပြုရန်ရှိနေပါသည် .. ဝတ်ပြုရာကျမ်း၌ ထိုအရာသည် မည်သို့မည်ပုံ ရည်စူးထားသည် ဆိုသောအရာကို ကြည့်ကြပါသည်။ ယခု ဝတ်ပြုရာကျမ်းကို တဖန်ပြန်သွားကြမည်ဆိုပါက မောရှေက ဗိမာန်တော်ကို ဘိသိက်သွန်းမှုပြုကြောင်း ရှာဖွေတွေ့ရှိနိုင်ပါသည်။ အဲဒီမှာ ကျွန်တော်တို့ရှိစဉ်အခါ တဖန်ပြန်သွားကြပါစို့။ ကျွန်တော်တို့ ထိုအရာ၌ အချိန်များစွာ ယူကြရပါသည်။ ဝတ်ပြုရာကျမ်းသို့ ပြန်သွားကြပါစို့။ ဗိမ္မာန်တော်ကို မောရှေ ဘိသိက်ပြုစဉ်အချိန်ကို ရှာဖွေကြပါမည် - ဝတ်ပြုရာကျမ်း အခန်းကြီးရှစ်ဖြစ်ပါသည်။

အို၊ ဤသမ္မာကျမ်းစာတခုနှင့်တခုကို နှိုင်းယှဉ်ကြည့်ရန် ကျွန်တော်နှစ်သက်လှပါသည်။ အဲဒီလိုလုပ်ရသည်ကို သင်မကြိုက်ဘူးမဟုတ်လား။ ထို့နောက် သင့်မှာ ကျွန်ုပ်တို့အဖို့ ကြည့်ရှုစရာအကြောင်းနှင့် လုပ်ဆောင်ရမည့် ကိစ္စတို့ကို တွေးမိလာပေ မည်။ ယခု၊ ဘယ်ရာကိုမှ သင်နားလည် သဘောမပေါက်နိုင်သည့်တိုင် ကျွန်ုပ်တို့သည် ကျမ်းချက်တခုကို အသုံးပြုသွားပါ မည်။ ထို့နောက် ထိုအရာပေါ်တွင် တည်ပါမည်။

72 ၇၂။ အခု ဝတ်ပြုရာကျမ်း အခန်းကြီးရှစ်ဖြစ်ပါသည်။ အခု ကျွန်တော်တွင် အခန်းငယ်တစ်ဆယ်ကို ဒီနေရာမှာ မှတ်ထား ပါသည်။ ဝတ်ပြုရာကျမ်းအခန်းကြီးရှစ် အငယ်တစ်ဆယ်ဖြစ်ပါသည်။ ကြည့်ကြပါစို့။

'၁ ထာဝရဘုရားမှာထားတော်မူသည့်အတိုင်း မောရှေသည် လိမ်းရန်ဆီကိုယူ၍ တဲတော်နှင့်တဲတော်တန်ဆာရှိသမျှကို လိမ်းသဖြင့် သန့်ရှင်းစေ၏။ ၁၁ ထိုဆီကို ယဇ်ပလ္လင်ပေါ်မှာခုနစ်ကြိမ်ဖြန်း၍ ယဇ်ပလ္လင်တန်ဆာရှိသမျှကိုင်း အင်တုံနှင့် ခြေထောက်ကိုင်း သန့်ရှင်းစေခြင်းငှာလိမ်းလေ၏။ ၁၂ လိမ်းရန်ဆီကို အာရုန်ခေါင်းပေါ်မှာလောင်း၍ သူ့ကိုသန့်ရှင်းစေ ခြင်းငှာလိမ်းလေ၏။'

မောရှေသည် တောကန္တာ၌လည်းစဉ် သန့်ရှင်းစေခြင်းကိုပြုပါသည်၊ ဆီကိုလောင်း၍ဘိသိက်သွန်းပါ၏။ မောရှေသည် ဣသရေလသားမြေးတို့ တောကန္တာရ၌လည်းစဉ် တဲတော်ဝတ်ကိုဆောင်ရွက်သူဖြစ်ပါသည်။ ဆီဖြင့်ဘိသိက်သွန်းလောင်းမှုကို ဆောင် ရွက်ခဲ့ပါသည်။

73 ၇၃။ အခု၊ ရာဇဝင်ချုပ်ဒုတိယစာစောင် ဖြစ်ပါသည်။ လှန်လိုက်ပါ။ ဆပ်ကပ်ပူဇော်မှုအကြောင်း ကျွန်တော်တို့ တွေ့မြင်ရ ပါမည် ... ဗိမာန်တော်၌ သန့်ရှင်းသောဝိညာဉ်တော်သည် သူ၏ထိုင်ခုံကို ယူဆောင်မှုပြုသောအချိန်ကာလဖြစ်သည်။ အခု ဘာတွေဖြစ်ပျက်လဲဆိုတာကို ကြည့်ကြရအောင်။ ရာဇဝင်ချုပ်ဒုတိယစာစောင် အခန်းကြီးငါးဖြစ်ပါသည်။ အခန်းငယ် ဆယ့်သုံးမှစကြပါစို့ - ရာဝင်ချုပ်ဒုတိယစာစောင် အခန်းကြီးငါးဖြစ်ပါသည်။ အခန်းငယ်ဆယ့်သုံးမှစပါမည်။

'၁၃ သီချင်းဆိုသောသူတို့နှင့်ဝိုင်းလျှင် ထာဝရဘုရား၏ဂုဏ်ကျေးဇူးတော်ကို ချီးမွမ်း၍ ထောမနာပြုခြင်းငှာ တညီတညွတ် တည်း အသံပြိုင်လျက် ကောင်းမြတ်တော်မူသည် ဂရုဏာတော် အစဉ်အမြဲ တည်သည်ဟု တံပိုးခွက်တွင်းအစရှိသော တူရိ ယာမျိုးနှင့်တကွ အသံကိုလွှင့်၍ ထာဝရဘုရား၏အိမ်တော်သည် မိုဃ်းတိမ်နှင့်ပြည့်၏။ ၁၄ ထိုသို့ဘုရားသခင်၏အိမ်တော်သည် ထာဝရဘုရား၏ဘုန်းတော်နှင့်ပြည့်လျက် မိုဃ်းတိမ်တော်ကြောင့် ယဇ်ပုရောဟိတ်တို့သည် အမှုတော်ကို ဆောင်ရွက်လျက်ရပ်၍ မနေနိုင်ကြ။

ဘုရားသခင်သည် ဆီဖြင့်ဘိသိက်သွန်းလောင်းမှုပြုရာ သန့်ရှင်းရာဌာနတော်သို့ ကြွဆင်းတော်မူပါ၏။ လူမျိုးတို့က ကိုယ်တော်အား လာရောက် ကိုးကွယ်မှုပြုရန်အလို့ငှာဖြစ်သည်။ ထို့ကြောင့် 'သင်၏သန့်ရှင်းရာ' သက်သက်ကို ဘိသိက်မှု ပြုရန်မဟုတ်ပါ။ 'အသန့်ရှင်းဆုံးနေရာ' ကို ဘိသိက်ပြုရန်ဖြစ်ပါသည်။ ဂျေရုရှလင်မြို့သစ်သည် အသန့်ရှင်းဆုံးနေရာဖြစ် သည်ကို ကျွန်ုပ်တို့သတိပြုရပါမည်။ ဂျေရုရှလင်မြို့သစ်သို့ ဘိသိက်သွန်းလောင်းမှုပြုပါသည်။ ထိုအရပ်သို့ ဘုရားသခင်သည် ကောင်းကင်ဘုံမှ ဆင်းကြွတော်မူပါသည်။ သတို့သမီးသည် သင်၏ခင်ပွန်းအတွက် အဆင်တန်ဆာများ ဆင်မြန်းမှုပြုပါသည်။ သူတို့အပေါ်၌ ဘိသိက်သွန်းလောင်းမှုကို ပြုပါမည်။

74 ၇၄။ ယခု၊ ဇေရုဗဗေလက သူ၏ဘုရားကျောင်းကို ပြန်လည်တည်ဆောက်ပြီးနောက် ဆက်ကပ်အပ်နှံမှုပြုပါသည်၊ ထိုအ ရာသည် တဖန်ဘိသိက်သွန်းလောင်းခြင်းမဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော် ထိုအရာသည် ...ဆီလောင်း၍ ဘိသိက်သွန်း ပြီး ဖြစ်သောကြောင့်ပေတည်း၊ ဆုတ်ဖြဲပစ်လိုက်ပါသည်။ ထိုအရာသည် တဖန် ညွှန်ကြားမှုကိုပြုပါသည်၊ အပေါ်မှာထားလိုက် ပါသည်။ ထို့ကြောင့် ထိုသို့သောအရာကို ဘိသိက်ပေးဖို့ရာ မည်သို့မျှပို၍ မဖြစ်နိုင်တော့ပါ။ တခုသောအချိန်ကာလတခုက ဘိသိက်သွန်းမှုပြုခဲ့ပါသည်။ တောက်လျှောက်ဆောင်ယူမှုကိုပြုပါသည်။ ထိုအရာသည် အလွန့်အလွန်သော ဤအချိန်နာရီ အထိ ဆက်သွားနေပါသည်။ သို့သော်ဘုရားသခင်သည် ဗိမာန်တော်၏ထောင်စုနှစ်ကာလ(မိလေနကာလ)ကိုတပ်ဆင်မှုပြု ပါသည်။ ကိုယ်တာ်သည် အသန့်ရှင်းဆုံးသောအရာကို ဘိသိက်မှုပြုပါမည်၊ 'သင်၏သန့်ရှင်းခြင်း' ကို မဟုတ်ပါ၊ သို့သော် 'အသန့်ရှင်းဆုံးသောအရာ' ကို ဖြစ်သည်။

သို့သော် ဘုရင်မင်းမြတ်သည် သူ၏အာဏာစက်ကို နှစ်တစ်ထောင်တိတိ အုပ်စိုးမှုပြုမည်ဖြစ်သည်... ဘုန်းထင်ရှားခြင်းပေ တည်း။အခု သူမကျော်သွားပါပြီ။ အသန့်ရှင်းဆုံးသောအရာကို ဘိသိက်ပြုမည်ဆိုသောအကြောင်းသည် နောက်ဆုံးဖြစ်ပျက် မည့်အမှုအရာပင်ဖြစ်သည်။

75 ၇၅။ ဗိမာန်တော်ကို စိုက်ထူမှုပြုစဉ်အခါ ရှင်ပြန်ထမြောက်ခြင်းဖြစ်လာပါမည်။ ဂျူးလူမျိုးတွေ ပြန်ရောက်လာပါမည်။ ခရစ်တော်နှင့်သူ၏သတို့သမီးသည် ရောက်ရှိလာပါမည် - ဂျူးလူမျိုး-၁၄၄၀၀၀ဖြစ်ပါသည်။ တံဆိပ်ခတ်နှိပ်မှုပြုပါသည်။ မိလေနိကာလ(နှစ်တထောင်အုပ်စိုးခြင်း)ဖြစ်ပျက်မှုရှိပါမည်။ အသန့်ရှင်းဆုံးနေရာကို ဘိသိက်ပြုသော အချိန်ကာလသည် ဆီလောင်း၍ ဘိသိက်ပေးခြင်းဖြစ်ပါသည် - အသန့်ရှင်းဆုံးကတော့ အသန့်ရှင်းဆုံး အသန့်ရှင်းဆုံးဖြစ်ပါသည်။ အဲဒီအချိန်က အသန့်ရှင်းဆုံးနေရာဆိုသည်မှာ ဘုရားသခင်ကိန်းဝပ်တော်မူရာ ခေရုဗိန်နှစ်ခုကြား သန့်ရှင်းရာဌာနတော်ဖြစ်ပါသည်။ ဤအ ချိန်နာရီတွင်ရှိသော ခရစ်တော်သည်လည်း အသန့်ရှင်းဆုံးနေရာ၌ ထိုင်နေတော်မူပါသည်။ ကိုယ်တော့်အပေါ်၌ ဘိသိက် သွန်းလောင်းမှုပြုပါသည်။ ထိုနေရာ၌ နေမရှိခြင်းသည် သူတို့အတွက် လိုအပ်သောအရာဖြစ်ပါမည်။ မြို့အလယ်တည့်တည့်၌ သိုးသူငယ်အဖို့အလို့ငှာ ထွန်းလင်းခြင်းရှိပေမည်။ ထိုမြို့တော်၌ နေမင်းသည် ဘယ်သောအခါမှ ဝင်သွားသည်ဆိုသော အရာမရှိပေ။ အရွယ်ရနေပြီဖြစ်သည်။

အန်ကယ်ဂျင် အမြဲပြောတတ်ပါသည်။ ဘယ်တော့မှ အဲဒီလိုဖြစ်မှာမဟုတ်ပါဘူး၊ အဘယ်ကြောင့်ဆိုသော် ခရစ်တော်သည် အလင်းဖြစ်တော်မူခြင်းကြောင့်ဖြစ်သည်။ ဘိသိက်ခံရသော တခုတည်းသောအရာ ဖြစ်သောကြောင့်ပေတည်း။ ဘုရင်ကြွချီလာပါတော့မည်၊ သူ၏နှစ်တစ်ထောင် နိုင်ငံတော်ကို အုပ်စိုးမှုပြုမည်ဖြစ်သည်။

76 ၇၆။ ယေရမိအနာဂတ္တိကျမ်း ၃း၁၂ - ၁၈ အထိပါဝင်ပါသည်။ အဲဒါကို ဖတ်ရှုကြပါစို့ - ယေရမိအနာဂတ္တိကျမ်းကို ကျော် သွားပါမည်။ အခန်းကြီးဆယ့်ရှစ်ဖြစ်မည်ဟု ကျွန်တော်ယုံကြည်ပါသည်။ မဟုတ်ပါဘူး။ ဆယ့်နှစ်ဖြစ်ပါသည်။ စလိုက်ကြပါစို့ ... ယေရမိအနာဂတ္တိကျမ်းအခန်းကြီး၃ဖြစ်ပါသည်။ကျွန်တော် တောင်းပန်ပါသည်။ ယေရမိအနာဂတ္တိကျမ်း ၃၊ ဒီနေရာမှာ ကျွန်တော်ရေးသားထားပါသည် ....လေ့လာမှုကိုပြုစဉ်အခါ ကျွန်ုပ်ထံသို့ ရွေ့လျားသော သန့်ရှင်းသောဝိညာဉ်တော်သည် တနေရာမှတနေရာသို့ လှုပ်ရှားခြင်းရှိလေသည်။ ကျွန်တော်လုပ်နိုင်သည့် အကောင်းဆုံးအရာမှာ ဤသို့အစက်လေးချ၍ မှတ် ထားခြင်းဖြစ်ပါသည်။ ယေရမိအနာဂတ္တိကျမ်း အခန်းကြီး၃ ဖြစ်၍ အခန်းငယ် ၁၂ မှ ၁၈ ထိပါဝင်ပါသည်။ အဲဒါကိုဖတ်ကြပါစို့။ ‘ ၁၂ သင်သည် သွား၍မြောက်မျက်နှာသို့ ဟစ်ကြော်ရမည့်စကားဟူမူကား၊ အိုဖောက်ပြန်သော ဣသရေလ ပြန်လာပါဟု ထာဝရဘုရားမိန့်တော်မူ၏။ သင်၌ ငါသည်မျက်မုန်းကိုပြုခြင်းကိုမပြု ဂရုဏာစိတ်သဘောရှိ၏။ အစဉ်အမျက်ထွက်တတ်သည် မဟုတ်ဟု ထာဝရဘုရားမိန့်တော်မူ၏။ ၁၃ သင်သည်ငါ့စကားကို နားမထောင်။ သင်၏ဘုရားသခင်ထာဝရဘုရားကို ပြစ် မှား၍ စိမ်းသောသစ်ပင်ရှိသမျှ (သူတို့နှင့်ဆက်ဆံမှုပြုသော အရှေ့၊အနောက်မှနိုင်ငံများကိုဆိုလိုသည်။) အောက်၌တွေ့သော ဧည့်သည်တို့နှင့် မှားယွင်းသောအပြစ်ရှိကြောင်းကိုဝန်ချရုံမျှသာပြုလော့ဟု ထာဝရဘုရားမိန့်တော်မူ၏။၁၄ အို ဖောက်ပြန် သော သူငယ်တို့ ပြန်လာကြလော့ (ဒီအရာကို နားဆင်ပါ) ဟုထာဝရဘုရားမိန့်တော်မူ၏။ ငါသည် သင်တို့ကို ရွံ့ရှာဘူးသော် လည်း (သူတို့မျက်လုံးသည် ကန်းကြပါ၏။ တပါးအမျိုးသားတို့အတွက် အခွင့်အရေးတရပ်ကို ရှိစေခြင်းဖြစ်သည်။ သို့သော် ပြန်လာမည်ဆိုပါက ကိုယ်တော်သည် သူတို့နှင့် ထိမ်းမြားဆောင်နှင်းဖို့ ပြုမည်ဖြစ်သည်။) သင်တို့ မြို့များထဲက တမြို့လျှင်လူတယောက် အမျိုးသားချင်းအစုစုထဲက တစုလျှင် လူနှစ်ယောက်ကို ရွေးယူ၍ ဇိအုန်မြို့သို့ ပို့ ဆောင်မည်။ ဂျူးလူမျိုးများကိုယ်တိုင် ဝင်ရောက်လာစေရုံမျှမက ရွေးကောက်တော်မူသောအုပ်စုကိုပါ ပါဝင်စေခြင်းဖြစ်သည်။ ယောသပ်ရောက်မလာသေးခင်အချိန်တွင် ညီငယ်ဘင်ဂျမင်လေးက ရောက်နှင့်နေပါတော့သည်။ ထိုအစုအဝေးသည် နိုင်ငံ တိုင်း၊ မြို့နယ်တိုင်း၊ မိသားစုတိုင်းမှ ထွက်ပေါ်လာပါမည်။ ၁၅ ငါသည် နှစ်ဘက်သောသူတို့ကို သင်းအုပ်အရာ၌ ခန့်ထား၍ သူတို့သည် ဉာဏ်ပညာနှင့်ပြည့်စုံလျက် သင်တို့ကိုအုပ်ကြလိမ့်မည်။ ၁၆ ထိုကာလတွင် သင်တို့သည် ပြည်တော်၌ တိုးပွား များပြားသောအခါ ထာဝရဘုရား၏ပဋိညာဉ်သေတ္တာတော်ဟူ၍ နောက်တဖန်မလုပ်ရဟု ထာဝရဘုရားမိန့်တော်မူ၏။

၁၇ ထိုအခါယေရုရှလင်မြို့ကိုထာဝရဘုရား၏ ပလ္လင်ဟူ၍ ခေါ်ကြလိမ့်မည်။ (ကိုယ်တော် ထိုအရပ်၌ရှိကြောင်း သိမြင်ရပါ မည်။) လူမျိုးအပေါင်းတို့သည်လည်း ထာဝရဘုရား၏နာမတော်ကို အမှီပြု၍ ထိုပလ္လင်သို့ စည်းဝေးကြလိမ့်မည် (ဟာလေလုယာ) နောက်တဖန်မိမိတို့၌ ဆိုးသောစိတ်နှလုံးခိုင်မာခြင်းသဘောသို့လိုက်၍ မကျင့်ရကြ။

77 ၇၇။ ထိုမြို့တော်သည် ဘိသိက်သွန်းခြင်းကိုခံရသောမြို့တော်ဖြစ်သည်။ ထိုဂျေရုရှလင်မြို့သစ်သည် ဘိသိက်သွန်း ခြင်းကို ခံရပါသည်။ နိုင်ငံတို့၏မြို့တော်ဖြစ်ပေမည် ... ဗျာဒိတ်ကျမ်းကိုကျော်သွားပါမည်။ အခန်းကြီးနှစ်ဆယ့်နှစ်ဖြစ်ပါသည်။ ထိုအရာက ဂိတ်တံခါးသည် ညအချိန်ဆိုသောအရပ်၌ တံခါးပိတ်ခြင်းမရှိဟု ဆိုထားပါသည်။ အဘယ်ကြောင့်ဆိုသော် ထိုနေ ရာ၌ ညမရှိခြင်းကြောင့် ဖြစ်သည်။ လောက၏ဘုရင်တို့သည် သူတို့၏ဂုဏ်အသရေရှိခြင်းနှင့် ဘုန်းထင်ရှားခြင်းကို ဤမြို့ တော်သို့ ဆောင်ယူလာမည်ဖြစ်သည်။ နံရံတို့ကို နဂါးဘွဲ့ကျောက်နှင့် ပတ္တမြားဖြင့် စီရင်လေသည်။ ကျောက်တစ် ဆယ့်နှစ်မျိုး၏ အသွေးအရောင်ရှိလေပြီ၊ ဂိတ်ဆယ့်နှစ်ဂိတ်ကို ပုလဲခဲနှင့်စီရင်ပါသည်၊ ဂိတ်တံခါးတခုချင်းစီကိုဖြစ်သည်။ ထိုအရပ်၌ ဖယောင်းတိုင်ဆိုသောအရာသည် မလိုအပ်ချေ ထိုအရပ်၌ နေ၏အလင်းဆိုသောအရာရှိမည်မဟုတ်ပါ။ သိုးသူ ငယ်တော်သည် မြို့အလယ်ခေါင်တည့်တည့်၌ ရှိတော်မူခြင်းကြောင့် ထွန်းလင်းခြင်း ရှိလေသည်။ ဦးဆောင်မှုပြု လေသည်။ ကိုယ်တော်သည် သူတို့လူမျိုးတို့ကို ထာဝရတည်ရာ အသက်ရှိရာသို့ ဦးဆောင်မှု ပြုလေသည်။ ထိုအရပ်၌ သစ်ပင်နှစ် ပင်ရှိလေသည်။ မြစ်၏ဘေးတဘက်တချက်တွင်ပေါက်ရောက်ရှင်သန်နေပါမည်၊ သူတို့သည် ... နိုင်ငံ၏အနာရောဂါငြိမ်း ခြင်းဖြစ်သည်။ ဘိသိက်သွန်းသောကိစ္စတခုသည် ပြည့်စုံလာပေမည်၊ သန့်ရှင်းသောမြို့တော်သည် ကောင်းကင်ဗိုလ်ခြေအ ရှင် ထာဝရဘုရား ထံမှ ဆင်းသက်လာခြင်းဖြစ်သည်။ ကမ္ဘာလောကသို့ သက်ရောက်လာပါသည်။

78 ၇၈။ ယခု ထိုအချိန်ကာလတွင် ဖြစ်ပျက်မည့်အရာများကို ဆောင်ယူကြပါမည်။ အို၊ အဲဒါကို သင်ကြိုက်နှစ်သက်ပါ သလား။ အခု တမိနစ်လောက် ဟေရှာယအနာဂတ္တိကျမ်း အခန်းကြီး ၆၅ ကိုသွားကြပါစို့။ (အဲဒီလို ကျော်လိုက်တာလည်း ကောင်းပါတယ်၊ အဲဒီလိုထားခဲ့လိုက်တာကလည်းကောင်းပါသည်၊ နည်းနည်းပူလို့ပါ၊ သို့သော် ထိန်းထိန်းသိမ်းသိမ်း ဆက်သွားကြပါမည်။) ဟေရှာယအနာဂတ္တိကျမ်း အခန်းကြီး၆၅ပါ၊ အခန်းငယ် ဆယ့်ခုနှစ်မှအစပြုပါမည်၊ ကြားနာမှုကိုပြုပါ။ အယောက်တိုင်း ယခု သေသေချာချာနေပါ။ အသန့်ရှင်းဆုံးအရာကို ဘိသိက်ပြုရာ အချိန်ကာလသည် ဤနှစ်တစ်ထောင် အုပ်စိုးခြင်းကာလ(မိလေနီကာလ)အတွင်း၌ ဖြစ်ပေမည်။ ၁၇ ကြည့်ရှုလော့။ မိုဃ်းကောင်းကင်သစ်နှင့်မြေကြီးသစ်ကိုငါဖန် ဆင်းမည်။ အရင်မိုဃ်းကောင်းကင်နှင့်မြေကြီးကို မအောက်မေ့ရ။ နှလုံးမမှတ်မိရ။ ၁၈ ငါ ဖန်ဆင်းလတ္တံ့အရာကြောင့် သင် တို့သည် အစဉ်အမြဲဝမ်းမြောက်ရွှင်လန်းကြလိမ့်မည်။ ယေရုရှလင်မြို့ကို ဝမ်းမြောက်စရာအကြောင်း မြို့သားတို့ကို ရွှင်လန်း စရာအကြောင်း ဖြစ်စေခြင်းငှာ ငါဖန်ဆင်း၏။ ဘယ်အရာကို ဘိသိက်ပေးပါသနည်း။ ဘုရားသခင်၏ဝမ်းမြောက်ခြင်းကိုဖြစ် သည်။ ‘ဂျေရုရှလင်၏ဝမ်းမြောက်ခြင်းကို ဖန်ဆင်း၏။ လူတို့၏ဝမ်းမြောက်စရာအကြောင်းကို ဖန်ဆင်း၏။ ဂျေရုရှလင်မြို့၌ ဝမ်းမြောက်ခြင်းရှိလေပြီ။’ - ဘုရင်၏အာဏာစက်တည်ခြင်းဖြစ်သည်။ လျို့ဝှက်နက်နဲသော တော်ဝင်နန်းအရိုက်အရာပင် တည်း၊ ထာဝရတည်သောနိုင်ငံတော်ပင်တည်း၊ လူတို့ကို ထာဝရတည်သော မြို့တော်၌ ထာဝရဝမ်းမြောက်စေခြင်း အကြောင်းကို ဖန်ဆင်းခြင်ပေတည်း။

အိုကျွန်တော်

'၁၉ ငါသည်လည်းယေရုရှလင်မြို့ကြောင့်ဝမ်းမြောက်မည်။ ငါ၏လူတို့ကြောင့် ရွှင်လန်းမည်။ ထိုမြို့၌ငိုကြွေးသံနှင့်အော် ဟစ်သံကိုနောက်တဖန်မကြားရ။ ၂၀ ထိုမြို့၌ အသက်ငယ်သောသူငယ်မရှိရ။ အသက်မပြည့်စုံသောလူအိုလည်းမရှိရ။ အသက်တရာရှိလျက် သေသောသူကို သူငယ်ဟူ၍မှတ်ရ၏။ ၂၁ အပြစ်ရှိသောသူသည် အသက်တစ်ရာရှိလျှက်သေလျှင် ကျိန်ခြင်းကို ခံရသောသူဟူ၍ မှတ်ရ၏။ ထိုသူတို့သည် ကိုယ်ဆောက်သောအိမ်၌ နေရကြလိမ့်မည်။ ကိုယ်စိုက်သော စပျစ်ဥယျာဉ်အသီးကိုစားကြလိမ့်မည်။ ၂၂ သူတို့သည် အိမ်ကိုဆောက်၍ အခြားသောသူနေရမည်မ ဟုတ် (ထိုအရာသည် သင်၏သေခြင်းဖြစ်၍ သူတို့သည် ကိုယ်ပြုစုသောအရာကို ကြာမြင့်စွာ သုံးဆောင်ရကြလိမ့်မည်။

၂၃ ငါရွေးကောက်သောသူတို့သည် အချည်းနှီးမလုပ်ဆောင်ရကြ။ အသက်တိုသောသားကိုမဘွားမြင်ရကြ။ ကိုယ်တိုင်မှစ ၍ အမျိုးအနွယ်တို့သည် ထာဝရဘုရားပေးတော်မူသော ကောင်းကြီးမင်္ဂလာကို ခံရသောသူဖြစ်ကြလိမ့်မည်။ (ခေရုဗိန်၏ နောက်၌ ဘုန်းကျက်သရေနှင့်ပြည့်စုံသော ဘိသိက်သွန်းလောင်းခြင်းရှိလေသည်။) ၂၄ ငါသည် သူတို့မခေါ်မီက ပင်ထူးမည်။ လျှောက်စဉ်တွင်ပင် ငါနားထောင်မည်။ ၂၅ တောခွေးနှင့်သိုးသူငယ်တို့သည် အတူကျက်စားကြလိမ့်မည်။ ခြင်္သေ့သည် နွား ကဲ့သို့မြက်ကိုစားရလိမ့်မည်။ မြွေမူကား မြေမှုန့်သာ စားရလိမ့်မည်။ ငါ၏သန့်ရှင်းသောတောင်တပြင်လုံး၌ အချင်းချင်း ညှင်းဆဲခြင်း ဖျက်ဆီးခြင်းကို မပြုရကြဟု ထာဝရဘုရားမိန့်တော်မူ၏။ (အဲဒါကို သင်မေ့သွားပြီမဟုတ်လား၊ မဟုတ်ပါဘူး။)

79 ၇၉။ ဒီနေရာကနေ တဖန်ဆက်တိုက်လှုပ်ရှားမှုပြုနေပါမည်။ ဟေရှာယက တဖန်အခန်းကြီး၁၁၊ အငယ် ၁ မှ ၉ အထိ ပြောထားပါသေးသည်။ မိန်းမကို သူမြင်ပြီးနောက် ရှုပါရုံကို သူပုံဖမ်းသောအချိန်အကြောင်း ဒီနေရာမှာ တဖန် သူပြောကြား ခဲ့ပါသည်။ နောက်ဆုံးသောနေ့ရက်ကာလ၌ လမ်းကြောင်းတခုကို လုပ်ဆောင်မှုပြုမည်ဖြစ်သည်။ အခု ဟေရှာအနာဂတ္တိကျမ်း ၁၁ မှ ၁ဆီသို့ သွားကြပါမည်။ ' ၁ ယေရှဲအမျိုးအငုတ်၌ အတက်ပေါက်လိမ့်မည်။ သူ၏အမြစ်တို့တွင် အညွန့်သည် အသီး သီးလိမ့်မည်။ (ဘယ်သူလဲဆိုရင်၊ ခရစ်တော်ဖြစ်ပါသည်။)၂ ထာဝရဘုရား၏ဝိညာဉ်တော်တည်းဟူသော ဉာဏ်ပညာကိုပေး သောဝိညာဉ် ကြံစည်တတ်စွမ်းနိုင်သော သတ္တိကိုပေးသောဝိညာဉ် ထာဝရဘုရားကိုသိ၍ ကြောက်ရွံ့နိုင်သောသတ္တိကိုပေး သောဝိညာဉ်သည် ထိုသူအပေါ်မှာ ကျိန်းဝပ်တော်မူလိမ့်မည်။ ၃ ထိုသူသည် ထာဝရဘုရားကို ကြောက်ရွံ့ခြင်း၌ မွေ့လျော် သည်ဖြစ်၍ မိမိမျက်စိမြင်သည့်အတိုင်း တရားမစီရင် မိမိနာကြားသည်အတိုင်း မဆုံးဖြတ်ဘဲ၊ ၄ ဆင်းရဲသားတို့၏အမှုကို တရားတော်အတိုင်းစီရင်၍ နှိမ့်ချသောမြေကြီးသားတို့ဘက်၌နေလျက် ဖြောင့်မတ်စွာဆုံးဖြတ်လိမ့်မည်။ ၅ တရားနှင့်သစ္စာ သည် သူ၏ခါးပန်းခါးစည်းဖြစ်လိမ့်မည်။ ၆ တောခွေးသည် သိုးသငယ်နှင့်အတူနေလိမ့်မည်။ ကျားသစ်သည် ဆိတ်သငယ် နှင့်အတူအိပ်လိမ့်မည်။ ၈ နို့စို့သူငယ်သည်လည်း မြွေဆိုးတွင်းပေါ်တွင် ကစားလိမ့်မည်။ နို့ကွာသောသူငယ်သည်လည်း မြွေ ဆိုးတွင်း၌မိမိလက်ကိုသွင်းလိမ့်မည်။ ၉ ငါ၏သန့်ရှင်းသောတောင်တပြင်လုံး၌ အချင်းချင်းညှင်းဆဲခြင်း၊ ဖျက်ဆီးခြင်းကို မပြု ကြရ။ အကြောင်းမူကား၊ ပင်လယ်ရေသည် မိမိနေရာကို လွှမ်းမိုးသကဲ့သို့ မြေကြီးသည်ထာဝရဘုရားကို သိကျွမ်းခြင်းပညာ နှင့်ပြည့်စုံလိမ့်မည်။

ထိုအရာသည် ဂျေရုရှလင်မြို့သစ်၌ရှိမည့် အရာပင်တည်း၊ ထိုအသစ်သောအရာသည် ...ဤနေရာရှိအခက်အဖြာဆိုသောအရာသည် ဒါဝိဒ်၏ဆွေစဉ်မျိုးဆက်ကို ရည်ညွှန်းပါသည်။ သူသည် ဆွေစဉ်မျိုးဆက်၌ ပါဝင်ရုံမျှမက သားမြေးစဉ်ဆက်လည်း ဖြစ်ပါသည်။

80 ၈၀။ ယခု၊ ဤသတို့သမီး တို့ပေါ်ပြီးနောက်အချိန်ဖြစ်ပါသည်။ သီတင်းခုနှစ်ဆယ်ကြာပြီးနောက်ဖြစ်သည်၊ ဗျာဒိတ်ကျမ်း အခန်းကြီး ဆယ့်ကိုးတွင် သတို့သမီးအကြောင်းကို တွေ့ရပါသည်။ အခန်းငယ် တစ်နှင့်အခန်းငယ် ဆယ့်ခြောက်ဖြစ်ပါသည်။ သူမသည် သတို့သမီးနှင့်ရောက်လာပါသည်။ အင်အားကြီးမြတ်သောဘုရင်မင်းမြတ်ဖြစ်လေသည်။ (အိုး၊ ကျွန်တော်၊ အဲဒီ အရာအားလုံးကို ကျွန်တော်တို့ ရသွားမည်၊ မရသွားမည်ကို ကျွန်တော်မသိရှိပါဘူး။ အဲဒါကိုရသွားမယ်ဆိုရင်ဖြင့် ...ဘယ်လို ပဲဖြစ်ဖြစ် ဤတစ်စိတ်တစ်ပိုင်းကိုလည်းဖတ်ကြပါမည်။) ဒီနေရာကတော့ သတို့သမီးရောက်လာမည့်နေရာဖြစ်ပါသည်။ ဤကိစ္စပြီးနောက်အရာကို သိမြင်ရပါမည်။ ထောင်စုနှစ်ကာလ(မိလေနိကာလ)ကို အစချီပြီးနောက် ခရစ်တော်သည် သူ၏ သတို့သမီးနှင့်ရောက်လာမည်ဖြစ်သည်။ မှန်ပါသည်။ အခန်းကြီးဆယ့်ကိုး တစ်မှ ဆယ့်ခြောက်အထိဖြစ်ပါသည်။ ဤအကြောင်းအရာများ ပြီးနောက် - ဤဒုက္ခဆင်းရဲခံရခြင်းကာလပြီးနောက် ဝမ်းနည်းပူဆွေးခြင်းကာလပြီးနောက် တံဆိပ် ခတ်ပြီးနောက် ရောဂါဘယများခံစားရပြီးနောက် ဝမ်းနည်းပူဆွေးခြင်းကာလပြီးနောက် တံဆိပ်ခတ်ပြီးနောက် ရောဂါဘယ များခံစားရပြီးနောက် စာတန်ကို ကျိန်ဆဲမှုပြုပြီးနောက် နှစ်တစ်ထောင်အုပ်စိုးခြင်း (ထောင်စုနှစ်ကာလ) မိလေနိကာလ ကုန် လွန်ပြီးနောက်တွင် ဖြစ်ပါမည်။ ... ကြည့်ပါ။

'၁ ထိုနောက်မှကောင်းကင်ဘုံ၌ စည်းဝေးသောသူအများတို့၏အသံကြီးကား ဟာလေလုယာ ငါတို့ဘုရားသခင်၏ကယ်တင် တော်မူခြင်း ချမ်းသာ၊ ဘုန်းအသရေတန်ခိုးတော်ပေတည်း။ ၂ စီရင်တော်မူခြင်းအရာတို့သည် ဟုတ်မှန်ဖြောင့်မတ်ကြ၏။ မိမိမတရားသောမေထုန်အားဖြင့် မြေကြီးကိုပုပ်ပျက်စေသော ပြည်တန်ဆာကြီးကို စစ်ကြောစီရင်တော်မူပြီ။ ကိုယ်တော်ကျွန် တို့၏ အသွေးကိုသူ၏လက်ဖြင့်သွန်းသောအပြစ်နှင့်အလျောက်ဒဏ်ပေးတော်မူပြီဟု ပြောဆိုကြသည်ကို ငါကြား၏။

၃ တဖန်တုံ၊ ဟာလေလုယာဟူ၍ငင်း သူ၏မီးခိုးသည် ကမ္ဘာအဆက်ဆက်တတ်သည်ဟူ၍ငင်းပြောဆိုကြ၏ (ထိုပြည့်တန် ဆာအိုကြီးကဲ့သို့ ဖြစ်သော အသင်းတော်၏အခိုးအငွေ့သည် တောက်လောင်လျက်ရှိပေသည်။) ၄ အသက်ကြီးသူနှစ်ဆယ် လေးပါးနှင့်သတ္တဝါလေးပါးတို့သည် ပြပ်ဝပ်၍ ပလ္လင်ပေါ်မှာ ထိုင်တော်မူသော ဘုရားသခင်ကိုကိုးကွယ်လျက်၊ အာမင်၊ ဟာလေလုယဟု လျှောက်ဆိုကြ၏။ ၅ ပလ္လင်ပေါ်က ထွက်သောအသံကား ဘုရားသခင်၏ကျွန်အပေါင်းတို့နှင့် ဘုရားသခင် ကို ကြောက်ရွံ့သောသူ အကြီးအငယ်အပေါင်းတို့ ငါတို့ဘုရားသခင်ကို ချီးမွမ်းကြလော့ဟု ဆိုသတည်း။

၆တဖန်တုံ၊ ဟာလေလုယာ။ အနန္တတန်ခိုးနှင့်ပြည့်စုံတော်မူသော ထာဝရအရှင်(ကြားနာမှုကိုပြုပါ၊ ဤနေရာ၌ရှိသောသင် တို့သည် အသင်းတော်ဖြစ်ပါသည်။ ထို့နောက် သူမသည် အခန်းကြီးဆုံးသို့ရောက်ရှိလာပါသည်။ သူမရောက်လာပြီကို သိမြင် ရပါမည်၊

အခန်းငယ်ခြောက်ဖြစ်ပါသည်။) ငါတို့ဘုရားသခင်သည် စိုးစံတော်မူ၏။ (ဟာလေလုယာ၊ ကြည့်ရှုမှုပြုပါ။ ယခု မင်္ဂ
ဆောင်မည့်ဆိုသူငယ်ရောက်ရှိလာပါပြီ။ သူမ ဒီနေရာကို ရောက်လာပါပြီ) ၇ ငါတို့သည်ဝမ်းမြောက်ရွှင်လန်းကြကုန်အံ့၊
ဂုဏ်တော်ကိုချီးမွမ်းကြကုန်အံ့အကြောင်းမူကား၊ သိုးသူငယ်၏ မင်္ဂလာဆောင်ပွဲကိုခံချိန်ရှိပြီ။ သူ၏မိန်းမသည် ကိုယ်ကိုတန် ဆာဆင်ပြီဟု
စည်းဝေးသောသူအများတို့၏အသံ၊ သမုဒ္ဒရာသံ၊ ပြင်းစွာသောမိုဃ်းကြိုးသံကဲ့သို့ ငါကြား၏။ (ဒီနေရာမှာ သူမ ထွက်ပေါ်လာပါသည်။
သတို့သားကော၊ သတို့သမီးပါ ထွက်ပေါ်လာပါသည်။) ၈ ထိုမိန်းမသည် စင်ကြယ်ပြောင်လက်သော ပိတ်ချောကို ဝတ်ဆင်ရသောအခွင့်ကိုရ၏။
ထိုပိတ်ချောမူကား၊ သန့်ရှင်းသူတို့၏ ဖြောင့်မတ်ခြင်းကိုခံရသောသူတို့သည် မင်္ဂလာရှိကြ၏ဟုရေးထားလော့ဟူ၍၎င်း၊ ဤစကားသည်
ဘုရားသခင်၏နှုတ်တော်ထွက်စင်စစ်ဖြစ်၏ဟူ၍၎င်း ငါ့အားပြောဆို ၏။ ၁၀ ငါသည် ထိုသူကို ကိုးကွယ်ခြင်းငှာ သူ၏ခြေရင်း၌ ပြပ်ဝပ်၏။
သူကလည်းမပြုပါနှင့်။ ငါကား သင်၏လုပ်ဘော်ဆောင် ဘက်ဖြစ်၏။ ယေရှု၏သက်သေခံတော်မူချက်ကို ဆောင်သောသင်၏ညီအစ်ကိုတို့၏
လုပ်ဘော်ဆောင်ဘက်လည်းဖြစ်၏။ ဘုရားသခင်ကို ကိုးကွယ်လော့။ အကြောင်းမူကား၊ ပရောဖက်ဟောသောစကားချက်သဘောတည်း
ယေရှု၏သက်သေဖြစ် သတည်းဟုငါ့အားပြောဆို၏။ ၁၁ ထိုအခါ ကောင်းကင်ဘုံဖွင့်လှစ်လျက်ရှိသည်ကို ငါမြင်လျှင် မြင်းဖြူရှိ၏။ (အို၊
ကျွန်တော်) မြင်းစီးသောသူသည် သစ္စာဟူသောအမည်၊ သမ္မာဟူသောအမည်ရှိသတည်း။ ထိုသူသည် တရားသဖြင့်စီရင်တတ်၏။

၁၂ တရားသဖြင့်စစ်တိုက်တတ်၏။ မျက်စိတော်သည် မီးလျှံကဲ့သို့ဖြစ်၏။ ခေါင်းတော်ပေါ်၌ သရဖူများကိုဆောင်း၏။ (ကိုယ်တော်က
ဘယ်လိုသရဖူကိုဆောင်းပါသလဲ။ ဘုရင်တကာတို့၏ဘုရင်ဖြစ်တော်မူခြင်းသရဖူကို ဆောင်းပါသည်။) ကိုယ်တိုင်မှတပါး၊ အဘယ်သူမျှ
မသိသောနာမတော်သည် ရေးထားလျက်ရှိ၏။ ၁၄ ကောင်းကင်ဗိုလ်ခြေတို့သည် မြင်းဖြူကို စီးလျက် စင်ကြယ်သောပိတ်ချောဖြူကိုဝတ်လျက်၊
နောက်တော်သို့လိုက်ကြ၏။ (ဘုန်းထင်ရှားလေပြီ၊ ဤနေရာသို့ ကိုယ်တော်ကြွချီတော်မူပါပြီ) ၁၅ လူမျိုးတို့ကို ဒဏ်ခတ်စရာဘို့၊
ထက်သန်သောသန်လျက်သည် ခံတွင်းတော်ထဲက ထွက်၏။ သူတို့ကိုသံလှံတံနှင့်အုပ်စိုးတော်မူမည်။ အနန္တတန်ခိုးနှင့်ပြည့်စုံတော်မူသော
ဘုရားသခင်၏ဒေါသအမျက်တော်၏ စပျစ်သီးနယ်ရာ တန်ဆာကိုဖိနင်းတော်မူမည်။ ၁၆ ဘုရင်တို့၏ဘုရင်၊ သခင်တို့၏သခင်ဟု
ဘွဲ့နာမတော်သည် အဝတ်တော် ၌၎င်း၊ ပေါင်တော်၌၎င်း ရေးထားလျက်ရှိ၏။

81 ၈၁။ ဘာဖြစ်ပါသလဲ၊ ကိုယ်တော်၏လူမျိုးတော်က ဘုရင်တကာတို့၏ဘုရင်၊ သခင်တကာတို့၏သခင်ဆိုသော သရဖူကို
ဆောင်းပေးကြခြင်းဖြစ်သည်၊ ကိုယ်တော်၏သန့်ရှင်းသောဗိမာန်တော်ဆီသို့ ကြွလာတော်မူပါမည်၊ ဘုရားသခင်၏ဖြစ်တည် တော်မူခြင်း၌
ဘိသိတ်သွန်းမှုပြုပါသည်၊ ကိုယ်တော်၏အသင်းတော်နှင့်တကွ မိလေနိကာလ(နှစ်တထောင်အုပ်စိုးခြင်း ကာလ) တောက်လျှောက်
အသက်ရှင်ခြင်းအလို့ငှာနှင့် နိုင်ငံတော်တည်ထောင်ရန် အလို့ငှာဖြစ်သည်။ အာမင်။ အင်အားကြီး မြတ်သော ဘုရင်မင်းမြတ်နှင့်အတူ
ထွက်ပေါ်လာသောအရာမှာ သူ၏ဘေးတော်၌ အသင်းတော်(သတို့သမီးကို)ကိုနေရာချ ခြင်းဖြစ်သည်။ အသစ်သောတော်ဝင် ဗိမာန်တော်ကို
ဘိသိက်သွန်းလောင်းခြင်းပေတည်း။ ယခုအရာများမှာ ဗျာဒိတ်ကျမ်း ၆း၁ မှ ဗျာဒိတ်အခန်းကြီး ၁၉း၂၁ အထိ
ခေါက်လိပ်ထားသောရည်ရွယ်ချက်ခြောက်ချက် ပြည့်စုံခြင်းပေတည်း။ နားထောင်မှု ကိုပြုပါ။

82 ၈၂။ ယခု အပိတ်ဖြစ်ပါသည်။ တံဆိပ်ခုနစ်ချက်၊ တံဆိပ်ခုနစ်ချက်၊ တံပိုးခုနစ်လုံး၊ အမျက်တော်ဖလားခုနစ်လုံး ဒုက္ခဆင်း ရဲခြင်း သုံးပါး၊
နေ၌ရှိသောမိန်းမ၊ မကောင်းမှု သို့မဟုတ် နဂါးအနီကို ကျိန်ဆဲခြင်းဆိုသောကိစ္စရပ်များသည်၊ ဤအချိန်နာရီ များအတွင်း ရောက်ရှိလာပါမည်၊
ကြီးစွာသော ဒုက္ခဆင်းရဲခြင်းကာလ၌ ဖြစ်သည်။ ထိုအရာကို မမေ့လျော့ပါနှင့်။ ဤအချိန် နာရီ၌ အလုံးစုံသောအရာများ ဖြစ်ပျက်လာပါမည်။
သို့သော် ဒီနေရာကတော့ ကြွလာတော်မူခြင်း၏ခေါက်လိပ်ထားသော ရည်ရွယ်ချက်ခြောက်ချက်ပဲဖြစ်ပါသည်။ အဲဒါကို သင်ယုံကြည်ပါသလား။
ဘုရားသခင်အားချစ်မြတ်နိုးသူများအဖို့၊ ဘုန်းအသ ရေနှင့်ပြည့်စုံသော အချိန်ကာလတခုကိုသိုလှောင်သိမ်းဆည်းရာဌာန၌
တည်ရှိစေတော်မူပါသည်။ ကျွန်တော် သင့်ကိုပြောပါ မည်၊ သူငယ်ချင်းတို့၊ ထိုအရာကို မေ့ပျောက်ဖို့ရာ ကျွန်တော်တို့
ကြိုးစားအားထုတ်နိုင်မည်မဟုတ်ပါ။ သင်လုပ်ရမည့်အရာ ဘာပဲဖြစ်ဖြစ် မေ့မပစ်လိုက်ပါနှင့်။ သေချာပါသည်။

83 ၈၃။ ယခု၊ နောက်တပတ်တနင်္ဂနွေနေ့ဖြစ်ပါသည်။ အကယ်၍ ဘုရားသခင်၏အလိုတော်ဖြစ်မယ်ဆိုရင် ကျွန်တော် ပစပ္ပုန် ကာလကို
အလိုရှိပါသည်။ ကိုယ်တော် ကျွန်တော်ကို အကူအညီပေးမည်ဆိုပါက ထိုနေ့ရက်ခုနစ်ရက်တိုင်းစီ၏ အတိအကျရှိ ရာအရပ်ကို
ဖော်ပြစေလိုပါသည်။ သူတို့ဖြစ်ပွားရာအရပ်ဖြစ်သည်။ ယနေ့ ကျွန်တော် လုပ်ဆောင်ခဲ့သလို တူညီသောအရာ များဆောင်ယူလာခဲ့ပါပြီ၊
ထိုအချိန်နာရီ ခုနစ်ခုကို နေရာချပါမည် ... သီတင်းခုနစ်ဆယ်ဖြစ်သည်။ ....ဂျူးတို့၏ သန့်ရှင်းရာဌာနတော် နေရာ၌
သီတင်းခုနစ်ဆယ်ဆိုသောအရာ ရှိနေပါသည်။ ကျွန်ုပ်တို့အဆုံးသတ်နေရာ၌ အသက်ရှင်နေရ ကြောင်းကို အတိအကျ
ဖော်ပြနေသောအရာဖြစ်ပါသည်။ ဘုရားသခင်၏အလိုတော်အတိုင်းပဲဖြစ်သည်။

84 ၈၄။ ကိုယ်တော်ကို သင်ချစ်ပါသလား။ ကောင်းကင်ကို မေ့ပစ်ဖို့ သင်အားထုတ်မှုပြုနိုင်ပါမည်လော။ ကျွန်ုပ်တို့သည်
နောက်ဆုံးသောအချိန်၌ ရောက်နေရပါသည်။ ကိုယ်တော်ကြွလာတော်မူ၍ အဘယ်အမှုကို ဆောင်ရွက်ပါမည်နည်း။ ကနဦး
ဖြစ်ပျက်မည့်အရာမှာ အဘယ်နည်း။ ယေရှုကမ္ဘာလောကသို့ ပထမဦးဆုံး ကြွလာတော်မမူမီ ဖြစ်ပျက်မည့်အရာမှာ အဘယ် နည်း။
အသင်းတော်က ဘာဖြစ်လာမည်နည်း။ ချီဆောင်ခြင်းဖြစ်ပျက်ပါမည်။ ယေရှုသည် ကမ္ဘာပေါ်သို့ ကြွလာတော်မူကာ သချိုင်းများတဝိုက်
လမ်းလျှောက်မှုကိုပြု၍ ဖေဖေ၊ မေမေတို့နှင့် လက်ဆွဲနှုတ်ဆက်မှုပြုပါ မည်လော၊ ဒီနေရာရှိ လူအားလုံးကို စကားပြောမှုပြုပါမည်လော။
လျှောက်သွားတော်မူပါမည်လော။ မဟုတ်ပါဘူး။ ဘယ်လို ဖြစ်လာပါသနည်း။ ဘုရားသခင်၏ နှုတ်ကပတ်တော်အားဖြင့်
ကျွန်တော်တို့သင့်အား ဤကိစ္စကိုပြောပါမည်။ ကျွန်ုပ်တို့ အသက်ရှင် ကြွင်းကျန်ရစ်နေပြီဆိုသော အရာဖြစ်သည်။ (သက်သာလောနိသြဝါဒစာ
ဒုတိယစာစောင် အခန်းကြီး ၄း ဖြစ်ပါသည်။) ကျွန်ုပ်တို့အသက်ရှင်ရမည် ဆိုသောအကြောင်းနှင့် ဘုရားသခင်၏ကြွလာတော်မူခြင်း၌
ကြွင်းကျန်ရစ်မည်ဆို သောအရာဖြစ်သည်။ တားမြစ်ပိတ်ပင်မှုရှိ မည်မဟုတ်ပါ၊ ဂိုက်မြည်းအိပ်ပျော်နေခြင်းကို ကာကွယ်ရပါမည်။
ဘုရားသခင်၏ တံပိုးခရာသည် အသံမြည်လာမည်ဖြစ် သည်။ ကနဦးခရစ်တော်၌ သေလွန်သူတို့သည် ထမြောက်ကြမည်ဖြစ်သည်။
ကျွန်ုပ်တို့အသက်ရှင်ခြင်းအကြောင်းနှင့် ကျန်ကြွင်းသူတို့ကို သူတို့နှင့်အတူတကွ စုသိမ်းမှုပြုလျက် ဘုရားသခင်နှင့်လေပေါ်မှာ

ဆုံတွေ့ကြရမည်ဖြစ်သည်။ ခဏအ တောအတွင်း ကျွန်ုပ်တို့သည် စုသိမ်းခြင်းကိုခံရကာ မျက်စိထဲ၌ လျက်တပြက်တောက်ပခြင်း ရှိပေမည်။ ထိုအချိန် နာရီအတွင်း ......အသင်းတော်ခေတ်ကာလတို့သည်ကုန်ဆုံးသွားပေမည်။

ထို့နောက် ဤကမ္ဘာလောကသို့ ဆင်းကြွတော်မူသော ဘုရားသခင်သည် ဂျူးတို့နှင့်စတင်၍ ဖောက်ကားရောင်းဝယ်မှုပြုပေ မည်။

85 ၈၅။ အဲဒီမှာ ပရောဖက်နှစ်ပါးရှိပါမည် (အခန်းကြီးဆယ့်တစ်ဖြစ်ပါသည်၊ အဲဒါကို ကျွန်တော်တို့ ကောက်ကိုင်လိုက်ကြပါ စို့) ဧလိယနှင့် မောရှေကဲ့သို့သော ပရောဖက်နှစ်ပါးကို ဘီသိက်မြှောက်ပါမည်။ အဲဒီပုဂ္ဂိုလ်မျိုးတွေဟု ကျွန်တော်ထင်ပါသည်။ ကြီးစွာသော ကျိန်ဆဲခြင်းကို သူတို့ယူဆောင်လာပါမည်။ သူတို့သည်တွေ့မြင်ရပြီးနောက် သူတို့၌ စုစည်းခိုင်မာခြင်းရှိပေမည်။ ရောမမြို့သည် ပဋိညာဉ်ကို ချိုးဖောက်မှုပြုမည်ဖြစ်သည်။ ( ထိုမင်းသားကချိုးဖောက်ပါမည်။) သီတင်းခုနစ်ဆယ်၏ အလယ် ခေါင်ကျသော အချိန်နာရီတည့်တည့်၌ ရောမမြို့နှင့် ပဋိညာဉ်ပြုသောအရာကို ချိုးဖောက်မှုပြုမည်ဖြစ်သည်။ ရောမမြို့..... သို့မဟုတ်ရောမမြို့သည် ဣသရေလနှင့်ပြုသောပဋိညာဉ်ကို ဖောက်ဖျက်မှုပြုပါမည်။ ထိုအရာသည် စက်ဆုပ်ရွံရှာဖွယ် သောအရာတို့ကို အစပြုရန်ပျံ့နှံ့ခြင်းရှိလေသည်။ ကြီးစွာသောရေကြီးခြင်းသည် ပေါ်ထွန်းလျက် တပါးအမျိုးသားတို့သည် ကြွင်းကျန်ခြင်းရှိလေပြီ။ အပျိုစင်များကတော့ အိပ်ပျော်လျက်ရှိသည်... နဂါးသည်(ရောမမြို့)ဘုရားသခင်၏ဗျာဒိတ်တော်၌ သိမ်းဆည်းထားသော ကြွင်းကျန်ရစ်သည့်မိန်းမ၏မျိုးစေ့ဖြင့် စစ်တိုက်မှုပြုရန် သူ့ပါးစပ်မှာရေကို ပန်းထုတ်မှုပြုလေသည်။ ရောမမြို့သည် ထိုသို့ဆောင်ရွက်မှုပြုပါမည်။

86 ၈၆။ အသင်းတော်၏မဟာမိတ်ဖွဲ့သောအမှုအရာဖြင့် သူတို့နှင့်အတူတကွ စုစည်းခိုင်မာမှုကိုဖြစ်စေပါမည်။ ဤသို့မဟာ မိတ်ဖွဲ့သောအမှုအရာကို ဂျူးတို့၌ ဖြစ်ပွားစေပါမည်၊ သူတို့၏ကိုယ်ပိုင် ဝတ်ပြုရာဗိမာန်တော်နေရာဆီသို့ သူတို့ကို တဖန် ဆောင်ယူမှုပြုမည်ဖြစ်သည်။ အဲဒီမှာ ....ဒါကြောင့် ဘုရားသခင် မိန့်တော်မူခဲ့ပါသည်။ သမ္မာကျမ်းစာမှထုတ်ပေါ်သောအရာ ဖြစ်သည်။ သူတို့သည် ကိုယ်ပိုင် အသင်းတော်ကို ပိုင်ဆိုင်ကြရမည်ဆိုသောအရာဖြစ်သည်။ အခု သူတို့ဘာလုပ်နေပါသလဲ (အခု အဲဒါကို ကျွန်တော် ဖမ်းထားပါမည်၊ ထိုအရာသည် လတ်ဆတ်မှုရှိပါသည်။) အခု သူတို့က နိုင်ငံတနိုင်ငံကို အသိအမှတ်ပြုခဲ့ကြပါသည်။ အဲဒါ ဟုတ်ပါသလား။ သို့သော် အခုထိတိုင် သူတို့မှာ ဗိမာန်တော်ဟူ၍ မရှိသေးပါ။ သူတို့ ဝတ် ပြုရာနေရာကို တည်ထောင်မှုပြုစဉ်၊ အသင်းတော်သည် ပျောက်သွားပါလိမ့်မည်။ ဘုရားသခင်သည် ဂျူးတို့ကို နိုင်ငံတနိုင်ငံ အဖြစ် ပေါင်းကူးဆက်နွယ်မှုပြုပါသည်။ သူတို့သည် ဤသို့သော မဟာမိတ်ဖွဲ့ခြင်းကို ဆောင်ရွက်မှုပြုစဉ် ရောမမြို့သည် အနှစ်ခုနစ်ဆယ်၏အလယ်တည့်တည့်ကျသော အခွင့်ကာလ၌ ပဋိညာဉ်ဖောက်ဖျက်မှုကို ပြုပါမည်၊ - သုံးနှစ်ခွဲကြာသောအ ချိန်၌ဖြစ်သည်။ သူတို့နှင့်ပြုသောပဋိညာဉ်ကို ဖောက်ဖျက်မှုပြုပါမည်၊ စက်ဆုပ်ရွံရှာဖွယ်သောအရာသည် ပျက်ဆီးဆုံးရှုံးမှုကို ဖြစ်စေလျက်၊ ဆုံးခန်းတိုင်မှုကို နှံ့ပြားစေမည် ဖြစ်သည်။ ထို့နောက် ပရိတက်စတန်နှင့် ဂျူးတို့ကို သိမ်းယူလျက်၊ သူတို့အား ညှင်းဆဲနှိပ်စက်မှုကိုပြုပါသည်။ ထိုအချိန်နာရီ၌ ပရောဖက်နှစ်ပါးသည် မတ်တပ်ရပ်လျက် ကမ႓ာမြေကြီးကို ကျိန်ဆဲမှုပြုပါ မည်။ ပရောဖက်တို့၏နေ့ရက်ကာလ၌ မိုးရွာသွန်းခြင်းရှိမည်မဟုတ်ပေ။ သူတို့သည် ကောင်းကင်မှမီးကျခြင်းကို ခေါ်ဆိုကြ ပေမည်။ အရာအားလုံး ဖြစ်ပျက်လာပါမည်။ သင်စောင့်ဆိုင်းမှုကို ပြုပါ။ ကျွန်ုပ်တို့ သင်ယူစရာအဖို့ ဤနေရာ၌ သိုလှောင်ထား သော များစွာသောအရာများကို ကျွန်ုပ်တို့ ပိုင်ဆိုင်ရပါမည်။

87 ၈၇။ အို၊ ကျွန်တော်သည် ကြီးမြတ်သောဘုရားတစ်ဆူဖြစ်ပါသည်။ ဂရုဏာ်တော်နှင့်ပြည့်စုံသော ခမည်းတော်ဘုရားဖြစ် သည်။ သူငယ်ချင်းတို့ သင်တို့သင်းအုပ်ဆရာတယောက်အဖြစ် ဤအရာကို ကျွန်တော်အား ပြောပြမှုပြုပါ။ သင်၏အသက်ရှင် ရသောကိစ္စသည် အခွင့်အရေးတရပ်ဖြစ်သည်ကို သင်နားလည်သဘောပေါက်ခြင်းမရှိပါ။ သင်သဘောပေါက်နားလည်ခြင်း မရှိပါ။ ထိုနေရာမှာ နှစ်ကာလများစွာက သေလွန်ခဲ့သည့် ကြီးမြတ်သောပုဂ္ဂိုလ်များ၊ သူတော်စင်များစွာထောင်သောင်းချီသော သန့်ရှင်းသူတွေရှိနေပါသည်၊ သင်အသက်ရှင်ရာ ဤနေ့ရက်ကာလ၌ ဝိညာဉ်တော်နှင့်ပြည့်ဂသော လူတို့၏မေတ္တာရှိခြင်းကို မြင်ရစရာအကြောင်းရှိပါသည်။ ထိုအရာ၏အကျိုးရှိမှုကို သင်နှင့်ကျွန်ုပ် ယူဆောင်ကြပါမည်။

ကျွန်တော်တို့ ကြည့်စရာအကြောင်း ဘာရှိနေပါသေးသနည်း။ ဒီအရာပြီးရင် ကျွန်တော်တို့ ဘယ်အရာကိုဆောင်ရွက်နိုင်ပါသ နည်း။ ကျွန်ုပ်တို့ ဘယ်ကိုသွားကြပါမည်နည်း။ ဘာတွေဖြစ်ပျက်လာကြပါမည်နည်း။ ကျွန်တော်တို့ တနေရာရာကို သွားဖို့ တော့ရှိပါသည်။ ဒီနေရာမှာ သင်ရှိနေလို့ မရနိုင်ပါဘူး။ သင်၏မြက်များကို ပုံထားလို့ရပါသည်၊ နောက်တပတ်မှာ ထိုအရာကို ကောက်ရိုးပုံပြန်ဖြစ်စေဖို့လိုပါသည်။ ဟုတ်ပြီ၊ ထိုအချိန်မကျရောက်မီနှစ်ဆသောအရာကို ဖြစ်စေရပါမည်။ သင်ဟာ သင့်သားသမီးတွေကို ချီးမြှောက်မှုပြုရပါမည်။ သူတို့အတွက် ညစာကို သင်ကျွေးမွေးရပါမည်၊ ညလည်စာအတွက် သူတို့တ ဖန် ဆာလောင်နေပါမည်။ ညလည်စာကို သူတို့အားကျွေးမွေးမှုပြုရပါမည်၊ နောက်တနေ့မနက်ခင်းမှာ သူတို့တဖန်မွတ်သိပ် လာပါဦးမည်။ သူတို့အတွက် သင်ဟာဖိနပ်များကို ဝယ်ပေးရပါမည်။ သူတို့က ကျွန်တော်ဥစ္စာကို ကြိုက်တယ်ဆိုရင် နှစ်လ သုံးလလောက်ကြာရင် သူတို့အတွက် အခြားဖိနပ်တစ်ရံကို သင်ဝယ်ပေးရပါဦးမည်။ သူတို့ကို သင်ဟာ ဤဒီလမှာ အဝတ်အ စားတွေဝယ်ပေးရပါဦးမည်။ တစ်လ နှစ်လလောက်ကြာရင် အဝတ်အစားသစ်တွေကို သူတို့အတွက်ဝယ်ပေးရပါဦးမည်၊ သိ မြင်ပါသလား။ ဘယ်အရာမှ ဆက်တိုက်ဖြစ်မနေပါ။ ဘယ်အရာမှ တည်မြဲမနေပါ၊ ဘယ်အရာမှ ရပ်တည်မနေနိုင်ပါ။ ဤလောက၏ အချည်းနှီးသက်သက်သော ချမ်းသာမှုများကို တပ်မက်မှုမရှိပါနှင့်။ ထို့ကြောင့် ထိုအရာသည် အလျင်အမြန် ပုပ်ပျက်တတ်သောအရာများဖြစ်ပါသည်။ ထာဝရတည်မည့်အရာများအပေါ်တွင် သင်၏ယုံကြည်ခြင်းကို တည်ဆောက်ပါ။

ထိုအရာများသည် ဘယ်တော့မှ အဝေးသို့ထွက်ခွာသွားမည်မဟုတ်ပါ။

အချိန်နာရီသည် အလျင်အမြန် ကူးပြောင်းခြင်းနှင့်အတူ ပြည့်စုံသွားပေလိမ့်မည်။

ကမ္ဘာလောက၌ မရှေ့မလျား တည်ရှိနေနိုင်သောအရာ ဘာတခုမှမရှိပေ။

သင့်၏မျှော်လင့်ခြင်းကို ထာဝရတည်သောအရာပေါ်တွင် ဘာတခုမှမရှိပေ။

သင့်၏ မျှော်လင့်ခြင်းကို ထာဝရတည်သောအရာပေါ်တွင် တည်ဆောက်ပါ။

(ပြောင်းလဲခြင်းမရှိပါ) မပြောင်းလဲနိုင်သော ဘုရားသခင်၏ လက်တော်ကို ကိုင်စွဲမှုပြုပါ။ ( စွဲကိုင်မှုပြုပါ)

(ပြောင်းလဲခြင်းမရှိပါ) မပြောင်းလဲနိုင်သော ဘုရားသခင်၏ လက်တော်ကို ကိုင်စွဲမှုပြုပါ။ (စွဲကိုင်မှုပြုပါ)

(ပြောင်းလဲခြင်းမရှိပါ) မပြောင်းလဲနိုင်သော ဘုရားသခင်၏ လက်တော်ကို ကိုင်စွဲမှုပြုပါ။ (စွဲကိုင်မှုပြုပါ)

ထာဝရတည်သောအရာပေါ်တွင် သင်၏ မျှော်လင့်ခြင်းကို တည်ဆောက်မှုပြုပါ။

ပြောင်းလဲခြင်းမရှိသော ဘုရားသခင်၏ လက်တော်ကို ကိုင်စွဲမှုပြုပါ။

ကြားနာပါ။

ကျွန်ုပ်တို့၏ လမ်းခရီးသည် ပြည့်စုံသွားသောအချိန် ရောက်ရှိနေပါပြီ။

(ထိုအရာဖြစ်ပျက်သွားမည့်အရာကို ကိုယ်တော် ကျွန်ုပ်တို့အား သိရှိစေပါမည်)

(မြို့တော်ကို ဘိသိက်ပေးတော်မူပါ)

ကျွန်ုပ်တို့၏ နှစ်သက်ဖွယ်ရာ ဝိညာဉ်များသည် တွေ့မြင်ကြပါသည်။

(မြို့တော်ကို ဘိသိက်ပေးတော်မူပါ၀

ကျွန်ုပ်တို့၏ နှစ်သက်ဖွယ်ရာ ဝိညာဉ်များသည် တွေ့မြင်ကြရပါသည်။

ပြောင်းလဲခြင်းမရှိသည့် ဘုရားသခင်၏ လက်တော်ကိုစွဲကိုင်မှုပြုပါ။

ပြောင်းလဲခြင်းမရှိသ့် ဘုရားသခင်၏ လက်တော်ကိုစွဲကိုင်မှုပြုပါ။

သင်၏ မျှော်လင့်ခြင်းကို ထာဝရတည်သောအရာများပေါ်တွင် တည်ဆောက်မှုပြုပါ။

ပြောင်းလဲခြင်းမရှိသည့် ဘုရားသခင်၏ လက်တော်ကို စွဲကိုင်မှုပြုပါ။

ဤလောက၏ အချည်းနှီးသော ကြွယ်ဝခြင်းများကို တပ်မက်ခြင်းမရှိပါနှင့်။

ထိုအရာများသည် အလျင်အမြန် ပုတ်ပျက်သွားမည့်အရာများဖြစ်ပါသည်။

ထာဝရတည်သောအရာပေါ်တွင် သင်၏ မျှော်လင့်ချက်ကို တည်ဆောက်မှုပြုပါ။

ထိုအရာများသည် ဘယ်သောအခါမှ အဝေးသို့ လွင့်စင်သွားမည့်အရာများမဟုတ်ပါ။

ပြောင်းလဲခြင်းမရှိသည့် ဘုရားသခင်၏ လက်တော်ကို စွဲကိုင်မှုပြုပါ။

ပြောင်းလဲခြင်းမရှိသည့် ဘုရားသခင်၏ လက်တော်ကို စွဲကိုင်မှုပြုပါ။

ထာဝရတည်သောအရာများပေါ်တွင် သင့်၏ ယုံကြည်ခြင်းကို တည်ဆောက်မှုပြုပါ။

ပြောင်းလဲခြင်းမရှိသည့် ဘုရားသခင်၏ လက်တော်ကို စွဲကိုင်မှုပြုပါ။

ကျွန်ုပ်တို့ ခေါင်းကိုငုံ့ကြပါမည်၊ ကိုယ်တော်လက်ကို သင်ဘယ်သောအခါမှ စွဲကိုင်မထားပါက၊

အခု သင်လာရောက်လို့ရမှာ မဟုတ်ပါဘူး

ပြောင်းလဲခြင်းမရှိသည့် ဘုရားသခင်၏ လက်တော်ကို စွဲကိုင်မှုပြုပါ။

ထာဝရတည်သောအရာများပေါ်၌ သင့်၏ ယုံကြည်ခြင်းကို တည်ဆောက်ပါ။

ပြောင်းလဲခြင်းမရှိသော ဘုရားသခင်၏ လက်တော်ကို စွဲကိုင်မှုပြုပါ။

88 ၈၈။ မိန်းမငယ်လေး၊ ယခု သင်ဟာလှပတဲ့မိန်းကလေးဖြစ်ပါသည်။ သင့်ဆံပင်လေးတွေက လှပပါသည်၊ သင့်ပါးမို့မို့က နှင်းဆီရောင်သန်းနေပါသည်။ သို့သော် သင်သိပါတယ်၊ မနက်ဖြန်ရောက်လာရင်တော့ သူတို့သည် အဝေးမှာ သွေ့ခြောက်သွားရမှာပဲဖြစ်ပါတယ်၊ နောက်တပတ်ရောက်ရင်တော့ အဲဒီလှပတဲ့ နှင်းဆီရောင်ပါးပြင်လေးတွေကို မြေကြီးထဲက ပိုးကောင် များကပင် စားသုံးမှုပြုတော့မည် မဟုတ်ဆိုသောအရာကို ကျွန်ုပ်တို့မည်သို့ သိနိုင်ပါမည်နည်း။ ငယ်ရွယ်သောညီအစ်ကိုတို့ သင်တို့ဟာ သန်မာ-ကြီးထွားတဲ့ ကြွက်သားတွေကို ပိုင်ဆိုင်ကြပါတယ်။ သင်တို့မှာ ကြီးကြီးမားမား မျှော်လင့်ချက်ကြီးတွေ ရှိနေပါတယ်၊ သို့သော် အဲဒီအချိန်ပြီးနောက်မှာတော့ မနက်ဖြန်ရောက်ရင်တော့ လှပတဲ့ဆံပင်အခွေလေးက လျော့ကျသွားပါ မည်၊ ဘာကျန်ခဲ့မလဲဆိုရင်

ဆံပင်ဖြူတွေသာကျန်ရစ်နေပါတော့မည်။ သူတို့ရဲ့ကြီးမားပြီး ဖြောင့်မတ်တဲ့ ပုခုံးသားတွေဟာ ကွေးညွတ်ကျသွားပါမည်၊ ပိုးရွများဟာ သူတို့၏လက်မောင်းများနှင့် အသားများကို စားသောက်ကြပါမည်၊ သူတို့ဟာ သင့်ကို မြေကြီးထဲမှာ ထုတ်ပိုးပြီး ထည့်လိုက်ပါတော့မည်။

......................

ထာဝရတည်သောအရာများပေါ်တွင် သင့်၏မျှော်လင့်ချက်ကို တည်ဆောက်ပါ။

ထိုအရာတို့သည် ဘယ်တော့မှအဝေးတွင် ပျောက်ကွယ်သွားမည်မဟုတ်ချေ၊

ပြောင်းလဲခြင်းမရှိသည့် ဘုရားသခင်၏လက်တော်ကို စွဲကိုင်မှုပြုပါ။

ဘုရားသခင်ကို ဆုပ်ကိုင်ထားပါ။ (အဲဒီလို သင်မရောက်ရှိနိုင်ဘူးလား၊ အခု ကိုယ်တော်၏ လက်တော်ကို

ဆွဲကိုင်ထားလို့မရဘူးလား)

သင်၏ယုံကြည်ခြင်းကို ထာဝရတည်သောအရာများပေါ်တွင် တည်ဆောက်မှုပြုပါ။

ပြောင်းလဲခြင်းမရှိသော ဘုရားသခင်၏လက်တော်ကို ဆုပ်ကိုင်ထားပါ။

ထို့နောက်တွင် ဤလမ်းခရီးသည် အဆုံးသတ်သွားပါလိမ့်မည်။

(တနေ့နေ့တွင် ဖြစ်လာပါမည်)

ကိုယ်တော်ရှင်သည် သမ္မာတရားဖြစ်မည်ဆိုပါက

ဘုန်းတော်ဖြင့် ကျွန်ုပ်၏နေအိမ်ကိုလုပစွာ ထွန်းတောက်စေတော်မူပါ။

ကျွန်ုပ်တို့၏နှစ်သက်ဖွယ်ရာဝိညာဉ်များသည် တွေ့မြင်ကြရပါမည်။

(ဘာဖြစ်လို့သင်မလုပ်ပါသလဲ) ပြောင်းလဲခြင်းမရှိသော ဘုရားသခင်၏လက်တော်ကိုစွဲကိုင်မှုပြုပါ၊

ပြောင်းလဲခြင်းမရှိသော ဘုရားသခင်၏လက်တော်ကို စွဲကိုင်မှုပြုပါ။

သင်၏မျှော်လင့်ချက်ကို ထာဝရတည်သောအရာများပေါ်တွင် တည်ဆောက်မှုပြုပါ။

ပြောင်းလဲခြင်းမရှိသော ဘုရားသခင်၏လက်တော်ကို စွဲကိုင်မှုပြုပါ။

89 ၈၉။ များစွာသောမြင်ကွင်းများကို ကျွန်တော်မြင်ခဲ့ရပါသည်။ စာရေးစားပွဲ၏နောက်မှာ လုပသောအနှစ်သုံးဆယ့်တစ်နှစ် နီးပါးရှိနေပါသည်၊ ကျွန်တော်ဟာ ဝမ်းနည်းဖွယ်မြင်ကွင်းကို တွေ့မြင်ခဲ့ရပါသည်။ ကျွန်တော်ဟာ ဘုန်းအသရေရှိသောမြင် ကွင်းကို တွေ့မြင်ခဲ့ရပါသည်၊ ကျွန်တော် အသက်တာတွင် ဝမ်းနည်းတကားဝမ်းနည်းဖွယ်ရာအကောင်းဆုံးအရာကို တွေ့မြင် ခဲ့ရပါသည် - လမ်းမပေါ်မှာ အအေးဒါဏ်ခံနေရတဲ့ ကလေးအများကြီးကို ကျွန်တော်အများကြီးမြင်တွေ့ခဲ့ဖူးပါသည်၊ ပေါင်မုန့် အပိုင်းအစတခုအတွက် တောင်းရမ်းနေသော မိခင်များကို ကျွန်တော်အများကြီးမြင်တွေ့ခဲ့ဘူးပါသည် - ဝမ်းနည်းတကာ့ ဝမ်းနည်းဖွယ်ရာ အကောင်းဆုံး လူတယောက်ကိုအမြဲတွေ့မြင်ခဲ့ရပါသည်၊ လူသားမျိုးနွယ်ဟူသည် ဘုရားသားသမီးအဖြစ် သာ ရှိသင့်ရှိထိုက်ပါသည်။ ဘုရားသခင်ကို မသိရှိဘဲ သေဆုံးနေကြရပါသည်။

90 ၉၀။ တနေ့ညက ဤအသင်းတော်၏တံခါးဝ၌ အမျိုးသမီးတယောက် မတ်တပ်ရပ်နေသည်ကို ကျွန်တော် သတိရမိပါသည်၊ ကျွန်တော်ကို ရယ်နေပါသည်၊ ‘ကျွန်တော့်နွားကို ကျွန်တော်ပိုင်ဆိုင်သည့် ဘာသာရေးမျိုးပေးမည်မဟုတ်ပါ။’ ဟု ပြောပါ သည်။ တစ်နာရီမပြည့်ခင် ကျွန်တော်ဆေးရုံကို အကြောင်းကြားလိုက်ပါသည်။ လှပတဲ့အမျိုးသမီးတယောက်ဖြစ်ပါတယ်။ အသက်နှစ်ဆယ့်နှစ်နှစ်လောက်သာ ရှိပါဦးမည်။ သူမအော်ဟစ်မြည်တမ်းနေပါသည်၊ ‘အဲဒီတရားဟောဆရာကို ဒီကိုလာခိုင်း’ ဟူ၍ဖြစ်သည်။ သူမဟာ ကက်သလစ်ဘာသာလဝင် ဖြစ်သည်ဟုကျွန်တော်ထင်ပါသည်။

ကျွန်တော်သူမထံ လှမ်းလျှောက်သွားစဉ်၊ ညီမငယ်တယောက်က ပြောပါသည်။ ‘သင်နောက်ကျသွားပြီ၊ ကိုဘရမ်ဟမ်။ သူမ လွန်ခဲ့တဲ့ ငါးမိနစ်လောက်ကပဲဆုံးသွားပြီ’ ဟုပြောပါသည်။ ကျွန်တော်က ‘သူမကို ကျွန်တော်ကြည့်လို့ရမလား’ ဟု မေးလိုက်ပါသည်။

သူမက သင့်အား အော်ဟစ်မှုပြုသွားခဲ့ပါတယ်၊ နောက်ဆုံးစကားက၊ ‘အဲဒီ ဘရမ်ဟမ်ဆိုတဲ့တရားဟောဆရာကို ဒီလာခိုင်း လိုက်’ ဆိုတာပဲဖြစ်တယ်ဟု ပြောပြပါသည်။

သူမခင်ပွန်းလည်း အလူးအလဲငိုကြွေးနေပါသည် ‘သူမအတွက် တယောက်ယောက် ဆုတောင်းပေးကြပါ၊ ဆုတောင်းပေး မည့်သူတဦးတလောက်’ ဟု ဆိုပါသည်။

ကျွန်တော်က ‘အရမ်းနောက်ကျသွားပြီ’ ဟု ဆိုလိုက်ပါသည်။ ကျွန်တော် အလောင်းကို အုပ်ပေးလိုက်ပါသည်။ သူမမှာ ကြီးမားတဲ့မျက်လုံးအညိုကြီးတွေပိုင်ဆိုင်ပါသည်၊ လှပတဲ့အမျိုးသမီးတယောက်ဖြစ်ပါတယ်၊ သူမမျက်နှာပေါ်မှာ တင်းတိပ် တွေက

အနည်းငယ်ဖျက်ထားပါသည်။ နီညိုရောင်ဆံပင်တို့က အရမ်းဆွဲဆောင်မှုရှိပါသည်။ ဝက်ခြံဖုကို သူမျက်နှာပေါ်မှာ တင်းတိပ်တွေထွက်ပေါ်လာသည့်တိုင် သူ့ဒုက္ခဆင်းရဲခံခဲ့ရပေမည်၊ သူမမျက်လုံးမျကားက မျက်စိခွက်ကပြူးထွက်နေပါ သည်။ အဲဒီလိုမျိုးဖြစ်နေတယ်။ သူမရဲ့အူတွေနှင့်ကျောက်ကပ်ဟာ အမုန်တကယ်အလုပ်လုပ်လာပါသည်၊ အဲဒီထဲမှာဆိုရင် ... သူတို့သေသလိုမျိုးအယောက်စီတိုင်းက ပြုမူနေကြပါသည်။ သူမကလည်း ထိုသို့သောအခြေအနေမျိုးဖြင့် လဲနေခြင်းဖြစ်ပါ သည်။ သူမပါးစပ်ပွင့်လာပါသည်။ သူမ၏ညိုနေသော မျက်ခွံ့ဟာတဝက်ပိတ်သွားပါသည်။ ထိုအရာကို ကျွန်တော် ဘယ်တော့မှမမေ့ပါဘူး။ ကျွန်တော်စိတ်ဝယ် ဂုဏ်တော်ချီးမွမ်းမိပါသည်။

ဤလောက၏ အချည်းနှီးသောကြွယ်ဝခြင်းများကို တပ်မတ်ခြင်းမရှိပါနှင့်။

91 ၉၁။ သေသွားပြီဖြစ်တဲ့ ပေါ့ဖယ်တာဆိုသူ၏ဘေး၊ ဤနေရာ၌ ကျွန်တော်မတ်တပ်ရပ်ခဲ့ဖူးပါသည်။ သူတို့က ကျွန်တော်ကို ထိုသူ၏ဘေးသို့ ခေါ်သွားခြင်းကြောင့်ဖြစ်သည်၊ တစ်ညက ဒီတရားဟောစင်မြင့်မှာ ကျွန်တော် သူနှင့်အတူဆုတောင်းမှုပြုစဉ် အခါ သူ့လက်မောင်းက အမျိုးသမီးတယောက်နားတင်ထားပါသည်။ ကျွန်တော်က ‘သူ့လက်မောင်းကို အမျိုးသမီးနားက ရုတ်လိုက်ပါ’ ဟု ကျွန်တော်က ပြောခဲ့ပါသည်။

သူက ‘ကျွန်တော်ကသူမကို ဘုရားသခင်ဆီ ခေါ်သွားပေးမလို့ပါ’ ဟု ပြောပါသည်။

ကျွန်တော်က ‘သင့်လက်ကို သူမထံမှ မရုတ်သေးဘူးလား၊ အဲဒီလို အတင်းအကျပ်ပုံစံမျိုးကို ကျွန်တော် မယုံကြည်နိုင်ဘူးဖြစ် နေတယ်’ ဟုပြောလိုက်ပါသည်။ သူက ကျွန်တော်ကို စိတ်ဆိုးပြီး ဆောင့်အောင့်ကာ တံခါးဝမှထွက်သွားပါသည်။ ခဏကြာ တော့ သူသေတော့မယ့်အချိန် ကျွန်တော်သူ့ဆီသွားပါသေးသည်။ သူက ကျွန်တော့်မျက်နှာကိုလှမ်းကြည့်ပြီး၊ ‘ကျွန်တော် အတွက် ဆုမတောင်းပေးနဲ့၊ ဘရာသာ၊ဘေး။ ကျွန်တော် ဆုံးရှုံးနေရပါပြီ၊ ကျွန်တော်သွားရတော့မယ်၊ ကျွန်တော်ကြိုးစားအား ထုတ်သမျှ အမြဲဆုံးရှုံးနေရပါသည်။’ ဟု ပြောပါသည်။

92 ၉၂။ အဲဒီထောင့်နားမှာ ကျွန်တော် အမုန်မတ်တပ်ရပ်ခဲ့ပါသည်။ တစ်နေ့က ဒီနေရာနားမှာ အပိုင်းအစလေးတွေရှိနေခဲ့ပါ သည်။ သူသေသွားတဲ့အခါ လူတယောက်က ကျွန်တော်ကို သူ့ဘေးမှာခေါ်ထားပါသည်။ သူက ‘ကျွန်တော် အမြဲတမ်း အဲဒီလို-အဲဒီလို-အဲဒီလို ဖြစ်စေလိုပါသည်’ ဟုပြောပါသည်။ သူက ‘သို့သော်ကျွန်တော် ဘုရားသခင်ကို ဘယ်တော့မှ အမှု တော်ဆောင်နိုင်မှာမဟုတ်ပါဘူး အချိန်များစွာ ကျွန်တော်ဟာ ပလ္လင်တော်အမှုကို ဆောင်ရွက်ကြည့်ခဲ့ဖူးပါသည်၊ သူက ’ဘရာသာဘရမ်ဟမ်ရေ၊ ဘုရားသခင်ဟာ ကျွန်တော်သမီးလေးအတွက် အိမ်ကိုဆောက်တော်မူမည့်အကြောင်း ကျွန်တော် ဆုတောင်းခဲ့ဖူးပါသည် ... ကျွန်တော်ဆောင်ရွက်ခဲ့ဖူးသည့်အကြောင်းကိစ္စများဖြစ်ပါသည်။ဘုရားသခင်အတွက် သူမတခုခု ဆောင်ရွက်ကောင်းဆောင်ရွက်နိုင်ပါသည်။‘ ဟု ပြောခဲ့ပါသည်။ ကျွန်တော်က ’အဲဒါမလုပ်နိုင်ပါဘူး၊ ညီအစ်ကိုရေ။ သင် လုပ်ဆောင်မယ့်အရာမှန်သမျှဆုံးရှုံးစရာကြီးပါပဲ ‘ ဟု ပြောခဲ့ပါသည်။

93 ၉၃။ လူကဝမ်းနည်းနေပါသည်၊ သူဟာ မကောင်းဆိုးဝါးနဲ့ နှစ်ဆယ့်လေးနာရီပတ်လုံး နပန်းလုံးနေသည်ကို တွေ့မြင်နေ ပါသည်။ မကောင်းမှုသည် သူ့ဘေးတွင်ရပ်နေကြောင်းနှင့် သူ့လည်ပင်းနားတဝိုက် သံကြိုးနှင့်ရစ်ပတ်ထားကြောင်းကို ပြော ခဲ့ပါသည်။ ‘သူတို့၌ရှိတဲ့အရာများ ငါ့ထံသို့မကပ်နှင့်’ ဟု အော်ဟစ်နေပါသည်။ အိပ်ယာထဲမှာ သူ့ကိုချုပ်ထားကြပါသည်။ ‘အဲဒီမှာရပ်နေ၊ သင်အဲဒါကို မမြင်နိုင်ဘူးမဟုတ်လား။ အဲဒါပြီးရင် ကျွန်တော်ဆီရောက်လာတော့မည်။’ ဟု ပြောနေပါသည်။ ဘုရားသခင်ထံ၌ အပ်နှံမှုပြုမထားသော ကာလရှည်ကြာစွာရှိပြီးဖြစ်သည်။ ကြီးမားသောစပါးကျီ၌ မြက်ခြောက်များပြည့်နေပါ သည်။ ဂျုံစပါးများပြည့်နေပါသည်၊ ပြိုင်မြင်းကောင်းများရှိနေပါသည်။ ဘုရားသခင်၏ မျက်နှာတော်ကို ကိုုန်ဆဲမှုမပြုမှီ တစ်နှစ် လောက် သူ့မိန်းမကို ဘုရားကျောင်းသွားခြင်းအတွက် ရိုက်နှက်ခဲ့ဖူးပါသည်။ ဘာဖြစ်တာလဲဆိုတာ သင်သိပါသလား။ သူ့ စပါးကြီးက မီးလောင်ပြာကျ၍ သူ့မြင်းတွေအသတ်ခံခဲ့ရပါသည်။ သူ့မြတ်ခြောက်တွေမီးစွဲသွားပါသည်။ ထိုလူဟာ စကာလုံး တမျိုးမျိုးဖြင့် သေဆုံးနေခဲ့ခြင်းဖြစ်၍ မကောင်းမှုတို့သည် သူ့အားတိုက်ခိုက်မှုပြုနေခြင်းဖြစ်သည်။

94 ၉၄။ ကျွန်တော်၏ သူငယ်ချင်းဟောင်းများ (ဘုန်းတော်ဖြင့်၊ ဟိုးအနားမှာမတ်တပ်ရပ်နေကြပါသည်)

လမ်းတို့၏ အဆုံးသတ်ရောက်ရှိလာပါပြီ၊ ကျွန်တော်က ‘အဖေ သင်သွားမလို့လား’ ဟု မေးလိုက်ပါသည်။

‘ဒါကဒီလိုရှိတယ်၊ ဘီလီရေ’ လို့ပြောပါသည်။

‘အဲဒါဘယ်လိုရှိလဲ’ ဟု ကျွန်တော်ကမေးလိုက်ပါသည်။

သူက ‘အားလုံးကောင်းပါတယ်’ဟု ပြောပါသည်။ ‘ကလေးတွေအားလုံးကို အိပ်ယာဘေးနားကိုခေါ်လာပါ။’ ဟု ပြောပါ သည်။ သူက သူ့ရဲ့ချိနဲ့နေတဲ့လက်များကို ကလေးအယောက်စီတိုင်းပေါ်တင်ပြီး၊ ကောင်းချီးပေးပါသည်။ သူ့သားနှစ် ယောက်ကို ပြောပါသည်။ ‘ငါ့လက်နှစ်ဖက်တွဲကျနေပြီး၊ ကောင်းချီးပေးပါသည်။ ယောရှုနဲ့ကာလက်ကို ငါ့လက်တွေကို မြှောက်ပေးစမ်းပါ။’ ဟု ပြောပါသည်။

သူအဲဒီလိုပြောသွားတာကို ကျွန်တော်တို့ အံ့သြမိပါသည်။ သူက ပြောပါသည်

ပျော်စရာကောင်းတဲ့နေ့ ပျော်စရာကောင်းတဲ့နေ့ ဖြစ်ပါသည်။

ယေရှုကျွန်ုပ်အပြစ်ကို အဝေး၌ ဆေးကြာမှုပြုခဲ့စဉ်ကတည်းကဖြစ်သည်။

ကိုယ်တော်က မည်သို့မည်ပုံ ကြည့်ရှု၍ ဆုတောင်းရမည်ဆိုခြင်းကို သင်ကြားပေးခဲ့ပါသည်။

ရှင်သန်ရာနေ့ရက်တိုင်းသည် ပျော်ရွှင်စရာကောင်းပေသည်။

ကျွန်တော်မှာ အချို့ကိစ္စတွေ ရောက်လာစရာအကြောင်းရှိပါသည်။ ဘယ်သူမဆို ကောင်းမွန်တဲ့အစားအစာကို စားလိုကြပါ သည်။ ကောင်းမွန်တဲ့ကားအကောင်းစားကို စီးလိုကြပါတယ်၊ ကျွန်ုပ်တို့လုပ်နိုင်တာထက် အကောင်းဆုံးသောအစာကို စားလို ကြပါသည်။ ကျွန်တော်သင့်ကိုအပြစ်မတင်လိုပါဘူး၊ မှန်ပါတယ်၊ ဘုရားသခင် သင့်ကို ထိုအရာတွေရှိစေလိုပါသည်၊ သို့သော် .....

ဤလောက၏အချည်းနှီးသော ကြွယ်ဝခြင်းများကို တပ်မက်ခြင်းမရှိပါနှင့်။

ထိုအရာတို့သည် အလျင်အမြန် ပျက်စီးသွားမည့်အရာများဖြစ်ပါသည်။

သင်တို့၏မျှော်လင့်ချက်ကို ထာဝရတည်သောအရာပေါ်တွင် တည်ထားလော့။

ထိုအရာတို့သည် အလျင်အမြန် ပျက်စီးသွားမည့်အရာများဖြစ်ပါသည်။

သင်တို့၏မျှော်လင့်ချက်ကို ထာဝရတည်သောအရာပေါ်တွင်တည်ထားလော့။

ထိုအရာတို့သည် ဘယ်တော့မျှအဝေးကို လွှင့်စင်သွားမည်မဟုတ်ပါ။

ကျွန်ုပ်တို့ ဂုဏ်တော်ချီးမွမ်းစဉ်၊ ကျွန်ုပ်တို့၏လက်များကို မြှောက်ထားကြပါစို့။

ဘုရားသခင်၏ပြောင်းလဲခြင်းမရှိသောလက်တော်ကို စွဲကိုင်မှုပြုပါ။

ဘုရားသခင်၏ပြောင်းလဲခြင်းမရှိသောလက်တော်ကိုစွဲကိုင်မှုပြုပါ။

သင်တို့၏မျှော်လင့်ခြင်းကို ထာဝရတည်သောအရာ၌ တည်ဆောက်မှုပြုပါ။

ပြောင်းလဲခြင်းမရှိသည့် ဘုရားသခင်၏လက်တော်ကို စွဲကိုင်မှုပြုပါ။

95 ၉၅။ ကျွန်ုပ်တို့ မတ်တပ်ရပ်မှုပြုစဉ်၊ အနီးနားတဝိုက် လှည့်၍၊ ယခု တယောက်လက်ကိုတယောက်ဆွဲ၍နှုတ်ဆက်ကြပါ မည်။ ဝတ်ပြုကိုးကွယ်မှုပြုစဉ် အချိန်ခဏအတောအတွင်း ကျွန်တော်ဆက်သွားကြပါမည်။ သို့သော် ကျွန်တော်တို့ထိုသီးချင်း စာပိုဒ်၏နောက်အပိုဒ်ကို သီဆိုမှုပြုစဉ်၊ ဘေးဘီလှည့်၍နှုတ်ဆက်မှုပြုလိုပါသည်။

ပြောင်းလဲခြင်းမရှိသည့် ဘုရားသခင်၏လက်တော်ကို စွဲကိုင်မှုပြုပါ။

(အဲဒီလိုလုပ်ပါ၊ သင်တို့၊ အဲဒီလိုပြုမူပါ၊ မိခင်တို့)

ပြောင်းလဲခြင်းမရှိသော ဘုရားသခင်၏လက်တော်ကို စွဲကိုင်မှုပြုပါ။

(ထိုသို့ပြုပါ၊ ဆယ်ကျော်သက်တို့၊ ထိုသို့ဆောင်ရွက်ပါ။ သမီးငယ်တို့၊ ထိုသို့ပြုပါ၊ ညီအစ်ကိုတို့)

သင်၏မျှော်လင့်ခြင်းကို ထာဝရတည်ဆောက်သောအရာပေါ်၌ တည်ထားပါ။

ပြောင်းလဲခြင်းမရှိသော ဘုရားသခင်၏လက်တော်ကို စွဲကိုင်မှုပြုပါ။

96 ၉၆။ ကိုယ်တော်အတွက် ဝမ်းမြောက်ခြင်း သင်မဖြစ်ဘူးလား။ 'အာမင်' ဟုပြောပါ၊ အားလုံးကိုယ်တော်ကိုချစ်ကြပါ၏။ 'ဘုရားသခင်အားဂုဏ်တော်ချီးမွမ်းပါ၏။' ဟုဆိုပါ။ ထိုမြို့၏လေးဘက်လေးတန်သို့ သင်ရောက်ရှိမည်ဖြစ်ကြောင်း အားလုံး ယုံကြည်ကြပါသည်။ သင်တို့၏လက်ကိုမြှောက်ထားပါ။ (အို၊ တမိနစ်လောက် သင်နှင့်သီချင်းဆိုပါမည်)

ထိုလှပသောမြို့တော်အတွက် ကျွန်တော်ဝန်းရံထားပါသည်။

(အခု ဘယလို သွားပါမည်နည်း)

ဘုရားသခင်သည် သူပိုင်သောအရေအတွက် ကြိုတင်ပြင်ဆင်မှုပြုလေပြီ

ခေတ်ကာလအားလုံး၏အလုံးစုံသော ကယ်တင်ရာအရပ်ဖြစ်ပေသည်။

ပလ္လင်ဖြူနားတဝိုက် အသရေရှိသော ဂုဏ်တော်ကို ကျူးဧကြေလေသည်။

တခါတရံ ကောင်းကင်အိမ်ကိုလွမ်းဆွတ်သည့် ရောဂါကျွန်ုပ်၌တလေပြီ

ထိုနေရာ၌ ဘုန်းကျက်သရေ ထွန်းလင်းခြင်းကို ကျွန်ုပ်မြင်ရလေသည်။

ဝမ်းမြောက်ခြင်းရှိလေပြီ၊

ကျွန်ုပ်၏ကယ်တင်ရှင်ကို ဖူးမြင်ရလေပြီ။

ရွှေသားဖြင့်ပြီးသော လှပသောရွှေမြို့တော်၌ဖြစ်သည်။

အဲဒါကိုသင်မနှစ်သက်ဘူးလား

ထိုလှပသောမြို့တော်ကို ကျွန်တော်ဘောင်ခတ်မှုပြုပါသည်

ကျွန်ုပ်၏ဘုရားသခင်သည် သူပိုင်သောအရာအတွက် ကြိုတင်ပြင်ဆင်မှုကိုပြုလေပြီ၊

ခေတ်ကာလအားလုံးအတွက် အလုံးစုံသော ပြန်လည်ရွေးကောက်ရာအရပ်ဖြစ်ပေသည်။

ပလ္လင်ဖြူနားတဝိုက် အသင်ရရှိသော ဂုဏ်တော်ကို ကျူးဧနေကြပေသည်။

အို၊ တခါတရံ ကောင်းကင်အိမ်ကို လွမ်းသောစိတ်ကျွန်ုပ်၌ တိုးပွားခြင်းရှိလေသည်။

ထိုအရပ်၌ ဝမ်းမြောက်ခြင်းကို ကျွန်ုပ်ရှုမြင်ရလေပြီ၊

ဝမ်းမြောက်ခြင်းရှိလေပြီ။

ကျွန်ုပ်၏ကယ်တင်ရှင်ကို ဖူးမြင်ရသောအချိန်ကာလဖြစ်သည်။

ဘုရားသခင်၏လှပသောထိုရွှေမြို့တော်၌ဖြစ်သည်။

ကိုယ်တော်ကို သင်မချစ်ဘူလား။ အဲဒီနောက် ...

သင်နှင့်အတူ ယေရှုခရစ်တော်၏နာမကို ယူတင်ဝတ်ဆောင်မှုပြုပါမည်။

ကလေးတယောက်၏ ဝမ်းနည်း၊ ပူဆွေးမှုများသည်

ဝမ်းမြောက်ခြင်းနှင့်အဆင်ပြေချောမွတ်မှုကို သင့်အားဆောင်ကျဉ်းပေးပါမည်။

အဲဒီနောက် ထိုအရာကို ယူဆောင်ပါမည်၊ သင်သွားရာနေရာသို့ဖြစ်သည်။

အဖိုးထိုက်သောနာမတော်ပင်တည်း (အဖိုးထိုက်သောနာမဖြစ်ပါသည်)

အို မည်မျှလောက်ချိုမြိန်ပါသနည်း။

လောက၏မျှော်လင့်ခြင်းနှင့် ကောင်းကင်၏ဝမ်းမြောက်ခြင်းဖြစ်ပါသည်။

အဖိုးထိုက်သော နာမတော်ပင်တည်း (အဖိုးထိုက်သောနာမတော်ဖြစ်ပါသည်)

အိုမည်မျှ ချိုမြိန်ပါသနည်း။

ယခု၊ နောက်တပတ်တရက်နေ့မနက် ၉း၃၀ ဖြစ်သည်ကို မမေ့ကြပါနှင့်၊ အဲဒီနောက်ကျွန်တော်တို့ ကြိုးစားကြပါမည်၊ ဘုရားသခင်၏အလိုတော်အတိုင်း တောက်လျှောက်အချိန်ယူခဲ့ပါပြီ၊ မကျန်းမာခြင်းအတွက် ဆုတောင်းပေးဖို့ရှိပါသည်။ နောက်တပတ်တနင်္ဂနွေနေ့မနက် ၉း၃၀ဖြစ်ပါသည်။

ယေရှုခရစ်တော်၏နာမတော်ကို ဦးညွတ်ကြပါစို့။

ကိုယ်တော၏ခြေရင်း၌ ဦးညွတ်ပြပ်ဝပ်ကြပါစို့။

ကျွန်ုပ်တို့သည်ကိုယ်တော်အား ကောင်းကင်ဘုံ၌ ဘုရင်တကာတို့၏ဘုရင်ဆိုသောသရဖူကိုဆောင်ပေးကြပါမည်။

ကျွန်ုပ်တို့၏ခရီးစဉ်မှာ ပြီးဆုံးသွားပါပြီ။

တန်ဖိုးရှိသောနာမတော်ပင်တည်း၊ (အဖိုးထိုက်သောနာမတော်ပင်တည်း)

ဤအပိုဒ်ငယ်ကို နားထောင်မှုပြုပါမည်။

ယေရှုခရစ်တော်၏နာမတော်၌ ပတ်ရစ်ကြပါစို့။

ကျော့ကွင်းတိုင်းအတွက် ကွယ်ကာရာဖြစ်ပေသည်။

စုံစမ်းသွေးဆောင်ခြင်းများက သင့်အနားစုရုံးလာစဉ်အခါ

သန့်ရှင်းသောနာမတော်မြတ်၌ ဆုတောင်း၍ ရှုတ်ချဖြတ်တောက်မှုကိုပြုပါ။

(ထိုအရာသည် အမှုပြုမည်ဖြစ်သည်)

အဖိုးထိုက်သောနာမတော်ဖြစ်၍ (တန်ဖိုးရှိသောနာမတော် ဖြစ်ပါသည်)

အိုမည်မျှချိုမြိန်လှပါသနည်း( အိုဘယ်လောက်ချိုမြိန်လှပါသနည်း)

ကမ္ဘာလောက၏ မျှော်လင့်ခြင်းဖြစ်၍ ကောင်းကင်၏ ဝမ်းမြောက်ခြင်းပေတည်း။

တန်ဖိုးရှိသောနာမတော်ဖြစ်သည် (အဖိုးတန်သောနာမတော်ပင်တည်း)

အို မည်မျှချိုမြိန်လှပါသနည်း။

မြေကြီး၏ မျှော်လင့်ခြင်းနှင့် ကောင်းကင်၏ ဝမ်းမြောက်ခြင်းပေတည်း။

အခု၊ ကျွန်တော် သင်းအုပ်ထံသို့ ဝတ်ပြုခြင်းအစီအစဉ်ကို အပ်ပါသည်၊ ဘရာသာနတ်ဖေးက နိဂုံးချုပ်စကားကို ဆိုပါမည်။ ဘာလိုပဲဖြစ်ဖြစ် သူပြောပါလိမ့်မည်။

www.messagehub.info

ဒေသနာ ဝေငှသူ

**ဝီလီယမ်မာရီယမ် ဗရမ်ဟမ်**

'… နေ့ရက်များ၏ ကြွေးကြော်သံ … ' (ဗျာဒိတ် ၁၀:၇)